ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (25-10-2015) (၈၁၆၄)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည့် အကြိမ်(၇၀) မြောက် ကုလသမဂ္ဂနေ့အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ မိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အဖွဲ့ကြီး၏ အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၁၉၄၅ ခုနှစ်၊ ယနေ့ကဲ့သို့ အချိန်မျိုးတွင် ကုလသမဂ္ဂပဋိညာဉ်ကို ကနဦးအဖွဲ့ဝင် ၅၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အချိန်မှစ၍ ကုလသမဂ္ဂအဖွဲ့ကြီး တရားဝင် ပေါ်ပေါက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ယုံကြည်မှုနှင့် မျှော်မှန်းမှုဆိုင်ရာ မူဝါဒများအပေါ် ကတိကဝတ်ပြုလျက် ၁၉၄၈ ခုနှစ်တွင် ၅၈ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ကုလသမဂ္ဂသို့ ဝင်ရောက်ခဲ့ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတို့ကို နိုဝင်ဘာ ၁၆ ရက်တွင် ပြန်လည်ကျင်းပမည်**

လွှတ်တော်ကြေညာချက်များ၊ စာမျက်နှာ -၃

# ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကန်ဒေါ်လာ ၂၈ သန်း ဂျာမနီနိုင်ငံ ပံ့ပိုးကူညီမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်မြို့ရှိ ဂျာမနီသံရုံး၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂျာမနီနိုင်ငံက ငွေကြေးနှင့် နည်းပညာအကူအညီ အမေရိကန်ဒေါ်လာ ၂၈ သန်း ပံ့ပိုးကူညီမည်ဖြစ်ကြောင်း Dealstreetasia.com တွင် ရေးသားထားသည်။ ဂျာမနီနိုင်ငံ၏ ရန်ပုံငွေထောက်ပံ့ပေးမည့် စီမံကိန်းများတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရထားတွဲပြင်အလုပ်ရုံနှင့် ဘိန်းစိုက်ပျိုးမှုဒဏ်ခံခဲ့ရသော ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များ၌ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအပြင် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ယူရို ၂၅၀၀၀၀ တန်ကြေးရှိ အရေးပေါ်ကယ်ဆယ်ရေး စားနပ်ရိက္ခာများလည်းပါဝင်သည်။ ကျေးလက်ဒေသမီးလင်းရေးအစီအစဉ်အရ အိမ်တိုင်းစေ့ လျှပ်စစ်မီးရရှိရေး တိုးမြှင့်လုပ်ဆောင်ရန် ချေးငွေယူရို ၁၃ ဒသမ ၇ သန်း ထောက်ပံ့သွားမည်ဖြစ်သည်။

အမျိုးသားလျှပ်စစ်မီးလင်းရေးစီမံချက် (National Electricity Plan) အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ နည်းပညာအကူအညီပေးရန် ယူရို ၂ ဒသမ ၅ သန်း ပေးအပ်မည်ဖြစ်သည်။ ထို့အပြင် စွမ်းဆောင်ရည်မြှင့်တင်မှု၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကြံ့ကြံ့ခံနိုင်မှုနှင့် ရေထွက်လယ်ယာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များသို့ ယူရို ၂ ဒသမ ၅ သန်းပံ့ပိုးကူညီရန်လည်း ဂျာမနီအစိုးရက ကတိပြုခဲ့ကြောင်း သိရသည်။ **(သုတ)**

**ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ရေဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွားအပျော်စီးသင်္ဘောဖြင့် လည်ပတ်**

စာမျက်နှာ - ၃

**သရက်ပင်ဆည်နှင့် ဘုန်းကြီးကန် ပြန်လည်တူးဖော်ခြင်းကြောင့် ဒေသခံများ စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အဆင်ပြေတော့မည်**

စာမျက်နှာ - ၁၀



ကြေးမုံစာတည်းရှုထောင့် ၂၅-၁၀-၂၀၁၅၊ တနင်္ဂနွေနေ့

# ပတ်ဝန်းကျင်ကိုထိန်းသိမ်း

ရေအရင်းအမြစ်နှင့် မြစ်ချောင်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မ ၃၆(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဆိုပါဥပဒေ၏ နည်းဥပဒေများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့က ထုတ်ပြန်ထားသည်။

အဆိုပါ နည်းဥပဒေအခန်း(၃)၊ အမှတ်(၈)တွင် မည်သူမဆို မြစ်ချောင်းများအတွင်းသို့ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းများစီးဝင်ခြင်း၊ စိမ့်ထွက်ခြင်း သို့မဟုတ် ကျရောက်ခြင်းမရှိစေရန် ထိုပစ္စည်းများကို ရေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ်ထားသည့် နိုင်ငံတကာစံနှုန်းနှင့်အညီ သယ်ဆောင်ရမည်။ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ နိုင်လွန်ကြိုးများနှင့် အခြားပလတ်စတစ်ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ ကျရောက်ခြင်း မရှိစေရန် စနစ်တကျသယ်ဆောင်ရမည်ဟု ပါရှိသည်။

ထို့အပြင် မြစ်ချောင်းများအတွင်းသို့ မစင်နှင့်အညစ်အကြေးများ ကျရောက်ခြင်း မရှိစေရန် ကမ်းပါးနှင့်ဝေးရာတွင် ယင်လုံအိမ်သာဆောက်လုပ်ရမည်။ ထို့ပြင် မစင်နှင့်အညစ်အကြေးများအား စွန့်ကန်သို့ပိုက်ဖြင့် လုံခြုံစွာ စွန့်ပစ်ရမည်။ ရေထုမညစ်ညမ်းစေရန် မစင်နှင့်အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဏုမြူဓာတ်ရောင်ခြည်သင့်ပစ္စည်းများနှင့် အခြားပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟုလည်းပါရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် သက်ရှိလူသတ္တဝါတို့၏ နေထိုင်မှု ဘဝ ကောင်းမွန်ရေးနှင့် ကျန်းမာသော နေထိုင်မှုဘဝဖြစ်စေရေးသာမက လူမှုပတ်ဝန်းကျင်ကို အမြင်တင့်တယ်စေပါသည်။ ယခုအခါ လူတို့နှင့်လုပ်ငန်းများမှ စွန့်ပစ်သော အညစ်အကြေးနှင့်ဘေးထွက်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော အချက်များကို မြင်တွေ့ကြားသိနေရပါသည်။

ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုဖြစ်စေသောအမှုကို ကျူးလွန်သူတို့သည် ရေထုညစ်ညမ်းမှုကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့အတွက် သတိပေးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သလို သက်ဆိုင်ရာဌာနက လိုအပ်၍ပြုပြင်ပေးရပါကလည်း ကုန်ကျစရိတ်ကာမိစေရန် လုံလောက်သော တန်ဖိုးကို သက်ဆိုင်ရာသို့ပေးဆောင်ရမည်ဟု နည်းဥပဒေတွင် ပါရှိပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေသောအမှုများကို ပြုလုပ်မိသူတို့အား သက်ဆိုင်ရာတို့က ကြားသိလျှင်သိချင်း ဥပဒေနှင့်အညီ ထိရောက်လျင်မြန်စွာ ဆောင်ရွက်သွားရမည်ဖြစ်သည်။ သို့သော် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းစာမျက်နှာများပေါ်တွင်ပါရှိပြီးမှသာ သိရှိကြရသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှာ အချိန်လွန်၍ ပိုမိုဖြစ်ခဲ့ရသည်။

ရေများ ရေနိုင်၊ မီးများ မီးနိုင်ဆိုသကဲ့သို့ မကောင်းသောအမှုကိစ္စများကို စောစီးစွာဆောင်ရွက်ခြင်းမရှိခဲ့လျှင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ရန်ခက်ခဲပေမည်။ ယခုအခါ လူတို့၏စည်းကမ်းလိုက်နာမှု အားနည်းမှု၊ အဆင်အခြင်မဲ့မှုများကြောင့် ပတ်ဝန်းကျင်နှင့်ရေထုများ ညစ်ညမ်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ ရေထု၊ မြေထုတို့သည် လူအများကျင်လည်ရာ အရပ်များဖြစ်၍ စည်းကမ်းမဲ့မှုများတွေ့ရှိရပါက ချက်ချင်းပင် အသိပေးခြင်း၊ ဝိုင်းဝန်းထိန်းသိမ်းခြင်းတို့မှာ တာဝန်သိနိုင်ငံသားတစ်ယောက်၏ အလုပ်ပင်ဖြစ်သည်။ ယင်းကို မသိသလို၊ မဆိုင်သလိုနေမိပါက တာဝန်မဲ့နိုင်ငံသားတစ်ယောက် ဖြစ်ပေလိမ့်မည်။ ထို့အတူ သက်ဆိုင်ရာတို့ကလည်း အမြဲမပြတ်သတိရှိစွာဖြင့် မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် စည်းကမ်းကို မလိုက်နာသော အလေ့အကျင့်များ များလာခဲ့သည်ကို ပတ်ဝန်းကျင်တွင် မြင်တွေ့နိုင်သည်။ လုပ်ငန်းပိုင်းဆိုင်ရာတို့ကလည်း ပတ်ဝန်းကျင်ထက် မိမိတို့အကျိုးစီးပွားကိုသာ ဦးစားပေးလာကြသည်။ ထိုအခါ ညစ်ညမ်းသောပတ်ဝန်းကျင်များ တိုးပွားလာရာ နိုင်ငံ့ပုံရိပ်ကို ထိခိုက်စေနိုင်သဖြင့် အသိတရားနှင့် တာဝန်ယူစိတ်များဖြင့် မိမိနိုင်ငံအကျိုးစီးပွားအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

## စဉ့်ကိုင်မြို့နယ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်း သရုပ်ပြရှင်းလင်း



**စဉ့်ကိုင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ၂၀၁၅-၂၀၁၆ မိုးနှောင်း ချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်း သရုပ်ပြရှင်းလင်းပွဲကို စဉ့်ကိုင်မြို့နယ် ဘယ်လင်းရွှေတန်းစခန်း မီးသွေးဘုတ်ကျေးရွာအုပ်စု နတ်ရေကန်ကျေးရွာ ကွင်းအမှတ်(၄၈-စ) တောင်သူဦးစက်လင်း စိုက်ပျိုးထားသည့်သုံးဧက တောင်သူပညာပေးစံပြကွက်၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ကျေးရွာငါးရွာမှ တောင်သူ ၇၅ဦး တက်ရောက်ပြီး ခရိုင်ဦးစီးမှူး ဦးကျော်သူရှိန်က ဌာနမှထုတ်လုပ်ဖြန့်ဖြူးသည့် အထွက်တိုးချည်မျှင်ဝါမျိုးများဖြစ်သည့် ရွှေတောင်(၈)နှင့် ငွေချည်(၉) ဝါမျိုးတို့အား ဒေသနှင့်ကိုက်ညီပြီး အမြင့်ဆုံးအထွက်နှုန်း ပိဿာ ၁၀၀၀နှင့်အထက် ထွက်ရှိနိုင်သဖြင့် အကျိုးအမြတ်များပြား၍ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဆွေးနွေးပြီး စဉ့်ကိုင်မြို့နယ်ဦးစီးမှူး ဦးကျော်မိုးထွန်းက ဝါမျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်ပြန့်ပွားမှု အဆင့်ဆင့် နည်းပညာ၊ ဆေးဖျန်းနည်းစနစ်များ၊ ဝါဈေးကွက်ကောင်းရရှိရေးအတွက် အရည်အသွေးကောင်းအောင်ဆောင်ရွက်ရမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကာ တက်ရောက်လာသော တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

စဉ့်ကိုင်မြို့နယ်အနေဖြင့် ၂၀၁၅-၂၀၁၆ခုနှစ် မိုးကြို၊ မိုးနှောင်းရာသီတွင် ချည်မျှင်ရှည်ဝါမျိုးစုံစိုက်ပျိုးရန် လျာထားချက် ဧက ၉၄၀၀ အပေါ် ၉၄၃၂ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## အိမ်ထောင်စု ၁၀၀အတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်

**ရှမ်းရွာသစ် အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသောကျေးရွာများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တပ်ဆင်ဆောင်ရွက်ပေးရာတွင် တာဝန်ယူဆောင်ရွက်သော ICTF ကုမ္ပဏီမှ တာဝန်ရှိသူများက မဲကတူးကျေးရွာနှင့် ကူးဆိပ်ကျေးရွာတို့မှ အိမ်ထောင်စု ၁၀၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၉၆၀၀၀ တန်ဖိုးရှိ Watt 80 ဆိုလာပြားတစ်ချပ်၊ Watt 300 အင်ဗာတာတစ်လုံးနှင့် မီးသီး နှစ်လုံး၊ မီးချောင်းတစ်ချောင်း စသည့် စက်ပစ္စည်းတစ်စုံနှုန်းဖြင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာအရောက် အခမဲ့ဖြန့်ဖြူးတပ်ဆင်ပေးခဲ့ကြကြောင်း သိရသည်။

**ရှမ်းရွာသစ် (ပြန်/ဆက်)**

■



## မိတ္ထီလာတွင် ရွေးကောက်ပွဲ၌ အသုံးပြုမည့်ဆန္ဒမဲပုံးများ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများထံ ဖြန့်ဝေ

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မိတ္ထီလာတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ အသုံးပြုမည့် ဆန္ဒမဲပုံးများ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများထံ ဖြန့်ဝေပေးလျက်ရှိပြီး မဲရုံပေါင်း ၂၉၃ ရုံအတွက် ကြိုတင်မဲပုံးနှင့် ရှမ်းတိုင်းရင်းသား ဆန္ဒမဲပုံးများအပါအဝင် ဆန္ဒမဲပုံးစုစုပေါင်း ၁၂၀၂ ပုံးခန့် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ်အနေနဲ့ မဲရုံပေါင်း ၂၉၃ ရုံရှိတယ်။ မဲရုံတစ်ရုံကို လွှတ်တော်သုံးရပ်အတွက် မဲပုံး သုံးပုံး၊ ကြိုတင်မဲပုံးကတစ်ပုံး စုစုပေါင်း လေးပုံး ဖြန့်ဝေပေးတာပါ။ ပြီးတော့ တချို့မဲဆန္ဒနယ်မှာ ရှမ်းတိုင်းရင်းသားတွေ လည်းရှိတော့ အဲဒီအတွက် မဲပုံး တစ်ပုံးထားပေးပါတယ်။ ရှမ်းတိုင်းရင်းသားနေထိုင်တဲ့ မဲဆန္ဒနယ်မှာရှိတဲ့ မဲရုံပေါင်း ၃၀ ခန့်ရှိမယ်လို့တော့ မှန်းထားပါတယ်။အဲဒါကြောင့် မဲရုံပေါင်း ၂၉၃ရုံအတွက် မဲပုံးပေါင်း ၁၂၀၂ ခန့် ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းကပြောသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ မိတ္ထီလာမဲဆန္ဒနယ်အတွက် မဲဆန္ဒပုံးများစုစုပေါင်း ၁၇၈၉ ပုံး ပေးပို့ထားပြီး ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ သတ်မှတ်မဲပုံးအရေအတွက် ပေးပို့ဖြန့်ဝေပြီး ကျန်ရှိသည့်မဲပုံးများကို အရန်အဖြစ်ထားရှိမည်ဖြစ်သည်။ မိတ္ထီလာတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အနေဖြင့် တစ်မြို့နယ်လုံးပါဝင်ပြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အနေဖြင့် မိတ္ထီလာနှင့် မလှိုင်မြို့နယ်နှစ်ခု (အမှတ်-၁၁ မဲဆန္ဒနယ်) ဖြစ်သည်။

တိုင်းဒေသကြီး မဲဆန္ဒနယ်အနေဖြင့် အမှတ်-၁ မဲဆန္ဒနယ် ရပ်ကွက်ရှစ်ခု၊ ကျေးရွာအုပ်စု ၂၉ ခု၊ အမှတ်-၂ မဲဆန္ဒနယ် ရပ်ကွက်ခြောက်ခု၊ ကျေးရွာ ၂၉ အုပ်စုပါဝင်ကာ နိုင်ငံရေးပါတီငါးခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅ ဦး၊ တစ်သီးပုဂ္ဂလနှစ်ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## လက်သမားနှင့် ပန်းရန်သင်တန်းဖွင့်လှစ်

**ပင်းတယ အောက်တိုဘာ ၂၄**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် လက်သမားနှင့် ပန်းရန် သင်တန်း(၄/၂၀၁၅)ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် တာတိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကျေးရွာများမှ လက်သမားနှင့် ပန်းရန်သင်တန်းသား ၃၂ ဦးတို့အား စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၃/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)
**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)သူရရွှေမန်း**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**

## ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၄/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)
**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)သူရရွှေမန်း**
**ဥက္ကဋ္ဌ**
**ပြည်သူ့လွှတ်တော်**

## ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၅/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)
**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီတွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံးသို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၄ရက်(စနေနေ့)ထက်မစော နိုဝင်ဘာလ ၁၅ရက်(တနင်္ဂနွေနေ့)ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေပြည်တော်အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၆ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19) သို့ **၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၁၄) ရက်ထက်မစော ၁၅ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားကို ယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။

**(သတင်းစဉ်)**

## မိုးနှောင်းချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်း သရုပ်ပြသ

**သာစည် အောက်တိုဘာ ၂၄**

မိတ္ထီလာခရိုင် သာစည်မြို့နယ်၏ ၂၀၁၅-၂၀၁၆ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည် (၉)၊ရွှေတောင် (၈)၊ ငွေချည်(၆) G.A.Pအထွက်နှုန်း ယှဉ်ပြိုင်ခြင်း သုတေသနနှင့်မျိုးပွား စိုက်ခင်းများအား တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၄ ရက်ကစိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ လှိုင်းတက်ဝါသီးနှံ မျိုးသန့်ခြံ၌ ပြုလုပ်ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး ရွှေတောင်ခြံတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက တောင်သူပညာပေးကွင်း သရုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့်ငွေချည်(၉)၊ ရွှေတောင်(၈) နှင့် ငွေချည်(၆)တို့၏ သိပ္ပံနည်းကျ စိုက်ပျိုးခြင်းဖြင့်အထွက်နှုန်းကောင်းမွန်ပြီး စုပ်ပိုးနှင့် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လှိုင်းတက်ဝါသီးနှံမျိုးသန့်ခြံမန်နေဂျာ ဦးဝင်းမောင်က မိမိတို့ဝါသီးနှံမျိုးသန့်ခြံမှ သုတေသနနှင့်မျိုးပွားဝါခင်းများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်များကိုတောင်သူများသို့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ယခုနှစ်တွင်ငွေချည် ကိုး၊ ရွှေတောင် ရှစ်နှင့် ငွေချည် ခြောက်တို့ကိုသွင်းအားစုများ အပြည့်အဝသွင်းပြီး G.A.P အထွက်နှုန်းယှဉ်ပြိုင်ရာ တွေ့ရှိချက်များကို တောင်သူများအား လက်တွေ့ပြသခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်တောင်သူများအနေဖြင့် လေ့လာတွေ့ရှိချက်များနှိုင်းယှဉ်၍ မိမိတို့ဒေသရေ၊ မြေတို့နှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသော ဝါမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေကောင်းပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများကိုလက်တွေ့ ကွင်းဆင်းပြသသည်။ အဆိုပါကွင်းသရုပ်ပြပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် လှိုင်းတက်ကျေးရွာ၊ စိုက်ပျိုးရေးကျေးရွာနှင့်တောကင်းကျေးရွာများမှ တောင်သူများ တက်ရောက်ကြကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**

## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွားအပျော်စီးသင်္ဘောဖြင့် လှည့်လည်

**နေပြည်တော် အောက်တိုဘာ ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွား အပျော်စီးသင်္ဘောများဖြင့် ခရီးစဉ်များကို သွားရောက်လည်ပတ်လျက်ရှိသည်။



Interconnection Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဩစတြေးလျနိုင်ငံသား ဧည့်သည် ၃၅ဦးတို့သည် စက်တင်ဘာ ၁ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် လာရောက်ခဲ့ကြပြီး စက်တင်ဘာ ၂ ရက်တွင် RV Sriksetra ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-ကျောက်မြောင်း-နွယ်ငြိမ်း-တကောင်း- ကသာ- ဆင်ကိန်း- ကသာ- မိုးသား-မင်းကွန်း- အင်းဝ-စစ်ကိုင်း- မုံရွာ- ရန္တပို- ရွှေပြည်သာ-ပုဂံ- မန္တလေးမြို့ခရီးစဉ်ဒေသများသို့လည်းကောင်း၊ Interconnection Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့်ပင် ဩစတြေးလျနိုင်ငံသားဧည့်သည် ၄၂ ဦးတို့သည် စက်တင်ဘာ ၂၂ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် လာရောက်ခဲ့ကြပြီး ယင်းနေ့တွင်ပင် RV Sriksetra ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး- မြင်းမူ- မုံရွာ- စစ်ကိုင်း- အင်းဝ- အမရပူရ- မန္တလေး-ကျောက်မြောင်း-နွယ်ငြိမ်း- တကောင်း- ကသာ- ရွှေဂူ- ဆင်ကိန်း- မိုးသား- ကသာ- မင်းကွန်း- မန္တလေးမြို့ ခရီးစဉ်ဒေသများသို့ လည်းကောင်း သွားရောက် လည်ပတ်ခဲ့ပြီးနောက် စက်တင်ဘာ ၁၁ ရက်နှင့် ၂၉ ရက်တို့တွင် မန္တလေးမြို့မှ ပြည်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အလားတူ Upland Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန် နိုင်ငံသား ဧည့်သည် ၁၈ ဦးတို့သည် စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် လာရောက်ခဲ့ကြပြီး RV Thurgau Exotic အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ရန်ကုန်- မန္တလေး- အမရပူရ- နွယ်ငြိမ်း- ကြာညှပ်ရွာ- တကောင်း- ထီးချိုင့်ရွာ- ကသာ- ကျွန်းတော်- ရွှေဂူ-စင်ခန်း- ဗန်းမော်- မိုးတားရွာ- သိယ်းဖာတောင်- ကျောက်ပုံရွာ- မင်းကွန်း- စစ်ကိုင်း- ရွှေပြည်သာ- ပုဂံမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြပြီးနောက် အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြည်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ကမ္ဘာလှည့် ခရီးသည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်းခရီးစဉ်များသာမက နယ်စပ်ဖြတ်ကျော်ခရီးစဉ်များဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကာ လေယာဉ်၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး စသည်တို့ဖြင့် လှည့်လည် လေ့လာကြသကဲ့သို့ ပြည်တွင်းသွားအပျော်စီးရေယာဉ်များဖြင့်လည်း ဧရာဝတီမြစ်ကြောင်းခရီးစဉ်၊ ချင်းတွင်းမြစ်ကြောင်း ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သဘာဝအလှအပရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို ထိတွေ့ခံစားသိရှိလို၍ ယခင်ကထက် ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မီးခိုးမြူဒုက္ခသည်များကို ဘေးကင်းရာသို့ရွှေ့ရန် အင်ဒိုနီးရှားရေတပ်စစ်သင်္ဘောများ အသင့်ပြင်ထား

**ဂျကာတာ အောက်တိုဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်မှုကြောင့် ပေါ်ထွက်လာသော မီးခိုးမြူများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ခံစားနေကြရသည့် ကလေးသူငယ်များနှင့်ဒေသခံများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ရန် ရေတပ်စစ်သင်္ဘောများက အသင့်ပြင်ဆင်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ကျွန်းများ၌ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများက ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေယာဖော်ထုတ်နိုင်ရန် မြေယာခုတ်ထွင်ရှင်းလင်းကာ မီးရှို့ရာမှ တောမီးလောင်မှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည်။ တောမီးလောင်မှုနှင့်အတူ အရှေ့တောင်အာရှဒေသတစ်ဝန်း၌ မီးခိုးမြူလွှမ်းခြုံမှုဖြစ်ပေါ်ပြီး ပြည်သူများ၏ ကျန်းမာရေးဘေးအန္တရာယ်ကို ခြိမ်းခြောက်ကာ အစိုးရအဖွဲ့အပေါ် နိုင်ငံရေးအရ ဖိအားပေးမှုရှိလာသည်။

ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတု ထူးခြားဖြစ်စဉ်ကြောင့် ပိုမို၍ ပူပြင်းခြောက်သွေ့မှုရှိသဖြင့် တောမီးလောင်ကျွမ်းမှုပိုမိုဖြစ်ပေါ်ရသည်။

အရှေ့တောင်အာရှဒေသရှိ နိုင်ငံများ၌ ပြည်သူတို့အား ကျန်းမာရေးအရ ဘေးအန္တရာယ်ပေးနိုင်သော အဆင့်အထိ လေထုညစ်ညမ်းမှုဖြစ်ပေါ်ကာ စာသင်ကျောင်းများကို ပိတ်ရခြင်း၊ လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ရခြင်းတို့ ဖြစ်ပေါ်ရသည်။

လေထုညစ်ညမ်းမှုအခြေအနေကို ထိန်းချုပ်နိုင်ရန် မိမိတို့ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး နောက်ဆုံးနည်းလမ်းတစ်ရပ်အဖြစ် ကလေးများနှင့်ဒေသခံများအား လေသန့်စင်စက်တပ်ဆင်ထားသော အစိုးရရုံးအဆောက်အအုံများသို့ စစ်သင်္ဘောများ အသုံးပြု၍ ရွှေ့ပြောင်းပေးရန်အထိပင် စီမံချက်ရေးဆွဲထားကြောင်း လုံခြုံရေးဆိုင်ရာညှိနှိုင်းရေးဝန်ကြီး လူဟုတ်ပန်ဂျေတန်က ပြောကြားသည်။ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်သူ ပန်ဂျေတန်သည် မီးခိုးမြူပြဿနာကို ကိုင်တွယ်ဆောင်ရွက်ရာတွင် လုပ်ငန်းများကို ကြီးကြပ်နိုင်ရန် သမ္မတ ဂျိုကို ဝီဒိုဒို၏ တာဝန်ပေးအပ်ခြင်းခံရသူဖြစ်သည်။

**ရိုက်တာ။**



# မော်လ်ဒိုက်သမ္မတ ယာဉ်မန်းကို ပစ်မှတ်ထားတိုက်ခိုက်သည့် စပီဘုတ်ပေါက်ကွဲမှုနှင့်ပတ်သက်၍ ဒုသမ္မတအာမက်အား ဖမ်းဆီး

**မာလီ အောက်တိုဘာ ၂၄**

သမ္မတ အဗ္ဗဒူလာယာမန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော စပီဘုတ်လှေတစ်စင်း ပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်အတွင်း မော်လ်ဒိုက် ဒုတိယသမ္မတ အာမက်အဒ်ဟိဘ်အား သံသယရှိသဖြင့် ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့နှင့်အစိုးရတာဝန်ရှိသူများက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

သမ္မတသည် စက်တင်ဘာ ၂၈ ရက်က ဆော်ဒီအာရေဗျနိုင်ငံသို့ ဟဇ်ဂျ်ဘုရားဖူးခရီးစဉ်သွားရောက်ပြီးနောက် Finifenmaa အမည်ရှိ စပီဘုတ်ဖြင့်ပြန်လာစဉ် မြို့တော်မာလီသို့ရောက်ခါနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သမ္မတ အဗ္ဗဒူလာယာမန်းမှာ အသက်ဘေးမှလွတ်မြောက်ခဲ့သော်လည်း ၎င်း၏ဇနီးနှင့်လက်ထောက်နှစ်ဦးတို့မှာ ဒဏ်ရာရရှိခဲ့သည်။ စပီဘုတ်ပေါက်ကွဲမှုနှင့်ဆက်နွှယ်၍ ဒုသမ္မတအာမက်အား ဖမ်းဆီးထားပြီး ယခုအခါ ဒိုနီဟိုထိန်းသိမ်းရေးဌာနရှိ ရဲဘက်အချုပ်၌ ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့မှ မီဒီယာဆိုင်ရာတာဝန်ရှိသူတစ်ဦးကဆိုသည်။ "လုပ်ကြံသတ်ဖြတ်ဖို့ကြိုးပမ်းမှုနဲ့ သူ့ကိုဖမ်းဆီးထားတာပါ"ဟု ပြည်ထဲရေးဝန်ကြီး အူမာနာဆာက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီး အရေးကြီးပုဂ္ဂိုလ်များအတွက် လုံခြုံရေးခြောက်လှန့်မှုတစ်ရပ်ဖြစ်ပွားနေစဉ် အောက်တိုဘာ ၁၄ ရက်တွင် သမ္မတ အဗ္ဗဒူလာယာမန်းက ကာကွယ်ရေးဝန်ကြီး မိုဆာအလီဂျာလယ်အား ထုတ်ပယ်ပြီးနောက် ဒုသမ္မတအာမက်အား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီးနောက် အခြားစစ်ဘက်ဆိုင်ရာတာဝန်ရှိသူနှစ်ဦးကို ချက်ချင်းဖမ်းဆီးခဲ့ကြောင်းသိရသည်။ ဒုသမ္မတအာမက်နှင့်အတူ မော်လ်ဒိုက်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့(MNDF)မှ တာဝန်ရှိသူသုံးဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ ဒုသမ္မတအာမက်မှာ တရုတ်နိုင်ငံ၌ကျင်းပသော ညီလာခံတက်ရောက်ပြီးပြန်လာစဉ် လေဆိပ်၌အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ အာမက်သည် ပြည်ပတွင်နေထိုင်ရန် တိုင်းပြည်မှထွက်ခွာသွားခြင်းဖြစ်ကြောင်း ဒေသန္တရ မီဒီယာအချို့ကထင်ကြေးပေးခဲ့ကြသော်လည်း တိုင်းပြည်သို့ ပြန်လာမည်ဖြစ်ကြောင်း ၎င်းက တွစ်တာပို့စ်တွင် အောက်တိုဘာ ၂၂ ရက်က ရေးသားထားသည်။



**မော်လ်ဒိုက် ဒုတိယသမ္မတ အာမက်အဒ်ဟိဘ်အား တွေ့ရစဉ်။**

မြို့တော်မေးလ်၌ လုံခြုံရေးတိုးမြှင့်ထားပြီး သတင်းထောက်များကို လေဆိပ်အတွင်း ဝင်ခွင့်မပြုကြောင်း မျက်မြင်တွေ့ရှိသူများကဆိုသည်။ စပီဘုတ်ပေါက်ကွဲမှုမှာ စက်ပိုင်းဆိုင်ရာချွတ်ယွင်းချက်ကြောင့်ဟု အစိုးရက ကနဦး ပြောကြားထားသော်လည်း အမေရိကန်ပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ ဩစတြေးလျနှင့် သီရိလင်္ကာနိုင်ငံများမှ စုံစမ်းစစ်ဆေးသူများက ၎င်းတွေ့ရှိချက်ကိုငြင်းပယ်သောကြောင့် သမ္မတ အဗ္ဗဒူလာယာမန်းအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုတစ်ရပ်ဟု နောက်ပိုင်းတွင် ပြောကြားသည်။

**ရိုက်တာ။**

# ဘန်ကောက်မြို့တွင် မူးယစ်ဆေးဝါး သယ်ဆောင်မှု၊ လာဘ်ပေးမှုတို့ဖြင့် ဂျပန်နိုင်ငံသားလေးဦး ဖမ်းဆီးခံရ

**ဘန်ကောက် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်ထားရှိမှုအပြင် လာဘ်ပေးမှုတို့ဖြင့် ဂျပန်နိုင်ငံသားလေးဦးအား ထိုင်းရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း သတင်းများအရသိရသည်။

၎င်းတို့အနက်တစ်ဦးတွင် ခြောက်လုံးပြူးသေနတ်တစ်လက်ကိုင်ဆောင်ထားကြောင်း သိရသည်။

အသက်(၃၄)နှစ်မှ (၅၀)နှစ်ကြားအရွယ်ရှိ 'အိုင်တယ်ကူရာ'ကို ဘန်ကောက်မြို့အနီး စားသောက်ဆိုင်တစ်ဆိုင်တွင် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသည့်အပြင် အပြစ်မှလွတ်မြောက်ရန် အာဏာပိုင်များအား အမေရိကန်ဒေါ်လာ ၄၈၀၀၀ ခန့်ကို လာဘ်ထိုးခဲ့ခြင်းကြောင့် ထိုင်းရဲအရာရှိများက မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်ထားမှုအပြင် လာဘ်ပေးမှုဖြင့်ပါ တရားစွဲဆိုထားသည်။ ကျန်သုံးဦးမှာ ၎င်းတို့အပေါင်းအဖော် ပြန်လည်လွတ်မြောက်စေရန် ရည်ရွယ်ပြီး ရဲအရာရှိများအား အမေရိကန်ဒေါ်လာ ၂၈၀၀၀ ခန့်ကို လာဘ်ငွေအဖြစ်ပေးခဲ့ရာ ၎င်းတို့သုံးဦးကိုပါ အာဏာပိုင်များက ထပ်မံဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေးဦးတို့သည် ဂျပန်လူဆိုးဂိုဏ်းတစ်ဂိုဏ်း၏ အဖွဲ့ဝင်များဖြစ်သည်ဟု ထိုင်းရဲအရာရှိများက ခန့်မှန်းထားသည်။

အိုင်တယ်ကူရာ၏ လက်ဝယ်တွင် 'မီသာဖီတာမင်း' ခေါ် မူးယစ်ဆေးဝါး ၂၃ ကီလိုဂရမ်နှင့် ခြောက်လုံးပြူးသေနတ်တစ်လက်တွေ့ရှိခဲ့သည်။ မီသာဖီတာမင်း မူးယစ်ဆေးကို ထိုင်းနိုင်ငံရှိ နိုင်ငံခြားသားများ အသုံးများကြသည်။

၎င်းတို့လေးဦးသည် ထိုင်းနိုင်ငံအတွင်း မူးယစ်ဆေးဝါးများကို ဖြန့်ဖြူးရောင်းချနေကြောင်း ထိုင်းရဲအရာရှိများက သံသယရှိသည်။ ထိုင်းဥပဒေအရ မူးယစ်ဆေးဝါးဆိုင်ရာအမှုများတွင် အမြင့်ဆုံးပြစ်ဒဏ်မှာ သေဒဏ်ထိပါစီရင်ချက်ချမှတ်နိုင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှမူးယစ်ဆေးဝါးဈေးကွက်၏ အဝင်တံခါးပေါက်ဖြစ်သည်။ မီသာဖီတာမင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသည် အာရှ-ပစိဖိတ်ဒေသတွင် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း လေးဆမြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က မေလတွင် ထုတ်ပြန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ဂျီးရီးယားရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား၊ လူ ၂၇ ဦးထက်မနည်းသေဆုံး၊ ၉၆ ဦး ဒဏ်ရာရ

**လာဂို့စ် အောက်တိုဘာ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အဒါမာဝါပြည်နယ်မြို့တော် ရိုလာတွင် ယမန်နေ့က ဘာသာရေးအဆောက်အအုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၇ ဦးထက် မနည်းသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၉၆ ဦးရှိကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။



နိုင်ဂျီးရီးယား အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက အဆိုပါသတင်းကို ဆင်ဟွာသတင်းဌာနသို့ ဖုန်းဆက်အတည်ပြုပြောကြားခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများအား ရိုလာမြို့ရှိ ပြည်နယ်ဆေးရုံနှင့် အထူးကုဆေးရုံ ဂျီမီတာသို့ ပို့ဆောင်ကုသမှုခံယူစေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဒါမာဝါပြည်နယ်၌ အိမ်နီးချင်း ဘော်နိုပြည်နယ်တွင် အောက်တိုဘာ ၂၃ ရက်က ဘာသာရေးအဆောက်အအုံ၌ လူအသေအပျောက်များပြားသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီး ၁၂ နာရီအကြာတွင် ရိုလာမြို့၌ ပေါက်ကွဲမှုတစ်ရပ် ထပ်မံဖြစ်ပွားခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းဒေသတွင် ဘာသာရေးအဆောက်အအုံများကို ပစ်မှတ်ထား၍ အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက မကြာခဏဖြစ်ပွားခဲ့ပြီး ယင်းဖောက်ခွဲတိုက်ခိုက်မှုများမှာ ဘိုကိုဟာရမ်စစ်သွေးကြွများက ပြုလုပ်ခြင်းဖြစ်ကြောင်း ပြစ်တင်ပြောကြားမှုများ ရှိခဲ့သည်။ **ဆင်ဟွာ။**



## ပြည်တွင်းရေးရာ

# နှလုံး၊ အသည်း၊ အရိုး၊ အကြောရောဂါများ အခမဲ့စမ်းသပ်ပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် သိရီရတနာကံဇေယျ စာသင်တိုက် ပဓာနနာယက ဆရာတော် နယ်လှည့် သာသနာပြုဓမ္မကထိက ဇရာရွှေမြေဆရာတော် ဒေါက်တာ အရှင် ဥတ္တမသိရီ(B.A, MA,Ph.D)၊ (Buddhist Studies) ဆရာတော်၏ ဦးဆောင်မှုဖြင့် ထိုင်းနိုင်ငံ ဘန်ပါကော့၉ (Bangpakok-9)ဆေးရုံကြီး၏ ပံ့ပိုးမှုဖြင့် နှလုံး၊ အသည်း၊ အရိုး၊ အကြောအထူးကု ဆရာဝန်ကြီးများက အခမဲ့လာရောက် စမ်းသပ်မည်ဖြစ်ပါ၍ နိုဝင်ဘာ ၁ ရက်၊ ၂ ရက် (တနင်္ဂနွေ၊ တနင်္လာ)နေ့ နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ၊ သိရီရတနာကံဇေယျစာသင်တိုက်၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ် ဝက်စုနှင့် သဒ္ဒါရုံမှတ်တိုင်ကြားသို့ လာရောက်ရန် အကျိုးဆောင်အဖွဲ့ သိရီရတနာကံဇေယျစာသင်တိုက် ဒေါပုံမြို့နယ် ဖုန်း-၀၉-၂၅၀၇၄၄၇၄၇၊ ၃၁၂၇၁၂၈၊ ၅၀၄၃၇၆၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ DVD မှတ်တမ်းခွေဝယ်ယူရရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လုပ်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ **မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ** အစီအစဉ်အား အောက်တိုဘာ ၂၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇာတ်ကားအဆင့်အတန်း သတ်မှတ်ရေးစိစစ်အကဲဖြတ်အဖွဲ့ အမှတ်စဉ်(၉၂၆/၂၀၁၅)ဖြင့် ဗီဒီယိုလေဆာခတ်ပြား စီးပွားရေးလုပ်ငန်းသုံးအဖြစ် ပြသခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ **မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ**အစီအစဉ်တွင် ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကဏ္ဍ၊ အားကစားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုများ(Version I)၊ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ(Version II)၊ ပြည်သူထဲကသမ္မတ(Version I)၊ ပြည်သူထဲက သမ္မတ (Version II)၊ ပြည်သူထဲကသမ္မတ(Version III)တို့ ပါဝင်သည်။

မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ DVD မှတ်တမ်းခွေကို ရန်ကုန်မြို့ (အမှတ် ၅၂၉၊ ၅၃၁၊ ကုန်သည်လမ်း)ရှိ စာပေဗိမာန်အရောင်းဆိုင်နှင့် နေပြည်တော်(သပြေကုန်းဈေး)ရှိ စာပေဗိမာန်အရောင်းဆိုင်များတွင် အောက်တိုဘာ ၂၆ ရက်မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ညောင်ဦးတွင် သီတင်းကျွတ်ရောင်စုံမီးပုံးများ လာရောက်ရောင်းချသူများ အရောင်းတွင်ကျယ်

**ညောင်ဦး အောက်တိုဘာ ၂၄**

ညောင်ဦးတွင် သီတင်းကျွတ်လမီးထွန်းပွဲတော်ကာလအိမ်တွင်းအလှဆင်ရန်နှင့် ကလေးငယ်များဆော့ကစားစရာ မှန်ရောင်စက္ကူဖြင့် ပြုလုပ်ထားသည့် ရောင်စုံမီးပုံးများကို ပခုက္ကူမြို့နယ် အမှတ်(၁၃)ရပ်ကွက်မှ ရောင်စုံမီးပုံးပြုလုပ်ကြသူများ လာရောက်ရောင်းချလျက်ရှိရာ ပွဲတော် ကာလမတိုင်မီဖြစ်သဖြင့် အရောင်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမီးပုံးများမှာ မဲဒင်းဝါးဖြင့် အရုပ်ပုံစံကိုလိုသလို ချိုးထားပြီး ရောင်စုံမှန်ရောင်စက္ကူနှင့် ဆီစိမ်စက္ကူများ ဘေးပတ်ပတ်လည်တွင် အလှဆင်ကပ်ထားပြီး အတွင်း၌ ဖယောင်းတိုင်အထွန်းခံနိုင်ရန် မီးခံကွင်းပါရှိသည်။ ချိတ်ဆွဲနိုင်သော မီးပုံးအသေး၊ အလတ်၊ အကြီးအမျိုးမျိုးနှင့် ကလေးများအကြိုက် သင်္ဘော၊ မော်တော်ကား၊ လေယာဉ်ပျံစသဖြင့် အရုပ်ပုံစံအမျိုးမျိုးကို ပြုလုပ်ရောင်းချကြပြီး ဈေးနှုန်းများမှာ မီးပုံးအကြီးအသေးအလိုက် အနည်းဆုံး ကျပ် ၄၀၀ မှ ကျပ် ၄၀၀၀ ခန့်အထိရှိကြောင်း သိရသည်။ အလှဆင်မီးပုံးလုပ်ငန်းကို ရာသီချိန်တစ်လတွင်သာ မိသားစုတစ်ပိုင်တစ်နိုင် ပြုလုပ်ရောင်းချကြခြင်းဖြစ်ပြီး မန္တလေး၊ ပခုက္ကူနှင့် မြင်းခြံမြို့များတွင် အများဆုံးလုပ်ကိုင်ကြကြောင်း သိရသည်။

ရောင်စုံမီးပုံးများကို သီတင်းကျွတ်လအမီ ရောင်းချနိုင်ရန်အတွက် ဝါခေါင်လမှစတင်၍ အရုပ်ပုံစံများကို ဝါးဖြင့် ချိုးထားရပြီး တော်သလင်းလဆန်းပိုင်းတွင် ချိုးပြီးသား အရုပ်ပေါ်တွင် အလှဆင်ရန်အတွက် မှန်ရောင်စက္ကူ ဆီစိမ်စက္ကူနှင့် လိုင်းကြိုးများကပ်ခြင်း၊ မီးခံကွင်းများတပ်ခြင်း၊ အရုပ်များတွင် ရွေ့လျားနိုင်ရန် ဘီးလုံးများတပ်ခြင်းတို့ကို ပြုလုပ်ရကြောင်း၊ အရုပ်တွင်ကပ်ရန်ရောင်စုံစက္ကူ ဆီစိမ်စက္ကူနှင့် ရွေ့လျားရန်အတွက် ဘီးများကို မန္တလေးမှဝယ်ယူရကြောင်း၊ ညောင်ဦးမြို့တွင် ယခုကဲ့သို့ ရောင်စုံမီးပုံးလုပ်ငန်း လုပ်ကိုင်ရောင်းချသူများမရှိသည့်အတွက် အရောင်းတွင်ကျယ်သဖြင့် လာရောက်ရောင်းချခြင်းဖြစ်ကြောင်း၊ နှစ်စဉ် ညောင်ဦးမြို့သို့ သီတင်းကျွတ်လဆန်း ၈ ရက်မှ ၁၄ ရက်ထိ မဏိစည်သူဈေးအနီးတွင် ခင်းကျင်းရောင်းချကြောင်း ပခုက္ကူမြို့မှ ရောင်စုံမီးပုံးများ လာရောက်ရောင်းချသူအမျိုးသမီးတစ်ဦးထံမှ သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



# ဖျာပုံ၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ ကျင်းပ

**ဖျာပုံ အောက်တိုဘာ ၂၄**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို အောက်တိုဘာလတတိယပတ်က ဖျာပုံခရိုင် ဖျာပုံမြို့ရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ ပေါ်ပေါက်လာပုံ၊ ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံမှ ပေးပို့လာသော သဝဏ်လွှာအား ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ လူမှုရေးအဖွဲ့အစည်းများမှ မုန်တိုင်းသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်သော အတွေ့အကြုံများ၊ မှတ်တမ်းများကိုပရိုဂျက်တာဖြင့်ပြသပြီး အမျိုးသမီးများနှင့် ကလေးငယ်များ သံချပ်အဖွဲ့တို့က သံချပ်သီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် အောင်ပင်လယ်လူမှုဝန်းကျင် မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဆရာမ ဒေါ်ဒေဝီသန့်စင်က သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲလာမှုအပေါ် လိုက်လျောညီထွေနေထိုင်နိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာများအကြောင်း ဟောပြောပြီးနောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ သံချပ်အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

## ဥတုရာသီ တောင်ကိုမှီ၏

## မြန်မာ့မြေမှာ အလှဝေဖြာ

❖ မိုးနှောင်းခဲ့ပြန်
ဆောင်းပေါ်မန် အကြိုထောက်ပြီမို့
ကြိုင်လှောက်ကာ ရွှေကြာပန်းတွေက
ပွင့်လန်းကြဝေဝေစည်၊

❖ သည်အခါမှာ
နီပြာဝါရောင်စုံမီးတွေနဲ့
ထိန်ညီးစွာ အလှကဲပါတဲ့
ဝါကျွတ်ပွဲ နွှဲကြပြီ၊

❖ ထူးမြတ်လှစွာ
မြတ်ဗုဒ္ဓါနတ်ရွာနန်းဆီသို့
ကြွမြန်းကာ ဝါဆိုခဲ့စဉ်က
ကျေးဇူးရှင်အမိ နတ်သားရယ်နဲ့
နတ်ဗြဟ္မာများစွာ အသိရှာပွားစေဖို့
အဘိဓမ္မာတရားတွေ ဟောညွှန်အပြီးမှာဖြင့်
ရှုမငြီးစရာ သာယာလှပါတဲ့
လပြည့်ည သည်ချိန်ခါမှာ
စောမြတ်စွာ လူ့ရွာဆင်းပြန်တော့
ထိန်လင်းကာ ရောင်စုံမီးတွေနဲ့
ကြိုဆီးကာ ပူဇော်တဲ့ပွဲပေမို့
အားခဲလို့ နွှဲဆင်ယင်
ကြည်လင်ပါလို့ သဒ္ဓါပွား၊

❖ ဗုဒ္ဓမြတ်ရှင်
ရှိဦးတင် ရည်မျှော်မှန်းပါလို့
ရွှင်လန်းစွာ ကုသိုလ်တရားတွေနဲ့
ပွားများတာ မြန်မာလေ့ပါပဲ
ကြည်မွေ့စရာ အဘိဓမ္မာနေ့ပေမို့
ချမ်းမြေ့ကာ ပြေ(ပြည်)ရွာတစ်ဝန်းမှာဖြင့်
ရွှေကြာပန်းပမာ အလှဝေဖြာလို့
မြန်မာ့မြေမှာ ကျက်သရေတင့်ပါဘိ
ဂုဏ်ဝင့်စရာ ဝါကျွတ်ပွဲကိုကွယ်
နွှဲကြစို့လား။

**ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)**

# အမှားကိုပြုပြင် အပြစ်ကိုကုစား ပဝါရဏာနှင့် အဘိဓမ္မာတရား

ဝိသဃဇ္ဇက(ပဲခူး)

မိုးရာသီကုန်ဆုံးကာ ဆောင်းဦးရာသီစတော့မည်ဖြစ်သောကြောင့် ရာသီဥတုမျှတသော သီတင်းကျွတ်လဖြစ်သည်။ ကောင်းကင်တွင် မိုးတိမ်ကင်းစင်ပြီး လပြည့်ဝန်းနှင့် ကြယ်တာရာများ၏အလှကို ကြည်လင်ဝင်းပစွာမြင်ကြရတော့မည်။ လေပြည်လေအေးက သီတင်းကျွတ်၏ ရာသီပန်းများဖြစ်သော ကြာပန်းရနံ့များ၊ ခဝဲပန်းရနံ့များကိုလည်း သယ်ဆောင်လာလျက်ရှိသည်။

သီတင်းကျွတ်လသည် ရက်ပေါင်း ၂၉ ရက်ရှိသည်။ နာရီအားဖြင့် နေ့ ၃၀နာရီ၊ ညဥ့် ၃၀နာရီဖြစ်သည်။ နေ့တာ ညတာတူညီသည်။ ရာသီအလိုအားဖြင့် "တူ"ရာသီဟု ခေါ်ဆိုသည်။ အဿဝနီနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ စိတြ နက္ခတ်နှင့် နေမင်းတို့ယှဉ်သည်။ ကျီးတာရာထွန်းပသည်။ ရာသီရုပ်မှာ ချိန်ခွင်ကိုင်နေသောကုန်သည်ပုံဖြစ်သည်။ မြတ်ဘုရားရှင် အဘိဓမ္မာတရားဟောကြားသည့်လဖြစ်သည်။

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာအစရှိသော အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော် မူခဲ့သော မြတ်ဘုရားရှင်အသံတော်သည် "ဝိသဋ္ဌမဉ္ဇူညေယျံ"စသော အသံတော်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတော်မူသည်။ အထွေးအရှုပ်လွတ်ကင်းသော အသံတော်ဖြစ်သည်။ နားဝင်ချိုမြိန်နှစ်သက်မဆုံး၊ သာယာမဆုံးနိုင်သော အသံတော် ဖြစ်သည်။ မထင်မရှားမကွဲပြားသော အသံမျိုးမဟုတ်ဘဲ အလွန်သိသာထင်ရှားလှသော အသံတော်ဖြစ်သည်။ ကြားနာရသူ နတ်၊ လူ၊ ဗြဟ္မာတို့၏ အာရုံမှာ စွဲငြိစေသည်။ ပီတိလျှမ်းစေသော အသံတော်ဖြစ်သည်။တရားနာသူပရိသတ်၏ အပသို့မထွက်ဘဲ တည်ရှိနေသော အသံတော်ဖြစ်သည်။ ထို့အပြင် မြတ်ဘုရားရှင်၏ တရားဓမ္မအသံတော်ကား ပကတိသောစကား၊ အလွန်တင့်တယ်သောစကား ဖြစ်သည်။

မဟာပညာမွန်ဉာဏ်ရည်မွန်သည့် လူ၊ နတ်၊ ဗြဟ္မာတို့ကြံစည်အံ့ဩပြောဟော၍ မကုန်နိုင်သော စကားထက်တို့နှင့် ပြည့်စုံတော်မူသည်။ ဝါစာအစိန္တေယျဂုဏ်နှင့်ပြည့်စုံတော်မူသော ဘုရားတော်မြတ်၏ ကြီးမားသော အနှစ်သာရရှိလှသောအသံတော်ဖြစ်ပေသည်။

အဘိဓမ္မာတရားတော်များကို အကျဉ်းချုပ်၍ ရှင်သာရိပုတ္တရာအားဟောတော်မူသည်။ ထိုတရားတော်များကိုပင် ရှင်သာရိပုတ္တရာမထေရ်မြတ်က မိမိ၏ တပည့်ရဟန်းငါးရာကို မကျဉ်းမကျယ်ပြန်လည်ဟောကြားခဲ့သည်။

လူတို့ပြည်မှ အချိန်ကာလနှစ်တစ်ရာသည် တာဝတိံသာနတ်ပြည်မှ အချိန်ကာလတစ်ရက်နှင့် ညီမျှသည်။ မြတ်ဘုရားရှင်၏ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသော ဝါတွင်းကာလသုံးလဟူသည် နတ်ဗြဟ္မာများအတွက် အနည်းငယ်သောအချိန်မျှသာဖြစ်သည်။ လူသားစင်စစ်မှ ဘုရားဖြစ်လာသော မြတ်ဘုရားရှင်အနေဖြင့်မူ လူ့ပြည်၏ သဘာဝအတိုင်း သုံးလမျှကြာမြင့်သည့် ကာလပင်ဖြစ်သည်။ မြတ်ဘုရားရှင်သည် မိမိနှင့် ထပ်တူထပ်မျှတူညီသော ကိုယ်ပွားနိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်း၍ ဤမျှအတိုင်းအတာရှိသော တရားတော်ကို ငါ၏ကိုယ်စားဟောကြားရစ်စေသားဟု အဓိဋ္ဌာန်ပြုတော်မူ၏။

အဘိဓမ္မာတရားဟောကြားခြင်းသည် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းသို့ရောက်ရှိသည်။ ထိုအခါ သိကြားမင်းက မြတ်ဘုရားရှင်လူ့ပြည်သို့ ကြွတော်မူရန် စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပေးသည်။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့၏ အဖျားသည် မြင့်မိုရ်တောင်ထိပ်တွင် တည်ရှိ၍ အခြေသည် လူ့ပြည်ရှိ သင်္ကဿမြို့တံခါး၌ တည်ရှိသည်။ မြတ်စွာဘုရားရှင်သည် မြင့်မိုရ်တောင်ထိပ်တွင် ရပ်တည်တော်မူ၍ ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာများကို ပြတော်မူပေသည်။

မြတ်ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာခြင်းကို ပူဇော်သောအားဖြင့် သင်္ကဿနဂိုရ်ပြည်၊ သာဝတ္ထိပြည်၊ ဝေသာလီပြည်၊ ရာဇဂြိုဟ်ပြည်၊ ဗာရာဏသီပြည်စသည့် တိုင်းပြည်တို့က ဆီမီးထွန်းညှိ၍ ပူဇော်ကြသည်။ ပူဇော်ခြင်းကို အတုယူ၍ သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း မီးထွန်းပွဲတော်ကို နှစ်စဉ်ပြုလုပ်လာကြသည်။ ယင်းသို့ မြတ်ဘုရားရှင်က အဘိဓမ္မာတရားတော်ကို ဟောကြားပြီးဆုံးသည့်နေ့ဖြစ်၍ "အဘိဓမ္မာ အခါတော်နေ့"ခေါ်ဆိုလာကြသည်။

အဘိဓမ္မာတရားတော်များသည်-

(၁) ကုသိုလ်၊ အကုသိုလ်စသော တရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော **"ဓမ္မသင်္ဂဏီကျမ်း"**

(၂) ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့်ဝေဖန်ဟောကြားသော **"ဝိဘင်းကျမ်း"**

(၃) ဓာတ်အမျိုးမျိုးကိုဟောကြားသော **"ဓာတုကထာကျမ်း"**

(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသော **"ပုဂ္ဂလပညတ်ကျမ်း"**

(၅) အယူဝါဒနှင့် ဆိုင်သောစကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့် ပြည်စုံသော **"ကထာဝတ္ထု ကျမ်း"**

(၆) အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသော **"ယမိုက်ကျမ်း"**

(၇) အကြောင်းအမျိုးမျိုးနှင့် ကုသိုလ်စသော တရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့်လည်းကောင်း ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် **"ပဋ္ဌာန်းကျမ်း"** ဟူ၍ ခုနစ်ကျမ်းဖြစ်သည်။

အဘိဓမ္မာတရားတော်သည် မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသော တရားဖြစ်ခြင်း၊ တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊ မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း၊ ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီ ဟောကြားတော်မူခြင်းဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပါသည်။ ထို့ပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်း ဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံပေသည်။

"ဆဒန်ပိုင်ညီလာခံသည်၊ သီဟာပျံ့ဗွေမော့၊ ဒီပါလျှံလျှော့လို့၊ ရွှေကန်တော့စံချိန်၊ ရတနာထီးခွင်းကြို့၊ မီးမြင့်မိုရ်ပျို့ထိန်ထိန်ဟု . . . . ဝါကျွတ်ကန်တော့ပွဲကို နန်းတော်တွင်း၌ ကျင်းပခဲ့ပုံကို စာဆို ဦးကြော့ကတေးထပ်ဖြင့် ရေးဖွဲ့ခဲ့သည်။ ". . . ဌာန်တော့ဆီ၊ တကြောကလေးဆံကိုဖြီးလို့၊ ကန်တော့မိပြန်လိုက်စမ်းချင်လှ၊ နန်းမြို့ရိပ်ဟောင်းကိုလ၊ သော်တာမျှော်ပါ၊ ရောခါရမ်းရတယ်ရှင်၊ လွမ်းဖို့မိတ်ပေါင်း"၊

ဝါကျွတ်ချိန်ခါ သက်ကြီးပူဇော်ပွဲကို ဆင်နွှဲလိုသော ဆန္ဒကြီးမားစွာဖြင့် ပူဇော်ပွဲအမီ မိမိဌာနေသို့ ပြန်လိုသောစိတ်များ ဖုံးလွှမ်းကာ ရပ်ဝေးတစ်နေရာကနေ မှန်းဆတမ်းတလွမ်းတသသ ဖြစ်ရရှာသူလေးကိုလည်း ရှေးစာဆိုတစ်ဦးက သီတင်းကျွတ်လခွန်းထောက်တစ်ပုဒ်ဖြင့် ရေးဖွဲ့ထားခဲ့သည်ကို လွမ်းစဖွယ်တွေ့ရှိရသည်။

သက်ကြီးဝါကြီးများ၊ မိဘဆရာများအား ပူဇော်ကန်တော့ကြသည့်ဓလေ့သည် ဓမ္မအကြောင်း ရှုထောင့်မှ ကြည့်လျှင် ပူဇာစပူဇ နေယျာနံ မင်္ဂလာ၊ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောတစဿမင်္ဂလာ တရားတော်များဖြင့် အကျိုးထူးများကို ခံစားနိုင်သည်။ လောကအကြောင်းအနေဖြင့် ကြည့်လျှင် မိဘဆရာသမားတို့ထံမှ အဖိုးတန်သောဆုံးမစကားများကို နာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ ချီးမွမ်းခြင်းကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးသူများဟု အသိအမှတ်ပြုခံရသော အကျိုးတရားများကို ရရှိနိုင်သည်။ သံသရာခရီးသည်များသည် မျက်မှောက်ဘဝ၌ဖြစ်စေ၊ အတိတ်ဘဝ၌ ဖြစ်စေ၊ ကိုယ်၊ နှုတ်၊နှလုံးသုံးပါးတစ်ပါးပါးဖြင့် တစ်ဦးအပေါ် တစ်ဦး ပြစ်မှားမှုများရှိနိုင်၏။ ယင်းအပြစ်များကို တောင်းပန်ပူဇော်ကန်တော့ကြခြင်းဖြင့် ပပျောက်စေသည်ဟု မြတ်ဘုရားရှင် ဟောကြားတော်မူခဲ့သည်။

ဝါတွင်းဥပုသ်ဝါဆိုတော်မူကြသော သံဃာတော်များသည် ဝါကျွတ်လျှင် ဝိနည်းဒေသနာတော်အရ ဥပုသ် အစားပဝါရဏာပြုကြသည်။ ပဝါရဏာဆိုသော ပါဠိမှာ "ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း" ဟု အဓိပ္ပာယ်ရသည်။ ရဟန်းတော်များအချင်းချင်း အပြန်အလှန် ဖိတ်ကြားသော၊ တိုက်တွန်းတောင်းပန်သောပွဲပင်ဖြစ်သည်။

"အရှင်မြတ်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်လျှင်သော်လည်းကောင်း၊ ကြားလျှင်သော်လည်းကောင်း၊ ယုံမှားသင်္ကာရှိလျှင်သော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်" ဟူ၍ သုံးကြိမ်တိုင်တိုင် သံဃာအားဖိတ်ကြားတောင်းပန်ရသည်။

သီတင်းသုံးဖော်ရဟန်းတော်များ အချင်းချင်း တစ်ပါးသောပုဂ္ဂိုလ်ပေါ်တွင်ဖြစ်စေ၊ မိမိအပေါ်တွင်ဖြစ်စေ တရားတော်နှင့် မလျော်ညီ၊ ဗီလာဆန့်ကျင်သော ဖြစ်မှုများရှိခဲ့သော် အချင်းချင်းတောင်းပန် စုပေါင်းဝေဖန် ကြသောပွဲ၊ အမှားကို ပြုပြင် အမှန်ကို ဝန်ခံကြသောပွဲပင်ဖြစ်သည်။ သူတစ်ပါးတို့အား ဝေဖန်ရေးကို အနူးအညွတ်ဖိတ်ခေါ်သောပွဲလည်းဖြစ်သည်။ ထိုကျင့်စဉ်ကောင်းဖြင့် သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေးတရားတော်များကို ရယူနိုင်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် တည်တံ့စွာ ထိန်းသိမ်းပြုလုပ်လျက်ရှိကြပေသတည်း။ ။

**သီတင်းသုံးဖော် ရဟန်းတော်များအချင်းချင်း တစ်ပါးသော ပုဂ္ဂိုလ်ပေါ်တွင်ဖြစ်စေ၊ မိမိအပေါ် တွင်ဖြစ်စေ တရားတော်နှင့် မလျော်ညီ၊ ဗီလာဆန့်ကျင်သော ဖြစ်မှုများ ရှိခဲ့သော် အချင်းချင်းတောင်းပန် စုပေါင်းဝေဖန်ကြသော ပွဲ၊ အမှားကိုပြုပြင် အမှန်ကို ဝန်ခံကြသော ပွဲပင်ဖြစ်သည်။**

## ချောင်းသာကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အစည်းအဝေးပွဲကျင်းပ

**ရွှေသောင်ယံ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်သည် အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် ချောင်းသာကမ်းခြေ၏စည်းကမ်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မည့် အစီအစဉ်တစ်ရပ်အနေဖြင့် ရွှေသောင်ယံမြို့ရှိ ဌာနဆိုင်ရာများ၊ ချောင်းသာ ဟိုတယ်ဇုန်လုပ်ငန်းရှင်များ၊ ချောင်းသာကျေးရွာလူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ချောင်းသာကမ်းခြေစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နယူးချောင်းသာဟိုတယ်တွင် အစီအစဉ် (၅)ရပ်ဖြင့် ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ကမ်းခြေ ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းတို့ကို ရှင်းလင်းပြောကြားပြီး ချောင်းသာကျေးရွာရေပေးဝေရေးဆည် -၁ ကိစ္စ၊ ရေဆိုး ရေညစ်စွန့်ထုတ်မှုကိစ္စ၊ ဒီရေတော ပြုန်းတီးမှုကာကွယ်ရေးကိစ္စ၊ ရွှေ့ပြောင်းအိမ်ရာကျူးကျော်တဲများကိစ္စတို့ကို ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ချောင်းသာကမ်းခြေဆိုင်ရာ မိမိတို့ဌာနနှင့် သက်ဆိုင်သည့် အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားပြီး ချောင်းသာဟိုတယ်ဇုန်လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ချောင်းသာကျေးရွာဒေသခံတို့မှ ချောင်းသာကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် ပထမလုပ်ငန်းစဉ်အဖြစ် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ဟောပြောပွဲများ လက်ကမ်းစာစောင်များဖြင့် အသိပေးဆောင်ရွက်သွားမည်ဖြစ်ပြီး မလိုက်နာပါက ဒုတိယအဆင့်အနေဖြင့် ပြစ်ဒဏ်များ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်သာယာလှပသော ချောင်းသာကမ်းခြေရေရှည်ထိန်းသိမ်းသွားနိုင်ရန်၊ ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ခရီးသွားဧည့်သည်များ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် သဘောတူဆုံးဖြတ်၍မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။



ကိုကိုမောင်(ပြန်/ဆက်)

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးဆိုင်ရာအသိပညာပေးဆွေးနွေးဟောပြောပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကို စက်တင်ဘာ ၇ ရက်မှစ၍ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် ဌာနကြီးများသို့ သွားရောက်ဆွေးနွေးဟောပြောလျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းတို့အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်မှ ဝန်ထမ်း ၆၀၊ အမျိုးသားလွှတ်တော်မှ ဝန်ထမ်း ၅၀၊ ပြည်သူ့လွှတ်တော်မှ ဝန်ထမ်း ၁၀၀ စုစုပေါင်း ၂၁၀ တို့အား လွှတ်တော်ဝင်း ဇမ္ဗူသီရိဆောင်တွင် လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင် သောအဖွဲ့သည် နံနက်ပိုင်း၌ နိုင်ငံတော်သမ္မတရုံးမှ ဝန်ထမ်း ၅၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဝန်ထမ်း ၉၀ စုစုပေါင်းဝန်ထမ်း ၁၄၀ တို့ကို နိုင်ငံတော်သမ္မတရုံးတွင် လည်းကောင်း၊ ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးချုပ်တစ်ဦး၊ ဗိုလ်မှူးကြီး ၁၄ ဦး၊ ဒုဗိုလ်မှူးကြီး ၃၈ ဦးအပါအဝင် အရာရှိ ၂၅၄ ဦး၊ အခြားအဆင့်စစ်မှုထမ်း ၃၀၀ စုစုပေါင်း ၅၅၄ ဦးတို့အား နဝဒေးခန်းမ၌ လည်းကောင်း ဆွေးနွေးဟောပြောမှုများ ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးဟောပြောရာတွင် လူ့အခွင့်အရေး၏ သမိုင်းကြောင်းနှင့် အနှစ်သာရများ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် လုပ်ဆောင်ချက်များ၊ ကော်မရှင်ဥပဒေနှင့် တိုင်တန်းချက်များအကြောင်းများနှင့် မြန်မာနိုင်ငံက လက်မှတ်ရေးထိုး လက်ခံကျင့်သုံးလျက်ရှိသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များ အကြောင်းများကို အကျဉ်းချုပ် ရှင်းလင်း ဆွေးနွေးဟောပြောခဲ့ကြရာ တက်ရောက်ကြသူ ဝန်ထမ်းများက စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးခဲ့ကြကြောင်းနှင့် အောက်တိုဘာ ၂၃ ရက် ဟောပြောမှုများအပါအဝင် ဌာနကြီးပေါင်း ၄၀ ကို ဟောပြောပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကယားပြည်နယ်ကျက်သရေဆောင် ပြည်နယ်ခန်းမသစ်ကြီး လွိုင်ကော်မြို့တွင် ဖွင့်လှစ်

**လွိုင်ကော် အောက်တိုဘာ ၂၄**

ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ၌ ယနေ့နံနက် ၉ နာရီက ကယားပြည်နယ်ကျက်သရေဆောင် ပြည်နယ်ခန်းမသစ်ကြီး ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကယားပြည်နယ်တာဝန်ခံ ဦးစိုင်းခမ်းဝင်း၊ မြို့မိမြို့ဖ ဦးခီးရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး နန်းအေးရိပ်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းစန်းစန်းအေးက အဆင့်မြင့် ပြည်နယ်ခန်းမသစ်ကြီးတည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားပြီး အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားဝန်ကြီး ဦးစိန်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

# သီးနှံပေါ်ချိန် ကြက်အုပ်ဆောင်းဝယ်လိုအားကောင်း မြင်းမူကြက်အုပ်ဆောင်းနာမည်ရ

**မြင်းမူ အောက်တိုဘာ ၂၄**

တောင်သူများသီးနှံပေါ်ချိန် ဝယ်ယူမှုများသော ကြက်အုပ်ဆောင်းကို ဝယ်ပြီး အပေါက်ကိုဂျက်ပြားဖြင့်ပိတ်ကာ သီးနှံထည့်၍ သယ်ယူကြသည်။ ကြက်၊ ဘဲ အစရှိသည့် အကောင်ပေါက်များ ကြောင်၊ ခွေးရန်ကလွတ်ကင်းအောင် ဆောင်းဖြင့် အုပ်ပေးထားရသည်။

"ကြက်အုပ်ဆောင်းပြုလုပ်ရာတွင် အဓိကကုန်ကြမ်းမှာ တင်းဝါးဖြစ်ပါတယ်။ တင်းဝါးဝယ်ယူရာတွင် သေချာကြည့်ပြီး ရွေးရပါတယ်။ ဝါးက ရေထဲအကြာကြီးထားထားတော့ ရေနာပြီး နေပူထဲထောင်ထားတဲ့ဝါးမျိုးမဖြစ်စေရပါဘူး။ ဝါးကိုထက်ခြမ်းခွဲစိတ်ကာ ဆောင်းအကြီးနဲ့အသေးဆိုပြီး နှစ်မျိုးရက်ပါတယ်။ အကြီးရက်မယ်ဆိုရင် အတိုင်ပင်က သုံးတောင်တစ်ထွာ၊ အသေးရက်မယ်ဆိုရင် အတိုင်ပင်က သုံးတောင်လက်နှစ်လုံး ဖြတ်တောက်နွှာ၊ အကြောပင်ကိုယူပြီး အူပင်အချောင်းတစ်ရာကို ကျပ်တစ်ထောင်နဲ့ ရောင်းရပါတယ်။ ဆောင်းရက်တဲ့အခါ အူပင်ထည့်မရက်ပါဘူး။ ပတ်ရက်မယ့် အကြောပင်က ဝါးတစ်ဆုံးပါ။ ဆောင်းရက်တော့မယ်ဆိုရင် နွှာထားတဲ့အကြောပင်တွေကို ရေဆွတ်ထားရတယ်။ တစ်ရက်ကို တကယ်လုပ်မယ်ဆိုရင် အကြီး နှစ်လုံး၊ အသေးနှစ်လုံး ပြီးပါတယ်။ ဝါးတစ်လုံးကို ကျပ်တစ်ထောင်ပေးရပါတယ်။ ဆောင်းအကြီးရက်မယ်ဆိုရင် ဝါးသုံးလုံးကုန်ပါတယ်။ ဆောင်းအသေးရက်မယ်ဆိုရင် ဝါးနှစ်လုံးကုန်ပါတယ်။ ဆောင်းအကြီးတစ်လုံးကို ကျပ်ငါးထောင်၊ အသေးတစ်လုံး ကျပ်သုံးထောင့်ငါးရာ ရောင်းရပါတယ်။ အကြီးတစ်လုံးရောင်းရရင် ကျပ်နှစ်ထောင်မြတ်ပါတယ်။ အသေးတစ်လုံးရောင်းရရင် ကျပ်တစ်ထောင့်ငါးရာ မြတ်ပါတယ်။ နေ့တွက်ပါပဲ။ ဒါကျွန်တော်က အော်ဒါရက်တာ။ ရောင်းတန်းက ဒီလောက်မတောင့်ဘူး"ဟု ဆောင်းရက်လုပ်သူ ဦးသက်ဝေက ပြောသည်။ **(၆၂၄)**





**ပညာရေး၊ စီးပွားရေးအချက်အချာကျပြီး လူသွား၊ ယာဉ်သွား များပြားရှုပ်ထွေးလှသည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးရှိ အင်းစိန် ယာဉ်သွားလမ်းမကြီးကို ဖြတ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနောက်ပိုင်းခရိုင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော လူသွားခုံးကျော်စကြံ တံတားသည် ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်၍ မကြာမီအချိန်တွင် အများပြည်သူတို့ ယာဉ်အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာခွင့်ရရှိတော့မည့် မြင်ကွင်းကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။**

မြင့်သန်းကြည်(ရွှေပြည်သာ)

# ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ထားဝယ်မြို့တွင် သုည ဒသမ ၆၃ လက်မနှင့် ရေးမြို့တွင် သုည ဒသမ ၃၅ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက် လှော်ကားလမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ ဗဟိုစည်ဈေးတွင် ယနေ့နံနက်ပိုင်းက လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက် လှော်ကားလမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ ဗဟိုစည်ဈေးတွင် ယာဉ်မောင်း နေလင်းအောင်နှင့် ခင်မောင်ဝင်းတို့ ဆိုင်းခန်းငှားရမ်းခငွေကြေးတောင်းခံရာမှ အချင်းချင်းစကားများပြီး ခင်မောင်ဝင်းက နေလင်းအောင်ကို ဓားဖြင့်ထိုးခဲ့ရာ လည်ပင်းထိုးသွင်းဒဏ်ရာတစ်ချက်နှင့် ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာတစ်ချက်တို့ရရှိ၍ စံပြဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။

အဆိုပါသေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ နေလင်းအောင်၏ ဇနီး ဒေါ်လဲ့လဲ့ထွန်းက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၅၄၈)**

# လှိုင်သာယာမြို့နယ်တွင်ဖြစ်ပွားခဲ့သော သားမယားပြုကျင့်ခံရသည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အသိပညာပေးသတင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ သီလရှင် ဒေါ်--(၂၄)နှစ်သည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်အတွင်း အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် အလှူခံထွက်ခဲ့ရာမှ ပဲခူးသို့ပြန်ရန် အချိန်နှောင်းနေသဖြင့် အမှတ်(၃)လမ်းဆုံအနီး၌ တွေ့ရှိသော ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ ရဲဝင်းနိုင်၏ ဆိုင်ကယ်အားငှားရမ်းပြီး သီလရှင်ကျောင်းတစ်ကျောင်းသို့ ပို့ဆောင်ပေးရန် အကူအညီတောင်းခံခဲ့ကြောင်း၊ ရဲဝင်းနိုင်က အနီးရှိ သီလရှင်ကျောင်းသို့ လိုက်ပါပို့ဆောင်ပေးခဲ့သော်လည်း သီလရှင်များအား မတွေ့ရသဖြင့် မိမိ၏နေအိမ်သို့ လိုက်ပါတည်းခိုရန် ခေါ်ဆောင်သဖြင့် လိုက်သွားခဲ့ကြောင်း၊ ယင်းနေ့ည ၁၁ နာရီခွဲတွင် သီလရှင် ဒေါ်----သည် နေအိမ်နောက်ဖေးခန်း၌ အိပ်နေစဉ် ရဲဝင်းနိုင်က သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း တိုင်တန်း ချက်အရ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူ ရဲဝင်းနိုင်(၃၁)နှစ်အား ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

အဓမ္မမှုများ မဖြစ်ပွားစေရေးအတွက် အမျိုးသမီးများအနေဖြင့် အဖော်မဲ့ခရီးသွားလာစဉ် သူစိမ်းများအား ယုံကြည်မှုမလွန်ကဲရန်၊ နေအိမ်၌ တစ်ဦးတည်းရှိနေစဉ် အိမ်အဝင်အထွက် တံခါးနှင့်ပြတင်းတံခါးတို့ကို လုံခြုံစွာပိတ်ထားရန်၊ မည်သူ့ကိုမဆို အားနာခြင်း၊ ယုံကြည်မှုလွန်ကဲခြင်းဖြင့် နေအိမ်အတွင်းသို့ အလွယ်တကူ ဝင်ခွင့်မပြုရန်၊ အလုပ်သွား အလုပ်ပြန် အချိန်နှောင်းလျှင် အဖော်ဖြင့် ကြိုပို့ပြုလုပ်ရန်တို့ကို သတိပြုဆောင်ရွက်သင့်ကြောင်းနှင့် ကလေးသူငယ် အမျိုးသမီးငယ်များအတွက် နေ့/ည အုပ်ထိန်းသူမရှိချိန်တွင် ကာကွယ်မှုအကူအညီရနိုင်သော ယုံကြည်ရသည့် မိန်းမဖော်နှင့် နေထိုင်ခြင်းဖြင့် အန္တရာယ်ကင်းနိုင်သည်ကို သတိပြုရန်၊ မည်သည့်အရွယ်ရှိ သမီး မိန်းကလေးငယ်ကိုမဆို နေအိမ်၌လည်းကောင်း၊ မျက်ကွယ်၌လည်းကောင်း တစ်ဦးတည်းထားခဲ့ခြင်းဖြင့် အန္တရာယ်ရှိလာနိုင်သည်ကို သတိပြုဆင်ခြင်နိုင်ရန် လိုကြောင်း ဖော်ပြပါ အလားတူ မှုခင်းဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ခရီးသွားလာစဉ် အကြောင်းအမျိုးမျိုးကြောင့် အချိန်နောက်ကျမှုများကြုံတွေ့ပြီး အခက်အခဲများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် နီးစပ်ရာ ရဲစခန်းများသို့ ဆက်သွယ်အကူအညီတောင်းခံသင့်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက အသိပညာပေး သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခင်းကျင်းပြသထားသော ဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ☆ ကုလသမဂ္ဂမှ

ထိုအချိန်မှစပြီး ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးရာမူဝါဒနှင့် အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာခဲ့ပါကြောင်း၊ ယခု နှစ်ပတ်လည်အခမ်းအနားသည် အဖွဲ့ကြီး၏ သမိုင်းမှတ်တိုင်တစ်ခုပင် ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ နှစ် (၇၀) ပြည့် အထိမ်းအမှတ်နှစ်ဖြစ်ရုံမျှမက လူသားများအတွက် ပိုမိုကောင်းမွန်သည့် ဘဝများမှ ယုံကြည်မျှော်လင့်လျက် ကမ္ဘာ့ခေါင်းဆောင်ကြီးများက ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို တညီတညွတ်တည်း အတည်ပြုချမှတ်နိုင်ခဲ့သည့် နှစ်လည်း ဖြစ်ပါကြောင်း။

အတည်ပြုချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ၁၇ ချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရန်နှင့် အခွင့်အရေးများကို အပြည့်အဝလေးစားမှုရှိသည့် ကမ္ဘာကြီးဖြစ်ပေါ်လာရန် အနှိုင်းမဲ့ သဘောတူညီချက်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ၁၇ ချက်သည် နောင်လာမည့် ၁၅ နှစ်အတွက် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးမည့် မူဘောင်ပင် ဖြစ်ပါကြောင်း။

ယခုနှစ် ကုလသမဂ္ဂ၏ ဆောင်ပုဒ်ဖြစ်သည့် နှစ် (၇၀) ပြည့် **"ကုလသမဂ္ဂ ကတိကဝတ်တစ်ခုမှ တစ်ဆင့်အကောင်အထည်ဖော်ခြင်းသို့"** ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို မဆုတ်မနစ် အကောင်အထည်ဖော်ရန်နှင့် နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့်အသီးသီးတွင် မိမိတို့၏ ကတိကဝတ်များကို ပြီးမြောက်စေရန် ရည်မှန်းထားပါကြောင်း။

အဖွဲ့ကြီးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရာတွင် အမြင့်ဆုံးအောင်မြင်မှုကို ရရှိနေပါကြောင်း၊ ကမ္ဘာ့တိုက်ကြီး လေးခုတွင် ဖြန့်ကြက်ထားသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ၁၆ ဖွဲ့သည် ငြိမ်းချမ်းရေးအတွန့်ရှည်ရန်အတွက် အခြေအနေများကို ဖန်တီးနိုင်ခြင်း၏ သာဓကဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် တောင်ဆူဒန်နှင့် လိုင်ဘေးရီးယားတို့တွင်ရှိသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များသို့ ပါဝင်ခြင်းဖြင့် မိမိတို့နိုင်ငံမှ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များအပေါ် အားပေးထောက်ခံမှုသမိုင်းကို ဆန်းသစ်စေပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ဆင်းရဲနွမ်းပါးမှုများနှင့် ဆာလောင်မှုပပျောက်ရေး၊ လက်နက်ကိုင်ပဋိပက္ခများမဖြစ်ပွားရေး၊ အမျိုးသမီး၊ မသန်စွမ်းသူများနှင့် လူနည်းစုများ၏ အခွင့်အရေး မြှင့်တင်ရေးတို့မှ အစပြု၍ နည်းပညာရပ်ဆန်းသစ်တီထွင်မှုကိစ္စရပ်များအထိ ပါဝင်သည့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆူနာမီရေဘေး၊ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းမှသည် ယခုနှစ်အတွင်း နိုင်ငံ၏နေရာအနှံ့ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဖြစ်ပွားခဲ့သည့် ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဘေးဒုက္ခရောက်ရသူများအတွက် အကူအညီများ ပေးအပ်ရာတွင် ကုလသမဂ္ဂအနေဖြင့် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေအဖွဲ့နှင့် လက်အောက်ခံအဖွဲ့အစည်းများသည် မြန်မာပြည်သူများ၏လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်စွာ အကူအညီပေးလျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေအဖွဲ့သည် မြန်မာနိုင်ငံအတွက် ယုံကြည်အားထားရမည့်အဖွဲ့အဖြစ် မိမိတို့ အသိအမှတ်ပြုပြီး ယင်းသို့ နိုင်ငံတကာတွင် ပြည်သူ့ဝန်ဆောင်မှုများကို အကောင်းဆုံးစံနမူနာ ကြိုးပမ်းဆောင်ရွက်နေသည့် ကုလသမဂ္ဂဝန်ထမ်းများအား အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံရသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း။

ကုလသမဂ္ဂဝန်ထမ်းများ၏ ထူးချွန်ပြောင်မြောက်သော အနစ်နာခံဆောင်ရွက်မှုများ၊ လုပ်ဆောင်ချက်များကို မိမိအနေဖြင့် အသိအမှတ်ပြုကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များအပေါ်တွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်း၏ အားပေးထောက်ခံမှုများကို အထူးကျေနပ်အားရပါကြောင်း။

မကြာသေးမီက နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ခြင်းသည် မိမိတို့၏ အရေးကြီးသည့် စွမ်းဆောင်ချက်များစွာထဲမှ တစ်ခုဖြစ်ပါကြောင်း။

ထိုကဲ့သို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းတွင် နှစ်ကာလကြာရှည်စွာ ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်စေမည့် အရေးပါသည့် အောင်မြင်မှုတစ်ခုဖြစ်သည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံသားတစ်ဦးဖြစ်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ အဆိုအမိန့်တစ်ခုဖြစ်သော **"မိမိ၏ သူတစ်ပါးအပေါ် ဆောင်ရွက်ချက်များအားလုံးသည် မိမိအား ရောင်ပြန်ဟပ်သည်ဟူသော အတုံ့အလှည့် သဘောတရားကို လူတိုင်းက သိရှိနားလည်သဘောပေါက်ကြမည်ဆိုပါက ဤကမ္ဘာကြီးသည် ပျော်ရွှင်ငြိမ်းချမ်းတဲ့နေရာ ဖြစ်လာပေလိမ့်မယ်"** ဟု ပြောကြားမှုကို ထပ်ဆင့်ပြောကြားလိုပါကြောင်း။

ယနေ့ ကျင်းပသော ကုလသမဂ္ဂနေ့အခါသမယတွင် လူတိုင်းအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံသည့် ကမ္ဘာကြီး တည်ဆောက်ရေးအတွက် မိမိတို့တစ်ဦးချင်း၏ ကတိကဝတ်များဖြင့် သန္နိဋ္ဌာန်တို့ကို ထပ်လောင်းအတည်ပြုကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့်သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ်လီယန်က ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များအား ဗီဒီယိုမှတ်တမ်းဖြင့် တင်ဆက်ပြသပြီး ကျောင်းသား ကျောင်းသူလေးများက အဖွဲ့လိုက်တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ်လီယန်တို့က အကြိမ်(၇၀)မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် အကြိမ် (၇၀) မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးများ၊ ကုလသမဂ္ဂမှပေးပို့သည့် ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

---

နည်းပညာသတင်း | ALEZ

# ကျယ်ပြန့်သောမျက်နှာပြင်နှင့် ကောင်းမွန်သောအရည်အသွေးရှိ Oppo R-7 Plus

Oppo အမှတ်တံဆိပ်စမတ်ဖုန်းများမှာ စျေးနှုန်းသက်သာမှုနှင့် ဒီဇိုင်းလှပသပ်ရပ်မှုတို့ကြောင့် ပြည်တွင်းစျေးကွက်အတွင်း နေရာတစ်ခုရရှိလာပြီဖြစ်သည်။ ယခုလအတွင်း Oppo မှထပ်မံ၍ စျေးကွက်အတွင်း မိတ်ဆက်ပေးမည့် စမတ်ဖုန်းတစ်မျိုး ဆက်လက်ပေါ်ထွက်လာပြီဖြစ်သည်။ သုံးစွဲသူများ မျှော်လင့်ထားသကဲ့သို့ အရွယ်အစားကြီးမားသည့် အမျိုးအစားတစ်မျိုးပင်ဖြစ်သည်။




Oppo R 7 Plus ကို သုံးစွဲသူများ သိရှိစေနိုင်ရန် ၎င်းနှင့်ပတ်သက်သည့်အချက်အလက်အနည်းငယ်ကို ပြန်လည်မျှဝေပေးလိုက်ရပါသည်။ R 7 Plus သည် Oppo ၏ R 7 ကဲ့သို့ပင် ကောင်းမွန်သည့်ဒီဇိုင်းဖြင့်တည်ဆောက်ထားသည်။ ကြီးမားသည့်မျက်နှာပြင်နှင့် သတ္တုစပ်ကိုယ်ထည်တွင် ပိုမိုကျယ်ဝန်းစေသော ဆင်ခြေလျှောအနားစွန်းများပါဝင်သည်။ ၇ ဒသမ ၈ မီလီမီတာ အထူရှိပြီး ဖုန်း၏ကျောဘက်တွင် Fingerprint ပါဝင်လာပြီဖြစ်သည်။ မျက်နှာပြင်အကျယ် ခြောက်လက်မရှိပြီး Pixel သိပ်သည်းဆ 367 ppi ဖြစ်သောကြောင့် ဖုန်းအားကြည့်ရှုမြင်တွေ့ရပုံမှာ အလွန်ကောင်းမွန်သည်ဟု ဆိုရမည်။ ဖုန်း၏မျက်နှာပြင်တွင် စစ်မှန်သော အရောင်များနှင့် မြင်ကွင်းရှုထောင့် အလင်းအမှောင်ထောက်ပံ့ပေးမှု အားကောင်းသောကြောင့် နေရောင်ထဲတွင်ပင် ကြည့်ရှုအသုံးပြုနိုင်သည်။ ထို့အပြင် ဖုန်းအပူ လွန်ကဲမှုမရှိခြင်းမှာလည်း ထူးခြားချက်တစ်ခုပင်ဖြစ်သည်။ အဆိုပါဖုန်းဖြင့် အချိန်ကြာမြင့်စွာ အသုံးပြုရာတွင် ခပ်နွေးနွေးသာဖြစ်နေသည်ကို တွေ့ရသည်။ အသံပိုင်းဆိုင်ရာတွင် အနည်းငယ်အားနည်းချက်ရှိပြီး စပီကာကို ကျောဘက်တွင်တပ်ဆင်ထားကာ လက်ထဲတွင် ဆုပ်ကိုင်ထားချိန်တွင် အသံတိုးတိုးသာထွက်သည်။ R 7 Plus တွင် ကြီးမားသည့် 4100 mAh ဘက်ထရီပါဝင်ပြီး ဖုန်းကိုဖွင့်ကာ အသုံးပြုရာတွင် ငါးနာရီကျော် အသုံးပြုနိုင်သည်။ ဘက်ထရီအားကုန်သွားသည့်အခါ ဖုန်းတွင်ပါဝင်သည့် VOOC စနစ်ဖြင့် လျင်မြန်စွာအားသွင်းနိုင်သည်။ အရှေ့ဘက်တွင် 8 MP ကင်မရာနှင့် အနောက်ဘက်တွင် 13 MP ကင်မရာအပြင် Laser Auto-Focus နှင့် LED Flash တို့ပါဝင်သည်။ ကင်မရာ၏စွမ်းဆောင်ရည် အမှန်တကယ်ကောင်းမွန်ပြီး အလင်းနည်းသောနေရာတွင် ရိုက်ကူးရာတွင် Shutter က နှေးသွားမည်ဖြစ်သော်လည်း ထွက်ပေါ်လာသည့် ရလဒ်က အမှန်တကယ်ကောင်းမွန်သည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းသည် Oppo ၏ RGBW Sensor ကြောင့်ဖြစ်ပြီး သာမန် RGB Set-up တွင် အဖြူကို Pixel ပေါင်းစပ်ခြင်းဖြစ်သည်။ အဆိုပါ Sensor သည် Light Sensitivity ကို ၃၂ ရာခိုင်နှုန်း တိုးမြှင့်ပေးပြီး ၇၈ ရာခိုင်နှုန်း လျှော့ချပေးသည်။ ဖုန်းကို Android 5.1.1 Lollipop စနစ်ထည့်သွင်းထားပြီး ၎င်းသည် Oppo ၏ R 7 နှင့် R 7 Plus တွင် သိသိသာသာကွဲပြားသောအချက်ဖြစ်သည်။

Oppo R 7 Plus သည် နာမည်ကျော် ဘာစီလိုနာဘောလုံးအသင်းနှင့် မိတ်ဖက်စာချုပ်ချုပ်ဆိုထားပြီး ဖုန်း၏နောက်ကျောဘက်တွင် အသင်း၏အမှတ်တံဆိပ်ထွင်းထားသည်။ စျေးနှုန်းသတ်မှတ်ချက်အနေဖြင့် ဖုန်းကိုဒေါ်လာ ၄၈၀ (မြန်မာဘာစီလိုနာဖားရှင်းအတွက် ကျပ် ၆၉၉၀၀၀)ဖြင့် ဝယ်ယူနိုင်ပြီး ပြည်တွင်းတွင် အလုံးရေ ၅၀၀၀ သာ ရောင်းချမည်ဖြစ်သည်။

## ပြည်တွင်းရေးရာ

❍ **မိုးစပါးမှ**

စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သည်။

ယခုနှစ်များအတွင်း ရာသီဥတုအခြေအနေနှင့် ဒေသအခြေအနေအရ ဖျာပုံခရိုင်၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေမှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၈၃၁၀၉၆ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၈၂၅၀၇၆ ဧက၊ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် ၈၂၈၆၄၃ ဧကနှင့် ၂၀၁၅-၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ ၈၂၈၄၄၅ ဧက အသီးသီး ရှိခဲ့ရာ အဆိုပါနှစ်များ၏ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုများကို ဖော်ပြပါအတိုင်း နှိုင်းယှဉ်တွေ့ရှိလာရသည်။ ထိုကဲ့သို့ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု အခြေခံအကြောင်းရင်းများအား သိလို၍ မေးမြန်းကြည့်ရာ "စိုက်ဧကကျယ်ဝန်းသလောက် စနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးသလောက် အောင်မြင်ဖြစ်ထွန်းဖို့လိုပါတယ်။ ရေကြီးနစ်မြုပ်မှု၊ ရောဂါဝင်ရောက်မှုနဲ့ ထူးကဲမိုးရွာသွန်းမှု စတဲ့ သဘာဝဘေးအန္တရာယ်တွေ မကျရောက်ဖို့လည်း လိုအပ်သလို ရေ၊ မိုး စိုက်ပျိုးနိုင်ရေးနဲ့ လိုအပ်တဲ့သွင်းအားစု (ဓာတ်မြေဩဇာ၊ ပိုးမွှားကာကွယ်ဆေး)တွေ အချိုးကျသုံးစွဲနိုင်ရေးအပြင် အချိန်မီမိုးလွတ်လေလွတ် ရိတ်သိမ်းခြွေလှေ့သိုလှောင်နိုင်ရေးတွေလည်း အဓိကကျပါတယ်။ ပြီးတော့ လိုအပ်တဲ့နေရာတွေမှာ ကြံ့ခိုင်မှုရှိတဲ့ ကျွန်းပတ်တာတွေ အလုံအလောက်ရှိဖို့ ရေတံခါး၊ ရေထိန်းတံခါးတွေ၊ ရေထုတ်မြောင်း၊ မြောင်းမနဲ့ လက်တံမြောင်းတွေ စတဲ့ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်နဲ့အညီ တည်ဆောက်တူးဖော်ပေးထားဖို့လည်း လိုအပ်မယ်လို့ထင်ပါတယ်။ စိုက်ပျိုးချိန်အစ ရိတ်သိမ်းသိုလှောင်ချိန်အဆုံး စက်ယန္တရားအင်အား၊ အလုပ်သမားအင်အားနဲ့ အချိန်မီဆောင်ရွက်နိုင်ဖို့လည်း လိုအပ်နိုင်ပါတယ်။ ဒါတွေအဆင်ပြေမှုရှိရင် ရှိသလို အောင်မြင်ဖြစ်ထွန်းပါတယ်"ဟု ဖျာပုံမြို့နယ် အောင်သာယာကျေးရွာမှ တောင်သူ ဦးတင်စိုးက ပြောသည်။

ဆန်စပါးသည် နိုင်ငံသားအားလုံးတို့၏ အသက်သွေးကြော၊ နိုင်ငံ၏ စီးပွားရေးတစ်ရပ်ဖြစ်သည်နှင့်အညီ စပါးသီးနှံဖွံ့ဖြိုးရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရေးသည်လည်း အဓိကကျသော အချက်တစ်ချက်ဖြစ်သည်။ "ကျွန်တော်တို့ မော်ဘီအရှေ့ကွင်းမှာ အဓိကစိုက်ပျိုးတဲ့ စပါးမျိုးတွေကတော့ ပေါ်ဆန်းမွှေး၊ ဘေးကျားလေး (ဖျာပုံရွှေလက်ပန်ဘေးကျားလေး)၊ ဘေးကျားကြီး၊ တောင်ပျံနဲ့ ရွှေဘိုဘေးကျား (ရွှေဘိုပေါ်ဆန်း) စတာတွေပဲဖြစ်ပါတယ်။ ဒါ့အပြင် အသွယ်ကြီး၊ အသွယ်လေး၊ လာအို၊ ဗီယက်နမ်ကောက်ညှင်းတွေလည်း အောင်မြင်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဧက ၄၀ ကျော်စိုက်ပါတယ်။ စိုက်ဧကများလာတာနဲ့အမျှ ကြုံတွေ့ရတဲ့ အခက်အခဲက မိုးလေဝသ၊ ရာသီဥတု မမှန်ကန်မှုနဲ့ လုပ်သားရှားပါးမှုပြဿနာပါ။ နောက်တစ်ချက်က ရိတ်သိမ်းချိန်မှာ ရိတ်သိမ်းခြွေလှေ့ အခြောက်လှန်းစက် စတဲ့ ဆက်စပ်ကိရိယာအင်အားလည်း လိုတယ်ပေါ့။ ဓာတ်မြေဩဇာအနေနဲ့ကတော့ တီစူပါ၊ ပုလဲနဲ့ ပိုတက်တွေကို မိမိတို့နှစ်သက်တဲ့ တံဆိပ်အလိုက် ဝယ်ယူသုံးစွဲတာများပါတယ်။ ကျွန်တော်တို့ကွင်းက မိုးစပါး၊ နွေစပါးနှစ်မျိုးလုံး ကွင်းပြည့်စိုက်တဲ့ဒေသပါ။ မော်ဘီအရှေ့ကွင်းတစ်ခုတည်းတောင် မိုးစပါးဧကခန့်မှန်း ၂၀၀၀ လောက်ရှိတယ်ဆိုတော့ ရေထုတ်အား ပိုမိုကောင်းမွန်ဖို့အတွက် ခြောက်လက်မ၊ ကိုးလက်မ၊ ၁၂ လက်မအစားစားရှိတဲ့ ရေသွင်း/ရေထုတ်ပြွန် လေးတွေ၊ လယ်ခြားမြောင်းလေးတွေ သက်ဆိုင်ရာသင့်တော်သလို တည်ဆောက်ပေးရင်တော့ လက်ရှိထက်ပိုပြီး စိုက်ပျိုးရေးအဆင်ပြေလာနိုင်ပါတယ်။ အခုလက်ရှိတော့ ကိုကျော်အေး၊ ကိုအေးမင်းနဲ့ ကိုမြင့်ဦးတို့ရဲ့ ရိုးတွေကိုပဲ အားကိုးပြီးကွင်းရေနုတ်နေရတာပါ။ ကျွန်တော်တို့ ကွင်းကတော့ ကွဲရော၊ စက်ရောနှစ်မျိုးလုံးသုံးပါတယ်။ ဒီနှစ်မှာ ထိုင်ဝမ်ခရုလို့ခေါ်တဲ့ ရွှေခရုကျားတွေလည်း အတော်ကိုက်တယ်။ နိမ့်နင်းလို့လည်း မလွယ်ဘူး။ အချို့ဆို ခရုကိုက်လို့ လယ်ဧက ၂၀ လောက် ပျက်စီးကုန်တယ်။ အကုန်လုံးတစ်ကပြန်စိုက်နေရတယ်" ဟု ဖျာပုံမြို့နယ် မော်ဘီကျေးရွာမှ တောင်သူဦးအောင်ကြည်က ပြောသည်။

ယခုနှစ်ဖျာပုံခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်ထိ ဖျာပုံမြို့နယ်တွင် ၁၃၄၃၃၁ ဧက၊ ကျိုက်လတ်မြို့နယ်တွင် ၁၃၂၇၅၄ ဧက၊ ဘိုကလေးမြို့နယ်တွင် ၃၁၀၈၂၄ ဧက၊ ဒေးဒရဲမြို့နယ်တွင် ၁၇၈၀၉၅ ဧကနှင့် အမာမြို့နယ်တွင် ၇၂၂၅၉ ဧက စုစုပေါင်း ၈၂၈၂၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ဖျာပုံခရိုင်အတွင်း ကျွန်းပတ်တာ ၃၅၅ ဒသမ ၁၆ မိုင်၊ ရေတံခါးအရေအတွက် ၆၂ လုံး၊ ရေထုတ်တံခါးပေါက် ၃၈၇ ပေါက်၊ ရေထိန်းတံခါးပေါက် ၁၄၉ ပေါက်၊ ကျွန်းတွင်းဆက်သွယ်ရေးအဆောက်အအုံ လေးခု၊ ရေနုတ်မြောင်း အားလုံး အလျား ၁၀၇ ဒသမ ၄၄ မိုင်နှင့် ရေငန်နှင့် ရေဘေးကာကွယ်ဧက ၂၆၂၆၆၃ ဧက ဖြစ်ကြောင်း သိရသည်။



# NCA လက်မှတ်ရေးထိုးခြင်းကို ထောက်ခံပွဲအခမ်းအနား ကျင်းပ

**မူဆယ် အောက်တိုဘာ ၂၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း ထောက်ခံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မူဆယ်မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်း၊ ကချင်၊ တအာင်း (ပလောင်)၊ ကရင်စသည့် တိုင်းရင်းသား ၁၃၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းခမ်းမြတ်က အဖွင့်အမှာစကားပြောကြားပြီး မူဆယ်မြို့နယ်တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမိုင်းလှရွှေက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းကို ထောက်ခံကြောင်းအဆိုကို မူဆယ်မြို့နယ် ဗမာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က အဆိုကိုထောက်ခံကြောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူ တိုင်းရင်းသားပြည်သူများ၏ သဘောတူညီချက်ကိုရယူကာ တစ်ခဲနက်ထောက်ခံခဲ့ကြပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၀၁၁၂)

❂ **ကျောဖုံးမှ**

အဆင့်လေးအတွင်း ဝင်ရောက်နိုင်ရန် မျှော်လင့်ချက်ရှင်သန်လာခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစပိုင်းတွင် ကမ္ဘောဇအသင်းပိုဖိကစားနိုင်ခဲ့သည်။ ပွဲအစ ၁၃ မိနစ်မှာပင် ကမ္ဘောဇအသင်း နှစ်ဂိုးရခဲ့ပြီး ကိုးမိနစ်တွင် ပိုလန်နှင့် ၁၃ မိနစ်တွင် ဂျော်ဂျီတို့က သွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ကမ္ဘောဇအသင်း မထင်မှတ်ဘဲ ကစားကွက်ပျက်သွားပြီး ဟံသာဝတီအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၄ မိနစ်တွင် ဟံသာဝတီအသင်း ပထမချေပဂိုးရခဲ့ပြီး မောင်မောင်လွင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာ ဒုတိယပိုင်းတွင် ချေပဂိုး ရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၄ မိနစ်တွင် ပင်နယ်တီရရှိခဲ့သည်။ အဆိုပါ ပင်နယ်တီကို ဘမ်ဘာက ကန်သွင်းယူခဲ့၍ ဟံသာဝတီအသင်း ဒုတိယချေပဂိုး ရရှိခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ကမ္ဘောဇအသင်း ကစားအားပြန်တင်လာ၍ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် အိမ်ရှင်ကမ္ဘောဇအသင်း အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို ပင်နယ်တီမှ တစ်ဆင့် ဂျော်ဂျီက သွင်းယူခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များတွင် မကွေးအသင်းက နေပြည်တော်အသင်းကို လေးဂိုး-တစ်ဂိုး၊ ရတနာပုံအသင်းက ချင်းယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချင်းယူနိုက်တက်နှင့် ဧယျာရွှေမြေအသင်းတို့နှစ်ဂိုးစီ သရေကျသွားသည်။ ယနေ့ယှဉ်ပြိုင်သည့် ပွဲတွင် အဆင့် (၁၁)နေရာမှ နေပြည်တော်အသင်း အရေးနိမ့်ခဲ့သောကြောင့် တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့် အသင်းများထဲမှ ဇွဲကပင်၊ ချင်းယူနိုက်တက်၊ ဧယျာရွှေမြေနှင့် ဟံသာဝတီအသင်းတို့ တန်းဆင်းဇုန်မှ လွတ်မြောက်သွားသည်။ ယင်းအတွက်ကြောင့် တန်းဆင်းနှစ်နေရာတွင် ရခိုင်၊ နေပြည်တော်နှင့် မနောမြေတို့ သုံးသင်းစလုံး အပြိုင်လုရတော့မည်ဖြစ်သည်။

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

**ဇွဲကပင် - ရန်ကုန်**

**(အောင်ဆန်းကွင်း)**

**မနောမြေ - ရောဝတီ**

# ငါးမွေးတောင်သူများအား ပြန်လည်ထူထောင်ရေး ငါးသားပေါက်များပေးအပ်

**ညောင်တုန်း အောက်တိုဘာ ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာငါးမွေးတောင်သူများအား ငါးသားပေါက်များထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက်က ဇီးဖြူကျွန်းကျေးရွာ MBG စိုက်ပျိုးမွေးမြူရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဝင်းက ဩဂုတ်လအတွင်းက မြင့်တက်ခဲ့သော ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ငါးမွေးတောင်သူများအား တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် ငါးသားပေါက်များကို အသီးသီးပေးအပ်သည်။

ယင်းနေ့က ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သော ကျေးရွာအုပ်စုများဖြစ်သည့် ရန်ကင်းစံရာ၊ အင်းမ၊ ပါလှဲ၊ ဝဲဒေါင့်၊ ဆင်ထုံး၊ စွန်တနီး၊ ကုက္ကိုဝ၊ ကျောင်းစု၊ မဲဇလီ(ရွာဟောင်း)နှင့် သဇင်ရေကျော်ကျေးရွာအုပ်စုများ ပျက်စီးဆုံးရှုံးသွားသော ငါးမွေးကန်ဧက ၅၀၉၀ ဒသမ ၉၉ ဧကဖြစ်ပြီး ကျန်ရှိနေသော ပျက်စီးဆုံးရှုံးသွားသည့် ငါးမွေးတောင်သူများအား ဆက်လက်၍ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၆)

❖ **ငှက်ပျောသီးမှ**

တီထွင်ဖန်တီးကာ ယင်းပရိုတင်းက ကြွက်များအား တုပ်ကွေးဖြစ်ခြင်းမှ ကာကွယ်ပေးကြောင်း၊ ထို့အတူ BanLec အမျိုးအစား ပရိုတင်းတစ်မျိုးသည် အေအိုင်ဒီအက်စ်၊ အသည်းရောင်အသားဝါစီပိုးနှင့် တုပ်ကွေးရောဂါကို ဖြစ်စေသည့် ဗိုင်းရပ်စ်များကို တိုက်ထုတ်ဖယ်ရှားနိုင်သည်ဟု တစ်သျှူးနှင့် သွေးနမူနာ ဓာတ်ခွဲစမ်းသပ်ချက်အရ တွေ့ရှိရကြောင်း သုတေသနတွင် ပါဝင်သူ မီချီကန်ဆေးတက္ကသိုလ်မှ ပါမောက္ခ မာ့ခ်ကိုဗစ်ဇ်က ဆိုသည်။ **(ဆင်ဟွာ)**

# မဲဇလီကြိုးဝိုင်းအတွင်း သေဆုံးနေသော ဟိုင်းဆင်ထီးတစ်ကောင်တွေ့ရှိ

**ပုသိမ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငါးရန့်ချောင်းကျေးရွာအုပ်စု ကျောက်ရေတွင်းကျေးရွာအနီး မဲဇလီသစ်တောကြိုးဝိုင်းအတွင်း၌ အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက ဆင်တစ်ကောင် သေဆုံးနေကြောင်း သတင်းအရ ငပုတောမြို့မရဲစခန်းမှ ရဲအုပ်ကျော်ကျော်ဝင်းနှင့်အဖွဲ့၊ မြို့နယ်သစ်တောမှ တောအုပ်ဇော်မင်းဦးနှင့်အဖွဲ့၊ မြို့နယ်တိ/ကုဌာနမှ ဦးထွန်းထွန်းဇော်တို့နှင့်အတူ သွားရောက်စစ်ဆေးသည်။

ဆင်သေအား စစ်ဆေးကြရာ အလျား ၁၄ ပေခန့်၊ လုံးပတ် ၁၃ ပေခန့်၊ အမြင့် ၁၂ ပေခန့်၊ အသက်(၄၀)နှစ်ခန့်ရှိ အနက်ရောင် ဟိုင်းဆင်ထီးတစ်ကောင်သည် ပုပ်ပွ၍ သေဆုံးနေသည်ကိုတွေ့ရှိရသည်။

သေဆုံးမှုနှင့် ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနက အကြောင်းအရင်းကို စစ်ဆေးရှာဖွေလျက်ရှိကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

✳ **၂၀၁၆ ခုနှစ်မှ**

ယင်းနောက်ပိုင်းတွင် အမြင့်ဆုံး ဒုတိယနေရာသာ ရရှိတော့သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၅ ပြိုင်ပွဲတွင်လည်း မြန်မာအမျိုးသမီးအသင်းမှာ ဒုတိယနေရာသာ ရရှိခဲ့သည်။ အာဆီယံဖူဆယ်ပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းလည်းဖြစ်သည်။

ယခုကျင်းပသော AFF ကောင်စီ အစည်းအဝေးတွင် အာဆီယံဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို စုစုပေါင်း ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်ရွေးချယ်ခံခဲ့ရသည်။

**(သတင်းနှင့် ဓာတ်ပုံ -ချစ်ကိုကို)**



အိုလံပစ်ခြေစစ်ပွဲတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ကော့သောင်းတွင် ဒုတိယအကြိမ် မီးခိုးမိုးတိမ်များ မြို့အနှံ့ အုံ့ဆိုင်း ကျန်းမာရေးထိခိုက်နိုင်သဖြင့် ကျန်းမာရေးအသိရှိရေးနှိုးဆော်

**ကော့သောင်း အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ယနေ့ နံနက်ပိုင်းမှ စတင်ကာ မြို့လုံးအနှံ့ ကောင်းကင်ယံတွင် မီးခိုးမိုးတိမ်များ အုံ့ဆိုင်းမှု ဖြစ်ပွားလျက်ရှိရာ လွန်ခဲ့သည့် အောက်တိုဘာ ၇ ရက်က ပထမအကြိမ် ဖြစ်ပွားခဲ့ပြီး ယခုအကြိမ်သည့် ဒုတိယအကြိမ်မြောက် ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါ မီးခိုးမိုးတိမ်များ အုံ့ဆိုင်းမှုမှာ အင်ဒိုနီးရှားနိုင်ငံ တောမီးလောင်မှုမှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားတောမီးလောင်မှုဖြစ်ပွားခဲ့သည်မှာ နှစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အင်ဒိုနီးရှားနိုင်ငံ စင်တရာကလိမန်တန်ခရိုင် ပါရန်ကရာယာမြို့တွင် မီးခိုးတိမ်များထူထပ်လျက်ရှိရာ အကွာအဝေး ၁၀ မီတာသာမြင်ရပြီး ကောင်းကင်အမြင့် ၄၀၀၀ psi ဖြစ်သဖြင့် လေဆိပ်များပိတ်ထားရကြောင်း၊ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ယခုတိုင် အကျိုးသက်ရောက်မှုရှိနေဆဲဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ထိုင်းနိုင်ငံတောင်ပိုင်းဒေသ ခရိုင်ခုနစ်ခုတွင် ယခုရက်ပိုင်းအတွင်း မီးခိုးမိုးတိမ်များ အုံ့ဆိုင်းလျက်ရှိပြီး ဒေသခံပြည်သူများ အသက်ရှူလမ်းကြောင်းရောဂါများဖြစ်ပွားမှု မြင့်တက်လျက်ရှိကြောင်း၊ထိုင်းနိုင်ငံ စုံခလာခရိုင်တွင်ပိုမိုဆိုးရွားသဖြင့် စာသင်ကျောင်းများ၊ လေဆိပ်များပိတ်ထားရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေသခံပြည်သူများသို့ နှာခေါင်းပိတ် (Mask) တစ်သိန်းကျော် ဖြန့်ဝေထားရကြောင်း ထိုင်းနိုင်ငံမှ ထုတ်လွှင့်သည့် ရုပ်သံသတင်းများအရ သိရသည်။

အဆိုပါ မီးခိုးမိုးတိမ်များသည် ထိုင်းနိုင်ငံတောင်ပိုင်းဒေသများမှတစ်ဆင့် မြန်မာနိုင်ငံတောင်ဘက်ဒေသများသို့ ထပ်မံပျံ့လွင့်လာကာ ယနေ့တွင် ကော့သောင်းမြို့အနှံ့ မီးခိုးမိုးတိမ်ကဲ့သို့ ဖုံးလွှမ်းလျက်ရှိရာ ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်ပြင်အတွင်း မြင်နိုင်စွမ်း ရေမိုင် တစ်မိုင်အောက်ဖြစ်ရာ ယခင်အကြိမ် ဖုံးလွှမ်းမှုထက် ပိုမိုဆိုးရွားကြောင်း သိရသည်။

မြို့နေပြည်သူများ ကျန်းမာရေးထိခိုက်နိုင်သဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ပြင်ပတွင် အလုပ်လုပ်ကိုင်သူများ ကျန်းမာရေးအသိသတိပြုနေထိုင်ကြရေး ဒေသတာဝန်ရှိအဖွဲ့အစည်းများက အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး( IPRD)**






# သရက်ပင်ဆည်နှင့် ဘုန်းကြီးကန် ပြန်လည်တူးဖော်ခြင်းကြောင့် ဒေသခံများ စိုက်ပျိုးရေနှင့်သောက်သုံးရေအတွက် အဆင်ပြေတော့မည်

**သာစည် အောက်တိုဘာ ၂၄**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ရန်ပုံငွေများဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်လမ်းတံတားများ တည်ဆောက်ခြင်း၊ ကျေးလက်မီးလင်းရေး၊ သောက်သုံးရေရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ရွာပုလဲကြီးကျေးရွာ သရက်ပင်ဆည်နှင့် ယင်းမာပင်ကျေးရွာ ဘုန်းကြီးကန် တူးဖော်ခြင်းလုပ်ငန်းများနှင့် ဆည်ကြီး(မြောက်)နှင့် ကပ်ကျေးအင်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးရေအတွက် ရွာပုလဲကြီးကျေးရွာ သရက်ပင်ဆည်ကို ပြန်လည်တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံများ စိုက်ပျိုးရေနှင့် သောက်သုံးရေ အဆင်ပြေတော့မည်ဖြစ်ပြီး ယင်းမာပင်ကျေးရွာ ဘုန်းကြီးကန်ကို တူးဖော်ခြင်းကြောင့် လူနှင့်ကျွဲ၊ နွား၊ဆိတ်များအတွက် သောက်သုံးရေဖူလုံမည်ဖြစ်သည်။ ထို့အပြင် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ အား ဆည်ကြီး(မြောက်)နှင့် ကပ်ကျေးအင်းကျေးရွာများ၌ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်လာနိုင်ကြကြောင်း သိရသည်။

အဆိုပါ ဆည်၊ကန်များ ပြန်လည်တူးဖော်ခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သားရေရှားပါးလာခြင်းကြောင့် မြန်မာ့ရိုးရာဆိုင်းဝိုင်းများအတွက် အခက်အခဲဖြစ်ပေါ်နိုင်

**ရေတာရှည် အောက်တိုဘာ၂၄**

ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်စသောမြန်မာ့ရိုးရာ တူရိယာငါးမျိုးရှိသည့်အနက် သားရေနှင့်ပြုလုပ်တီးခတ်ရသော တူရိယာတစ်မျိုးဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းများမှာ သားရေရှားပါးလာခြင်းကြောင့် အခက်အခဲများစွာကြုံတွေ့နေရကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နေ ရွှေတံဆိပ်ဆုရှင် ဆိုင်းဆရာကြီး စိန်တင်မောင်က ပြောသည်။

ဆိုင်းဝိုင်းများအတွင်း၌ (၄)ပေါက်ဒိုးပတ်လုံးမှ စ၍ သာမန်အဖျားအသေးဆုံးအထိ ပတ်လုံး၂၁လုံးနှင့် စခွန့်၊ ပတ်မ အစရှိသည်တို့မှာ နွားမသားရေဖြင့် ကြက်၍အသုံးပြုကြရပြီး သားရေဝယ်ယူ၍မရသည့်အဆုံး မီးခံဂက်စဂက်ပြား၊ ဖလင်ပြားများကို စမ်းသပ်သုံးစွဲနေရသည်ကိုလည်း တွေ့ရသည်။

“ပတ်လုံးအတွက် နွားမသားရေက အကောင်းဆုံးပဲ။ အရင်တုန်းကဆိုရင် အနည်းငယ် ပေးလိုက်ရင် သားရေတစ်ချပ်ရတယ်။ သားရေကိုဝယ်လို့ကို မရတော့တာ။ သားသတ် လိုင်စင်ရထားတဲ့သူတွေကျတော့ သားရေကို ဆားနဲ့ပက်ပစ်လိုက်တော့ သုံးလို့မရတော့ဘူး” ဟု ဆိုသည်။

မီးခံစက္ကူနှင့် ဖလင်ပြားတို့မှာ သုံးစွဲ၍ရသော်လည်း သားရေလောက် အသံထွက်ကောင်းမွန်ခြင်း မရှိကြောင်း၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းများအားလုံးလိုလို ယခုကဲ့သို့အခက်အခဲများစွာကြုံတွေ့နေကြရကြောင်း ဆိုင်းဆရာကြီး စိန်တင်မောင်ကပင် ဆက်၍ပြောပြသည်။

မကြာမီ ဒေသအနှံ့အပြားတွင် ကျင်းပတော့မည့် ကထိန်အလှူပွဲများအတွက် ဆိုင်းဝိုင်းများကို လိုအပ်သည်များ ပြင်ဆင်လျက်ရှိပြီး ကျေးလက်ဒေသများ၌ ဆန်စပါးဈေးများ ကောင်းမွန်သည့်အတွက် ယခုနှစ်အလှူပွဲများ ပိုမိုများပြားမည်ဟု ခန့်မှန်းထားသည်။ **ကိုလွင်(ဆွာ)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**ကော့ကရိတ် အောက်တိုဘာ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၁၅)ဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် မွန်းတည့် ၁၂နာရီက ကော့ကရိတ်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ခိုင်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက မိမိတို့တတ်ထားသည့်ကယ်ဆယ်ရေးပညာဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်၄၀ကျော် တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



အင်ဂျင်နီယာမှူး ဦးကျော်လင်းနှင့် လ/ထ အင်ဂျင်နီယာဦးတင်မိုး (ဖြူး) တို့ ဦးဆောင်သော ကျွမ်းကျင်သံလမ်းလုပ်သားများက ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အင်ဂျင်နီယာမြို့ပြတိုင်း (၆)နယ်မြေ အုတ်တွင်းမြို့နယ် ကျွဲပွဲနှင့် ညောင်ခြေထောက်ဘူတာအကြား မီးရထားအစုန်လမ်းပိုင်းတွင် လေးချောင်းတွဲ သံလမ်းများကို FLash Baltt Welding စက်ဖြင့်ဆက်ပြီး အောက်တိုဘာ ပထမပတ်မှစတင်၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်အထိ တစ်မိုင်ခွဲခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

# ပျော်ဘွယ်တွင် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံတည်ဆောက်ဖွင့်လှစ်ပေးမည်

**ပျော်ဘွယ် အောက်တိုဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယ ကင်းရှင်းရေး ဟူသောရည်မှန်းချက်နှင့်အညီ တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ပျော်ဘွယ်မြို့နယ်တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ်တွင် ယခင်က တိုင်းရင်းဆေးကုဌာနအဖြစ်သာ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခင်က မြို့နယ် တိုင်းရင်းဆေးကုဌာန အနေဖြင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ရောဂါဝေဒနာရှင်များအား မန္တလေးတိုင်းရင်းဆေးရုံသို့ လွှဲပြောင်းကုသပေးရခြင်းကြောင့် ဝေဒနာရှင်များအနေဖြင့် သွားလာရေးအခက်အခဲများ၊ခရီးစရိတ်အခက်အခဲများ ရှိခဲ့ကြပြီး ယခုလိုတိုင်းရင်းဆေးရုံတည်ဆောက်ပေးမည်ဖြစ်သည့်အတွက် အဆိုပါအခက်အခဲများကို လျှော့ချပေးနိုင်တော့မည်ဖြစ်သည်။

ပျော်ဘွယ်မြို့နယ် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ပြည်သာယာရပ်ကွက်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၁၅၄၂သိန်းဖြင့် သံကူကွန်ကရစ်၊ တစ်ထပ်အဆောက်အအုံကို သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

❖

# အဝေးသင်တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီ အသိအမှတ်ပြုရေး ဖော်ဆောင်သွားမည်




လာမည့် ၂၀၁၆ ပညာသင်နှစ်မှစ၍ အဝေးသင်တက္ကသိုလ်များ၌ သတ်မှတ်ကျောင်းအပ်ချိန်များအတွင်းသာ အချိန်မီ သွားရောက်အပ်နှံကြရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ကျောင်းအပ်နှံပါက ယခင်နှစ်များကကဲ့သို့ လက်ခံပေးတော့မည်မဟုတ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

"အတန်း ၄ တန်းရှိတဲ့အနက် ပထမ သင်တန်းတွေကတော့ ပုံမှန်အားဖြင့် ဒီဇင်ဘာ စတုတ္ထပတ်ကနေ မတ်လ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံခွင့်ပေးထားပါတယ်။ ဒုတိယနှစ်နဲ့ အထက်တွေကတော့ ဖေဖော်ဝါရီ ဒုတိယပတ်မှာ စပြီး လက်ခံသင်ကြားတယ်။ ပထမနှစ်အတွက် ဝင်ခွင့်လျှောက်ကြတဲ့အခါ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့ကနေပြီး ကျောင်းသား ကျောင်းသူတွေ ဘယ်မေဂျာတက်ရောက်နိုင်တယ်ဆိုတာ အကြောင်းကြားတယ်။ စတင်တက်ရောက်ရမယ့် ကျောင်းဖွင့်ရက်တွေကို နိုင်ငံပိုင်သတင်းစာတွေနဲ့ ရေဒီယို၊ ရုပ်သံတွေကတစ်ဆင့် ကြေညာတယ်။ နောက်ပြီး အဝေးသင်တက္ကသိုလ်ရဲ့ ဝက်ဘ်ဆိုက်လိပ်စာ **www.yude. edu.mm** မှာလည်း ကြေညာတယ်။ အရင်နှစ်တွေတုန်းကတော့ ကျောင်းအပ်နောက်ကျသွားရင် လက်ခံခဲ့ပေမယ့် အခုလာမယ့် ၂၀၁၆ ပညာသင်နှစ်ကစပြီး မတ်လ ၃၁ ရက်ထက်ကျော်ပြီး ကျောင်းအပ်တာကို လုံးဝလက်ခံတော့မှာ မဟုတ်ပါဘူး"ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်က ပြောသည်။

အဝေးသင်တက္ကသိုလ် တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။နိုင်ငံတကာ အဝေးသင်တက္ကသိုလ်များကောင်စီတွင် ခံယူချက်များအတိုင်း ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ယခုအခါ အွန်လိုင်းမှတစ်ဆင့် မိမိသက်ဆိုင်ရာ ဘာသာရပ်များအတွက် ပို့ချချက်များကို ၂၄ နာရီပတ်လုံး ထုတ်လွှင့်ပေးထားရာ အချိန်မရွေးဒေါင်းလုဒ်ရယူ လေ့လာနိုင်ကြောင်း သိရသည်။

"ကျောင်းသားတွေကို ကျောင်းအပ်ပြီးတာနဲ့ ပြဋ္ဌာန်းစာအုပ်တွေ၊ လေ့လာမှုလမ်းညွှန်စာအုပ်တွေ၊ ရုပ်သံသင်ခန်းစာပို့ချချက်တွေပါဝင်တဲ့ စီဒီ၊ဒီဗွီဒီခွေတွေ လေ့လာဖို့ပေးလိုက်တယ်။ အဝေးသင် သင်ကြားရေးဆိုတာ တိုက်ရိုက်စာသင်တဲ့ သင်ကြားမှုမျိုး မဟုတ်တဲ့အတွက် ကိုယ်တိုင်လေ့လာရမယ်။ အဝေးသင် သင်ကြားရေးစနစ်မှာ ကျောင်းသား ကျောင်းသူတွေဟာ **Self Study** ဆိုတဲ့ ကိုယ်တိုင်လေ့လာသင်ယူရမယ်ဆိုတဲ့ ခံယူချက်ရှိရပါမယ်။ ဒါက အရေးကြီးဆုံးအချက်ပါပဲ။ နောက်ပြီး ဒီလို သင်ကြားသင်ယူမှုစနစ်ကို ကြီးကြပ်ကွပ်ကဲတဲ့ အဖွဲ့အစည်းတစ်ခုရှိရမယ်။ ဒါဟာ နိုင်ငံတကာ အဝေးသင်တက္ကသိုလ်များကောင်စီကနေ ခံယူထားတဲ့ အဝေးသင်ပညာရေးစနစ်ရဲ့ ခံယူချက်ပဲဖြစ်ပါတယ်။မိမိကိုယ်တိုင်က သင်ယူလိုစိတ်ရှိရင် ခေတ်မီနည်းပညာတွေကို အသုံးချပြီး အချိန်မရွေး၊ နေရာမရွေးလေ့လာသင်ယူနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၁၉၇၅-၇၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အဝေးသင်စနစ်စတင်ခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အောက်မှ သီးသန့်ခွဲထုတ်ပြီး တက္ကသိုလ်စာပေးစာယူစနစ် သင်တန်းကို စတင်ခဲ့သည်။ ကျောင်းသားအရေအတွက် ပိုမိုများပြားလာသည့်အတွက် ၁၉၉၂ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အဝေးသင်ရန်ကုန်တက္ကသိုလ်အဖြစ် မြှင့်တင်လိုက်သည်။ ၁၉၉၈ ခုနှစ်တွင် မန္တလေးအဝေးသင်တက္ကသိုလ်ကို တည်ထောင်ခဲ့ကြောင်းသိရသည်။ယခုအခါ လေ့လာမှုလမ်းညွှန်စာအုပ်များလေ့လာမှုအပြင် မြန်မာ့ရုပ်မြင်သံကြားမှ အဝေးသင်တက္ကသိုလ်သင်ခန်းစာပို့ချချက်များကို နေ့စဉ် ၁၅ မိနစ်စီ ထည့်သွင်းပြသပြီး မြန်မာ့အသံရေဒီယိုကလည်း တိုင်းရင်းသားအစီအစဉ်များအပြီး နေ့စဉ် ၁ နာရီ ထုတ်လွှင့်ပေးလျက်ရှိသည်။ **SkyNet** ရုပ်သံမှလည်း အလျဉ်းသင့်သလို သင်ခန်းစာများ ပို့ချမှုကို ထုတ်လွှင့်ပေးလျက်ရှိပြီး အွန်လိုင်းမှလည်း ရန်ကုန်အဝေးသင်တက္ကသိုလ်ဝက်ဘ်ဆိုက်တွင် ၂၄ နာရီပတ်လုံး သင်ခန်းစာပို့ချချက်များကို ထုတ်လွှင့်ပေးလျက်ရှိရာ နှစ်အလိုက်နှင့် မိမိသက်ဆိုင်ရာ ဘာသာရပ်များကို ရွေးချယ်၍ ဒေါင်းလုဒ်ရယူထားနိုင်ကြောင်း သိရသည်။

အဝေးသင်တက္ကသိုလ်များတွင် ချမှတ်ထားသည့် ဆောင်ပုဒ်ဖြစ်သည့် "ပညာရေး ဝေးသည်မရှိ"ဆိုသည့်အတိုင်း အဝေးသင်နှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများကို နိုင်ငံတကာအဆင့်မီ အသိအမှတ်ပြု စစ်ဆေးခံနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည့်အကြောင်းနှင့် သင်ခန်းစာများကို နားမလည်ပါက မိမိတို့သက်ဆိုင်ရာဌာနမှ ဆရာ ဆရာမများကို လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း၊ အီးမေးလ်တို့ဖြင့်ဖြစ်စေ မေးမြန်းနိုင်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်က ပြောသည်။

"အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်တက္ကသိုလ်မတက်ရောက်ဘဲ ကိုယ့်အားကိုယ်ကိုး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဇွဲရှိရှိ လေ့လာသင်ယူနေသူတွေကို လေးစားပါတယ်။ မြန်မာပြည်မှာ အဝေးသင်ကနေ အောင်သွားပြီး **Master**ဘွဲ့၊ **Ph.D**ဘွဲ့ရပြီး ထူးချွန်တဲ့သူတွေ အများကြီးရှိပါတယ်။ ဒါကြောင့် အဝေးသင်တက္ကသိုလ်မှာ ကျောင်းပြီးသွားသူတွေအနေနဲ့ ကြိုးစားလို့တော်ရင် သူတို့ရဲ့ အနာဂတ်က တောက်ပသွားမယ်။ ဒါကြောင့် ကိုယ်တိုင် လေ့လာပြီး နားမလည်တာတွေကို မေးပါ။ ဝက်ဘ်ဆိုက်ကလည်း ကြည့်ပါ။ သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ တင်ထားပါတယ်။ **Assignment** တင်ရမယ့်နောက်ဆုံးရက်၊ အနီးကပ်တက်ရမယ့်ရက်၊ စာမေးပွဲဖြေရမယ့်ရက် စတာတွေကို အပြည့်အစုံတင်ထားတယ်။ ကျောင်းအပ်ရက်ကျော်သွားရင် တစ်နှစ်နာမှာဖြစ်တဲ့အတွက် အချိန်မီအပ်နှံကြပါ။ အပ်ပြီးရင်လည်း အထောက်အကူပြုစာတမ်းတွေကို ရအောင်ယူသွားပါ။ လူကြုံနဲ့ထုတ်ခိုင်းတာမျိုးတွေ မလုပ်ကြပါနဲ့။ **Assignment** တွေကိုလည်း ကိုယ်တိုင်ဖြေဆိုကြပါ။ ဘွဲ့လက်မှတ်ရဖို့ဆိုပြီး ရည်ရွယ်ချက်နဲ့မလုပ်ကြပါနဲ့။ တတ်မြောက်ချင်တဲ့စိတ်နဲ့ ပညာရပ်တွေကို လေ့လာပါ။ လက်တွေ့ခန်းတွေမှာလည်း ဂရုတစိုက်လုပ်ဆောင်ကြပါ။ မိမိအတွက်ရော၊ အဝေးသင်တက္ကသိုလ်အတွက်ရော၊ နိုင်ငံတော်အတွက်ရော အရည်အချင်းရှိအောင် ကြိုးစားပေးကြပါ။ ဒီလိုလုပ်ခြင်းအားဖြင့် ပိုမိုတတ်မြောက်လာပါလိမ့်မယ်"ဟု ပြောသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ပုံမှန်ဘွဲ့သင်တန်းများအပြင် အချိန်ပိုင်းဒီပလိုမာ သင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါ ပို့ချမှုကို နိုင်ငံတကာအဝေးသင်ကောင်စီများကလည်း အားပေးအသိအမှတ်ပြုကြောင်း၊ မကြာခင် အွန်လိုင်းမှတစ်ဆင့် **Assignment** များ တင်နိုင်ရေးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဝေးသင်တက္ကသိုလ်များကို ရန်ကုန်၌ ဌာနခွဲ ၁၅ ခု၊ မန္တလေး၌ ဌာနခွဲ ၂၀ နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုတွင် ဌာနခွဲ ၁၅ ခုတို့ဖြင့်ဖွင့်လှစ်ထားသည်။ လက်ရှိ ၂၀၁၅ ပညာသင်နှစ်တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူအရေအတွက်မှာ လေးသိန်းကျော်ရှိသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် ၂၁၁၀၀၀ ကျော်ရှိသည်။ ၂၀၁၄ ပညာသင်နှစ်တွင် ၁ သိန်း ၆ သောင်းကျော်ရှိခဲ့သည်။ ၂၀၁၃ ပညာသင်နှစ်တွင် တစ်သိန်းခွဲကျော်ရှိခဲ့သည်။ မန္တလေး အဝေးသင်တက္ကသိုလ်၌ ၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူ ၁သိန်း ၉ သောင်း ခန့်ရှိကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

---

# ဆောင်းသီးနှံမျိုးစေ့ ၂၀၅၈ တင်းအား ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ ထင်းတစ်ချောင်းထိုးမီးဖိုများ ရေဘေးသင့်ပြည်သူများထံ အရောက်ဖြန့်ဝေပေးမည်

**ကလေး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေး ဆောင်းသီးနှံများ အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော ဆောင်းသီးနှံမျိုးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်၍ ထောက်ပံ့ပေးအပ်လျက်ရှိရာ ဆောင်းသီးနှံမျိုးစေ့(မြေပဲမျိုး) ၂၀၅၈ တင်း ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်နှင့် ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ခရိုင်/မြို့နယ်စိုက်/ညီအဖွဲ့များနှင့် မျိုးဖြန့်ဖြူးရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးက တောင်သူများထံသို့ ဆောင်းသီးနှံ(မြေပဲမျိုး)များ ပေးအပ်ခဲ့သည်။ ကလေးဒေသတွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးသီးနှံများ ပျက်စီးမှုများအပေါ် မိုးစပါးနှင့် မိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ခြင်း မပြုနိုင်သည့် ဧရိယာ ၂၆၅၆၅ ဧကအား ဆောင်းသီးနှံများဖြင့် အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးသည် ကလေးမြို့နယ် နန်းကျင်းဆောင်ကျေးရွာအုပ်စုရှိ နန်းကျင်းဆောင်၊ မြစိမ်းနှင့် မြလင်းကျေးရွာများသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံပြီး ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန် ထွန်စက်များဖြင့် ထွန်ယက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရေဘေးသင့်ပြည်သူများ၏ တင်ပြချက်အပေါ် မျိုးစပါး၊ မြေပဲ၊ နေကြာလိုအပ်ချက်များနှင့် ပတ်သက်၍တိုင်းဒေသကြီး အစိုးရအဖွဲ့ထံတင်ပြပြီး အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ထင်းတစ်ချောင်းထိုးမီးဖိုများကိုလည်း ပြည်သူများထံ အရောက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ချင်းတွင်းသား)**

❖

# ဂန့်ဂေါ၌ မဲပေးစို့ Mobile App ရယူနည်းဖြန့်ဝေ

**ဂန့်ဂေါ အောက်တိုဘာ ၂၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးရမည့်နည်းလမ်း၊ ရွေးချယ်ရမည့်ကိုယ်စားလှယ်များနှင့် ပါတီ၏မူဝါဒများကို သိရှိနိုင်မည့် Website (www.maepaysoh.org) တွင် မဲပေးစို့ မိုဘိုင်းဖုန်း App (m Voter 2015 Mobile App) ရယူဆောင်ရွက်နိုင်ရေး ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက မြို့ပေါ်ရှိလူစည်ကားရာနေရာများ၊ စာပေရေချမ်းစင်ထားရှိရာ နေရာများ၊ လက်ဖက်ရည်ဆိုင်များ၌ ကပ်ထားကြေညာထားခြင်းကို အောက်တိုဘာ တတိယပတ်အတွင်း ဆောင်ရွက်ကြကာ App ရယူနည်း၊ အသုံးပြုပုံတို့ကို လက်တွေ့ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**(၄၆၅)**



# မန္တလေးမြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ပထမဆုံးအငှားအိမ်ရာ ပထမအဆင့်အဖြစ် ဒီဇင်ဘာလတွင် ပြီးစီးရန်မျှော်မှန်း

**အောင်မြေသာစံ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဆောက်လုပ်ရေးကုမ္ပဏီများပူးပေါင်း၍အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်းတွင် ဧရာဝတီမြစ်ကမ်းဘေးကျူးကျော်နေထိုင်သူများနှင့် ဂေါဝိန်၊မရမ်းခြံ၊ ချော်ဆိပ်တို့တွင် နေထိုင်သော ရွှေ့ပြောင်းလုပ်သားများ မြို့အင်္ဂါရပ်နှင့်အညီ ကျန်းမာရေးနှင့်ညီညွတ်မျှတစွာ နေထိုင်နိုင်ရေး မြန်မာနိုင်ငံတွင် ပထမဆုံးအငှားအိမ်ရာများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်ကာ မြေယာပြုပြင်တည်ဆောက်ခဲ့သည်။

အငှားအိမ်ရာတိုက်ခန်းများမှာ အလျားပေ၃၀၊ အနံပေ၂၀တိုက်ခန်းများဖြစ်ပြီး ၁၂ ခန်းတွဲခြောက်ထပ်ပါ တိုက်အလုံးပေါင်း ၂၂လုံး တည်ဆောက်လျက်ရှိသည်။ တိုက်ခန်းပေါင်း ၁၅၈၄ခန်းရှိပြီး ရေချိုးခန်း၊ သန့်စင်ခန်း၊ မီးဖိုခန်း၊ အိပ်ခန်းများပါရှိသည်။ အငှားအိမ်ရာများ ပထမအဆင့်အနေဖြင့် ဒီဇင်ဘာလတွင် ပြီးစီးရန် မျှော်မှန်းထားပြီး ဧရာဝတီမြစ်ဘေးတဲအိမ်များ၊ဝါးဖောင်များတွင်နေထိုင်ပြီး အိမ်ထောင်စုလူဦးရေစာရင်းရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဧည့်စာရင်းဖြင့်ရွှေ့ပြောင်းနေထိုင်သူများအား ဦးစားပေးကာ အခကြေးငွေပေးသွင်းပြီး အငှားစနစ်ဖြင့် နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

အနုပညာ

# စင်ပေါ်တက်ရတိုင်း ရင်တုန်ရဆဲ အဒဲလ်



ဗြိတိန်အဆိုတော်အဒဲလ်ဟာ သူ့ရဲ့ ကျော်ကြားလှတဲ့ Skyfall သီချင်းနဲ့ ဂရမ်မီ၊ အော်စကာနဲ့ ရွှေကမ္ဘာလုံးဆုတွေကို သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သလို ချပ်ရေပေါင်းသန်းနဲ့ချီပြီးရောင်းချခဲ့ရတဲ့ အဆိုရှင်ဖြစ်ပေမယ့် စင်ပေါ်တက်ရင် အခုထိစိုးရွံ့မှုတွေနဲ့ ရင်တုန်နေရဆဲဖြစ်တယ်လို့ ဖွင့်ဟခဲ့ပါတယ်။ သူက မီးရောင်တွေဖြာကျနေတဲ့ စင်ပေါ်ရောက်သွားတဲ့အခါ ပရိသတ်တွေအနေနဲ့ သူပြောတာကို မကြားတာမျိုး၊ သီချင်းသီဆိုတာကို ရှင်းရှင်းလင်းလင်းမကြားရတာမျိုးတွေဖြစ်မှာကို ဘာမှန်းမသိဘဲ စိတ်ပူနေတတ်တဲ့လူစားမျိုးပါ။

"ကျွန်မက ပရိသတ်တွေကို ကြောက်နေတာလားဆိုတော့ အဲဒီလိုမျိုးလည်းမဟုတ်ဘူး။ ဒါပေမယ့် စင်ပေါ်တက်သွားရင်တော့ ဘယ်က ရောက်လာမှန်းမသိတဲ့ စိုးရိမ်မှုတွေဝင်လာတော့တာပဲ။ ပရိသတ်တွေက ငွေကုန်ကြေးကျခံပြီး ကျွန်မကို မြင်ချင်လို့လာကြည့်ပြီးတော့ သူတို့ပေးရတဲ့ ပိုက်ဆံနဲ့ ကျွန်မပြန်ပေးတဲ့ဖျော်ဖြေမှုကိုက်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်ကြောင့် ဒါမျိုးနောက်ဆက်တွဲတွေထပ်ဖြစ်လာတယ်လို့ ကျွန်မထင်ပါတယ်"ဟု အဒဲလ်က ဆိုလိုက်ပါတယ်။

အဒဲလ်ရဲ့ ထွက်ရှိပြီး အယ်လ်ဘမ်နှစ်ချပ်ဖြစ်တဲ့ 19နဲ့ 21တို့က ချပ်ရေ ငါးသန်းကျော်အထိရောင်းချခဲ့ရပြီး အခုအယ်လ်ဘမ်သစ် 25 ကိုလာမယ့် နိုဝင်ဘာ ၂၀ရက်မှာ ဖြန့်ချိသွားမှာဖြစ်ပါတယ်။ အခုထွက်ရှိမယ့် 25ဟာ အဒဲလ်ရဲ့ လေးနှစ်အတွင်း ပထမဆုံးထွက်ရှိလာမယ့် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ အဒဲလ်က သူဟာ မိခင်ဘဝကိုရောက်ရှိလာချိန်မှာ အရင်ကလို မအားလပ်တော့တာကြောင့် သီချင်းရေးသားနိုင်ဖို့ တကူးတကအားထုတ်နေရတဲ့ အတွက် အယ်လ်ဘမ်တစ်ချပ်နဲ့ တစ်ချပ်ကြား အခုလောက်အထိအချိန်ကာလ ကွာဟခဲ့တာဖြစ်တယ်လို့လည်း ပြောခဲ့ပါတယ်။ အဒဲလ်က လက်ရှိမှာ အသက် (၂၇) နှစ်အရွယ်ကို ရောက်ရှိနေပြီဖြစ်ပြီး အတူနေချစ်သူဆိုင်မွန်ကိုနက်ကီနဲ့ သုံးနှစ်အရွယ် အန်ဂလိုအမည်ရ သားလေးတစ်ဦးမွေးဖွားထားပါတယ်။

မေလှ့သင်း - ရေးသားသည်။

## နံပါတ်(၁)နေရာမှာရပ်တည်ခွင့်ရခဲ့တဲ့ Super Juniorအဖွဲ့ဝင် ကွမ်ဟွန်၏မီနီအယ်လ်ဘမ်

Super Junior အဖွဲ့ဝင် ကွမ်ဟွန်၏ နောက်ဆုံးထွက်ရှိသော မီနီ အယ်လ်ဘမ် "Fall, Once Again" မှာ ကိုရီးယားနိုင်ငံ၏ အရောင်းရဆုံး



တေးစီးရီးနံပါတ်(၁)နေရာတွင် ရပ်တည်နေကြောင်း ကိုရီးယားဖျော်ဖြေရေးဝက်ဘ်ဆိုက်ကဖော်ပြသည်။ ယင်းတေးအယ်လ်ဘမ်ကို ပြီးခဲ့သည့် အောက်တိုဘာ၁၅ရက်က ဖြန့်ချိခဲ့ပြီး တစ်ပတ်အကြာတွင် ထိပ်ဆုံး နံပါတ်(၁)နေရာကို ရောက်ရှိလာခြင်းဖြစ်သည်။

ကွမ်ဟွန်အနေဖြင့် သူ၏ပထမဆုံး တစ်ကိုယ်တော် ဖျော်ဖြေပွဲကို လာမည့် နိုဝင်ဘာ ၆ ရက် မှ ၈ ရက်နေ့အထိ SMTOWN COEX Artium နေရာနှင့် နိုဝင်ဘာ ၁၃ရက်မှ ၁၅ ရက်တွင် SMTOWN Theatreတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ကွမ်ဟွန်သည် သူ၏ယခုထွက်ရှိသော တေးအယ်လ်ဘမ် အရောင်း မြှင့်တင်ရေးအတွက် အောက်တိုဘာ ၂၃ရက်တွင် KBS၏ Music Bank အစီအစဉ်တွင် လည်းကောင်း၊ အောက်တိုဘာ ၂၄ရက်တွင် MBC၏ Music Core အစီအစဉ်တွင် လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် SBS၏ Inkigao အစီအစဉ်တွင် လည်းကောင်း တင်ဆက်သွားမည်ဖြစ်သည်။

# သားနှင့်သမီးဖြစ်သူမှာ စရိုက်မတူညီဟု မင်းသားဝီလျံသုံးသပ်



ဗြိတိန်တော်ဝင်မင်းသားဝီလျံက သားဖြစ်သူမင်းသားလေးဂျော့ဂျ်နှင့် သမီးဖြစ်သူ မင်းသမီးလေးချာလော့တီတို့နှစ်ဦးမှာ ရုပ်ရည်ဆင်တူသော်လည်း စရိုက်လက္ခဏာကွဲပြားမည်ကို ယခုကတည်းကပင် ခန့်မှန်းနိုင်ကြောင်း ဘီဘီစီ သတင်းဌာနနှင့်ပြုလုပ်သော အင်တာဗျူးတွင် ဖြေကြားခဲ့သည်။ မင်းသားဝီလျံက ဂျော့ဂျ်မှာ တီထွင်မှုနှင့် သိပ္ပံပညာရပ်ကို စိတ်ဝင်စားမည့် ပုံစံမျိုးရှိပြီး ညီမငယ်အား ကြင်နာစွာစောင့်ရှောက်တတ်လေ့ရှိသောကြောင့် အရွယ်ရောက်လာသည့်အခါတွင်လည်း ကလေးများကို ချစ်ခင်တတ်မည့်သူဟု မှတ်ချက်ပြုခဲ့သည်။

မင်းသမီးလေးချာလော့တီမှာ ငယ်ရွယ်လွန်းသဖြင့် မည်သည့်အလေ့အထမျိုးစိတ်ဝင်စားသည်ဆိုသည်ကို မှန်းဆရန်မလွယ်ကူသော်လည်း မိန်းကလေးအရမ်းဆန်လွန်းသည့် စရိုက်ရှိမည်မှာ သေချာကြောင်း မင်းသားဝီလျံက ခန့်မှန်းခဲ့သည်။ အသေချာဆုံးတစ်ချက်မှာ အရွယ်ရောက်လာသည့်အခါ မောင်နှမနှစ်ဦးကြား စရိုက်သဘာဝလုံးဝကွဲပြားနေမည်ဖြစ်ကြောင်းလည်း တစ်ဆက်တည်းပင်ပြောကြားခဲ့သည်။

ထို့ပြင် မင်းသားက သူနှင့် ညီဖြစ်သူ မင်းသားဟယ်ရီတို့ပင်လျှင် အသက်အရွယ်မကွာကြသော ယောကျ်ားသားများအဖြစ် အတူတကွကြီးပြင်းလာခဲ့သော်လည်း အကြိုက်နှင့်စရိုက်တို့တွင်ကွဲပြားမှုရှိသောကြောင့် ယောကျ်ားလေးနှင့် မိန်းကလေးအကြား စရိုက်လက္ခဏာမတူညီသည်မှာ မထူးဆန်းကြောင်းလည်း သူ၏အမြင်ကို ဖွင့်ဟခဲ့သည်။

ပြည်သူများ၏အမြင်အရ ဝီလျံမှာတည်ငြိမ်အေးဆေးသည့်စရိုက်ရှိသော်လည်း ဟယ်ရီမှာမူ လွပ်လပ်၍ အမြဲတစေ တက်ကြွနေတတ်သည့်သွင်ပြင်မျိုးပိုင်ဆိုင်ထားသည်။ မင်းသားဝီလျံနှင့် ဇနီးဖြစ်သူ မစ်ဒယ်လ်တန်တို့မှာ လက်ရှိတွင် သူတို့နှစ်ဦးစတင်ချစ်ကျွမ်းဝင်ခဲ့သည့် စကော့တလန်မြေသို့ရောက်ရှိနေပြီး စိတ်ကျန်းမာရေးဆိုင်ရာ ပညာပေးကိစ္စရပ်များကို အထူးအလေးပေးဆောင်ရွက်နေကြောင်းသိရသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၅ - ၁၀ -၂၀၁၅ (တနင်္ဂနွေနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -အလင်္ကာကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့် တေးဂီတအစီအစဉ် (အပိုင်း-၂)
- ၆း၂၀ "လက်လွှတ်မခံသင့်တဲ့ အခွင့်အရေး"
- ၆း၃၀ တေးဂီတအစီအစဉ်
- ၆း၄၅ ဆိုကြမယ်၊ ပျော်ကြမယ်
- ၈း၀၀ "Channel Zero" (အပိုင်း-၇+၈) (ဦးအောင်လွင်၊ အရိုင်း၊ ညောင်ညောင်၊ ဝေါ်ဇီလာ၊ စိန်သီး၊ ဇီးသီး၊ ကြယ်သီး၊ ပိုးလေး၊ ဦးပြုံးချို၊ ဂေါက်သီး၊ အောင်ချစ်၊ ပေါ်ဦး၊ ရန်ပိုင်စိုး၊ ကြက်ဖ၊ တိုးကျော်၊ ဝိုင်းကျော်၊ မိုးမြင့်မြတ်၊ ဆောင်းရတီ) (ဒါရိုက်တာ-ဟိန်းစိုး၊ မောင်သူရ၊ ညီညီဘမောင်၊ ဝေါ်ဇီလာ)
- ၉း၂၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "အချစ်ကလန်းတယ်" (မင်းမော်ကွန်း၊ ခန့်စည်သူ၊ မိုးအောင်ရင်၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ၊ သက်မွန်မြင့်၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၉း၄၀ Weekly Sports Diary
- ၁၁း၀၀ အမေတို့ရဲ့လက်ရာ
- ၁၁း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း- ၂၇+၂၈)
- ၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁း၀၀ "စေတီယပူဇာ" တရားတော် [ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)]
- ၂း၂၀ World of Knowledge (Megastructure China Smart Tower)
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၃)
- ၃း၄၅ Healthy Life (ပန်းလှိုင်စီလုံဆေးရုံကြီး၏ အလှုအပနှင့် အရေပြားဆိုင်ရာခွဲစိတ်ကုသမှု)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၄)
- ၇း၃၀ FashionWeek(OhmmarKyaw)
- ၇း၅၅ Myanmar's Got Talent
- ၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၅)
- ၁၁း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း- ၂၉+၃၀)
- ၁၂း၄၅ Sunday Talk (ဦးကျော်မျိုးထွန်း၊ ဦးမျိုးမြတ်သူ)
- ၁း၂၅ MRTV-4 Stage
- ၂း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၅)
- ၄း၄၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (မော်လမြိုင်မြို့မှ ဘုရားစေတီပုထိုးများ)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသယသားကောင်း
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာသချော် (အပိုင်း-၃)
- ၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၂၅ လှျပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၇၃)
- ၅း၄၀ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အရာရာထက်မင်း (အပိုင်း-၂၈)
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ပဟေဠိနန်းတော်
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၁၂)

### mitv

- 07:03 News
- 07:26 Myanmar Prehistory
- 07:50 Pictures Decorated With Seashells And Gemstones
- 08:03 News
- 08:26 Thadingyut Festival, Heart & Soul
- 08:38 Clay Toy Pots Festival
- 08:55 Scented Buddha Images
- 09:03 News
- 09:26 The Hills Of Phowintaung And Shwebataung
- 09:44 Pyin Oo Lwin Sweater
- 09:53 A Traditional Doctor
- 10:03 News
- 10:26 Yangon Markets: Nyaung Pin Lay Market
- 10:33 Oboist and His Life
- 10:53 TECH School
- 07:25 Let's Cook (EP-7) Seafood Baguette Pizza and Sizzling Garlic Prawn
- 07:50 Today Myanmar "Food Safety"
- 08:26 The Writer: Chit Oo Nyo (Part-1)
- 08:52 Myanmar Masterclass: Impressionism

**အားကစား**




# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်းပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက် အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေပင်လယ်ပြင်ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်းရှစ်ခု၏ ပံ့ပိုးကူညီမှုဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန်ချက်စတာဒါဘီကြောင့် ဂိုက်ခတ်လာသည့် အသံများ



မန်ချက်စတာဒါဘီမှာ ဘရာဇီးနှင့် အာဂျင်တီးနား ယှဉ်ပြိုင်သည့် ပွဲစဉ်ကဲ့သို့ ပြိုင်ဆိုင်မှု အလွန်ပြင်းထန်သည့် ပွဲဖြစ်ပြီး အင်္ဂလန်၏အကြီးကျယ်ဆုံးသော ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်ဟု မန်စီးတီးနောက်ခံလူ ဇာဘလက်တာက ဖွင့်ဟခဲ့သည်။ ဇာဘလက်တာက မန်စီးတီးအနေဖြင့် မန်ယူအား အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်သော်လည်း နှစ်မှတ်ပြတ်အနေအထားဖြင့်အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေမှုအား ဆက်လက်ထိန်းသိမ်းရန် မျှော်လင့်မိကြောင်းလည်း တစ်ဆက်တည်းပင်ဆိုခဲ့သည်။

ဇာဘလက်တာက " ဒါက အင်္ဂလန်ရဲ့အကြီးကျယ်ဆုံးသော ပြိုင်ပွဲဆိုတာ သေချာပါတယ်။ ဒီဒါဘီပွဲက ကလပ်အသင်းအတွက်ရော ပရိသတ်တွေအတွက်ရော တကယ့်ကိုအရေးပါတဲ့ ပြိုင်ပွဲလည်းဖြစ်ပါတယ်။နှစ်သင်းကြားမှာ ရမှတ်နှစ်မှတ်သာ ကွာဟပြီး အာဆင်နယ်ကလည်း ကပ်လိုက်နေလို့ ကျွန်တော်တို့အသင်း နိုင်မှရမယ့်အနေအထားပါ။ မန်ယူက အမှတ်ပေးဇယားကို ဦးဆောင်နိုင်ဖို့ ကျွန်တော်တို့အသင်းကို အနိုင်ကစားဖို့ ကြိုးပမ်းလာမှာဖြစ်သလို မန်စီးတီးကလည်းအခုပွဲရှုံးရင် အမှတ်ပေးဇယားထိပ်က ဆင်းပေးရမယ့်အနေအထားရှိနေတော့ အမှားခံလို့ မရပါဘူး" ဟုဆိုခဲ့သည်။

မန်စီးတီးနည်းပြ ပယ်လီဂရီနီက ကွန်ပနီအနေဖြင့် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရပြီးနောက် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း၊ လောလောဆယ်တွင် မန်စီးတီးအနေဖြင့် ကွန်ပနီဝင်ရောက်ကစားသည့်ပွဲထက် မကစားသည့်ပွဲများတွင် ကစားပုံပိုကောင်းလာကြောင်း ပြောကြားခဲ့ရာ ကွန်ပနီကို ယခုဒါဘီပွဲတွင် အနားပေးဖွယ်ရှိသည်။

မန်ယူနည်းပြ ဗန်ဟားလ်ကမူ ရွန်းနီမှာ မန်ချက်စတာဒါဘီပွဲတိုင်းတွင်ခြေစွမ်းပြနိုင်ခဲ့သလို ယခုကစားမည့်ပွဲစဉ်၌လည်း အစဉ်အလာကောင်းကို ဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်လင့်မိကြောင်းဆိုခဲ့သည်။ ရွန်းနီမှာ အောက်တိုဘာ ၂၄ ရက်တွင် အသက်(၃၀)ပြည့်မြောက်ခဲ့ပြီဖြစ်သောကြောင့် မွေးနေ့ပြီးနောက်တစ်ရက်တွင်ကစားမည့်ယင်းပွဲစဉ်ကို စိတ်ပိုင်းဆိုင်ရာပျော်ရွှင်မှုအပြည့်ဖြင့် ကစားနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ဗန်ဟားလ်က ယုံကြည်နေသည်။

ရွန်းနီသည် မန်ချက်စတာဒါဘီပွဲစဉ်များတွင် သွင်းဂိုးစုစုပေါင်း(၁၁)ဂိုးသွင်းယူထားနိုင်ခဲ့သောကြောင့် ယခုလာမည့်ပွဲစဉ်တွင်လည်း ရွန်းနီ၏ ဒါဘီသွင်းဂိုးကို ပရိသတ်များအနေဖြင့် မြင်တွေ့ရဖွယ်ရှိနေသည်။

ဗန်ဟားလ်က" ရွန်းနီက ဒါဘီပွဲကစားရတာနှစ်သက်ပါလိမ့်မယ်။ ဒါကဝိန်း(ရွန်းနီ)မှမဟုတ်ပါဘူး၊ ထိပ်တန်းစွမ်းဆောင်ရှင်ကစားသမားတွေက စိန်ခေါ်မှုအပြည့်နဲ့ယှဉ်ပြိုင်ရတဲ့ပွဲစဉ်တွေကို ကစားရတာသဘောကျတတ်ပါတယ်။ မနှစ်ကလို စီးတီးကိုကျွန်တော်တို့ အနိုင်ယူနိုင်မယ်လို့ မျှော်လင့်မိပေမယ့် ကျိန်းသေစွမ်းဆောင်နိုင်မယ်လို့တော့ ကျွန်တော်အာမမခံရဲပါဘူး" ဟု ဗန်ဟားလ်ကဆိုခဲ့သည်။

မန်ယူနည်းပြ ဗန်ဟားလ်က မန်ယူကြယ်ပွင့်ကစားသမားများအားလုံး မန်စီးတီးအသင်းအား တိုက်ပွဲဝင်စိတ်အပြည့်ဖြင့် အနိုင်ကစားကာ အမှတ်ပေးဇယားထိပ်ဆုံးသို့တက်လှမ်းရန်တိုက်တွန်းထားသည်။သို့သော် ဗန်ဟားလ်က မန်စီးတီးကိုအနိုင်ရရုံဖြင့် မန်ယူအသင်း ချန်ပီယံဖြစ်ပြီဟုဆိုလိုသည်မဟုတ်ဘဲ မည်သည့်အသင်းက ချန်ပီယံဖြစ်သလဲဟူသောအဖြေကို လာမည့်မေလတွင် သိကြရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဗန်ဟားလ်က ယခုပွဲတွင် ရှဝိန်းစတိုင်ဂါနေရာတွင် မိုက်ကယ်ကားရစ်အား အစားထိုး ရှနိုက်ဒါလင်နှင့်တွဲဖက်ကာကစားစေမည်ဖြစ်ကြောင်း အရိပ်အမြွက်ဆိုခဲ့သည်။ ယမန်နှစ်က မန်ယူနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်၌ မန်ယူက မန်စီးတီးအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သည်။

**မေလွဲ့သင်း**

## အောက်တိုဘာ ၂၅ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၀)**

| | | | |
|---|---|---|---|
| ဆန်းဒါးလန်း | - | နယူးကာဆယ် | ည-၆း၃၀ |
| မန်ယူ | - | မန်စီးတီး | ည-၈း၃၅ |
| ဘုန်းမောက် | - | စပါး | ည-၈း၃၅ |
| လီဗာပူး | - | ဆောက်သမ်တန် | ည-၁၀း၄၅ |

**လာလီဂါ ပွဲစဉ် (၉)**

| | | | |
|---|---|---|---|
| ဆီဗီလာ | - | ဂီတာဖေး | နံနက်-၁း၀၀ |
| မာလာဂါ | - | ဒီပို့တီဗို | နံနက်-၂း၃၅ |
| လီဗန်တေး | - | ဆိုစီဒက် | ညနေ-၅း၃၀ |
| လက်စ်ပဲမက်စ် | - | ဗီလာရီးယဲလ် | ည-၉း၃၀ |
| ဘာစီလိုနာ | - | အီဘား | ည-၁၁း၄၅ |

**စီးရီးအေ ပွဲစဉ် (၉)**

| | | | |
|---|---|---|---|
| ပါလာမို | - | အင်တာမီလန် | နံနက်-၁း၁၅ |
| ဆမ်ဒိုးရီးယား | - | ဗီရိုနာ | ည-၆း၀၀ |
| ဂျူဗင်တပ် | - | အတ္တလန္တာ | ည-၈း၃၀ |
| အေစီမီလန် | - | ဆာစူအိုလို | ည-၈း၃၀ |
| ဖီအိုရင်တီးနား | - | ဖရိုစီနီ | ည-၈း၃၀ |
| လာဇီယို | - | တိုရီနို | ည-၁၁း၃၀ |

**ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀)**

| | | | |
|---|---|---|---|
| ဒေါ့မွန် | - | အော့စ်ဘတ် | ည-၉း၀၀ |
| မိုချင်ဂလက်ဘတ် | - | ရှော်ကေး | ည-၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀)**

| | | | |
|---|---|---|---|
| အန်ဂါးစ် | - | ဂူအင်ဂမ့် | နံနက်- ၀၀း၃၀ |
| ဂါဇီလက် | - | နိုက်စ် | နံနက်-၀၀း၃၀ |
| မောင့်ပယ်လီယာ | - | ဘက်စ်တီယာ | နံနက်-၀၀း၃၀ |
| ရိမ်းစ် | - | မိုနာကို | ည-၇း၃၀ |
| ဘော်ဒိုး | - | ထရွိုင်ယက်စ် | ည-၁၀း၃၀ |
| လိုင်လီ | - | မာဆေး | ည-၁၀း၃၀ |

## အောက်တိုဘာ ၂၄ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၂ | - | ၁ | ချယ်လ်ဆီး |
| လက်စတာ | ၁ | - | ၀ | ခရစ္စတယ်ပဲလေ့စ် |
| ဗီလာ | ၁ | - | ၂ | ဆွမ်ဆီး |
| စတုတ် | ၀ | - | ၂ | ဝက်ဖို့ဒ် |
| နော့ဝှစ်ချ် | ၀ | - | ၁ | ဝက်စ်ဘရွန်း |

**လာလီဂါ ပွဲစဉ် (၉)**

| | | | | |
|---|---|---|---|---|
| ဗယ်လက်ကာနို | ၃ | - | ၀ | အက်စပန်ညို |
| ဆဲလ်တာဗီဂို | ၁ | - | ၃ | ရီးယဲလ်မက်ဒရစ် |

**စီးရီးအေ ပွဲစဉ် (၉)**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၂ | - | ၀ | ဂျီနိုအာ |

**ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| ဟော့ဖန်ဟိမ်း | ၀ | - | ၁ | ဟမ်းဘတ် |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၀ | ကိုလုံး |
| ဟန်နိုဗာ | ၁ | - | ၂ | ဖရန့်ဖတ် |
| မိန့်ဇ် | ၁ | - | ၃ | ဝါဒါဘရီမင် |
| ဒမ်စတက် | ၀ | - | ၁ | ဝုဖ်ဘတ် |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| ကိန်း | ၀ | - | ၂ | နန်းတက်စ် |
| လီယွန် | ၃ | - | ၀ | တူးလော့စ် |
| လိုရီယန့် | ၁ | - | ၀ | ရင်းနစ် |

**မောင်မောင်ဇော်**



A Wire

# အင်္ဂလန်၊စကော့တလန်နှင့် မြောက်အိုင်ယာလန်တို့အား ဥရောပဘောလုံးအဖွဲ့ချုပ်က ဒဏ်ရိုက်

မကြာသေးမီးက ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၁၆ ခြေစစ်ပွဲစဉ်များတွင် အင်္ဂလန်အသင်းနှင့် စကော့တလန်အသင်းတို့သည် ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ပရိသတ်များက လူစုလူဝေးဖြင့် နှောင့်ယှက်မှုများရှိခဲ့သော်လည်း ဟန့်တားထိန်းချုပ်နိုင်စွမ်း မရှိခဲ့ခြင်းနှင့် မြောက်အိုင်ယာလန်အသင်းနှင့် ဂရိအသင်းတို့ ပွဲစဉ်တွင် ပရိသတ်များ ကွင်းအတွင်း ဝင်ရောက်မှုများရှိခဲ့ခြင်းတို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၊ စကော့တလန်ဘောလုံးအဖွဲ့ချုပ်နှင့် မြောက်အိုင်ယာလန်ဘောလုံးအဖွဲ့ချုပ်တို့သည် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)၏ ဒဏ်ရိုက်မှုကို ခံခဲ့ရသည်။

အင်္ဂလန်အသင်းသည် ယခုလအစောပိုင်းက လစ်သူရေးနီးယားမြေ၌ လစ်သူရေးနီးယားအသင်းအား အင်္ဂလန်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပရိသတ်အုံကြွမှု ဖြစ်ပွားခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အား ယူအီးအက်ဖ်အေက ယူရို ၁၅၀၀၀ (၁၀၇၆၈ ပေါင်)ဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။

စကော့တလန်အသင်းသည်လည်း ပိုလန်အသင်းနှင့် သရေကျခဲ့သည့်ပွဲစဉ်တွင် အိမ်ကွင်း ပရိသတ်များအား ထိန်းချုပ်ဟန့်တားနိုင်ခြင်းမရှိခဲ့၍ ယူအီးအက်ဖ်အေက စကော့တလန် ဘောလုံးအဖွဲ့ချုပ်အား ဒဏ်ကြေးအဖြစ် ယူရို ၂၀၀၀၀ ဒဏ်ရိုက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပိုလန်ဘောလုံးအဖွဲ့ချုပ်နှင့် လစ်သူရေးနီးယားဘောလုံးအဖွဲ့ချုပ်တို့ကိုလည်း ယူအီးအက်ဖ်အေက ဒဏ်ရိုက်ခဲ့ပြီး ပိုလန်ဘောလုံးအဖွဲ့ချုပ်အား ယူရို ၄၀၀၀၀ နှင့် လစ်သူရေးနီးယားဘောလုံးအဖွဲ့ချုပ်အား ယူရို ၃၀၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဂရိအသင်းအား မြောက်အိုင်ယာလန် အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ယူရို ၂၀၁၆ ခြေစစ်ပွဲတွင်လည်း မြောက်အိုင်ယာလန်ပရိသတ်များက ကွင်းအတွင်းဝင်ရောက်လာခဲ့မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ဒဏ်ကြေးအဖြစ် ပေါင်၅၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်းသိရသည်။

**(ငွေကြယ်)**

## ပြည်တွင်းရေးရာ

# ကချင်ပြည်နယ်တွင် မိုးစပါးရိတ်သိမ်းရန်အတွက် ရွှေဘိုမှ ရွှေ့ပြောင်းလုပ်သားများ သွားရောက်လုပ်ကိုင်နေ



**ရွှေဘို အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသမှ ရွှေ့ပြောင်းလုပ်သား(စပါးရိတ်လုပ်ငန်း)များသည် နေ့စဉ်လိုလို မီးရထားများဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း ကချင်ပြည်နယ်ရှိ ဒေသအသီးသီးသို့ စပါးရိတ်သိမ်းရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် ထွက်ခွာသွားနေကြကြောင်း ဒေသခံများကပြောသည်။

အဆိုပါရွှေဘိုဒေသရှိ ရွှေဘို၊ ခင်ဦး၊ ရေဦးစသည့်မြို့နယ်များမှ စိုက်ပျိုးထားသော မိုးစပါးများမှာ ဩဂုတ်လကုန်၊ စက်တင်ဘာလဆန်း အချိန်ကာလ ရောက်ရှိသည်ထိ စိုက်ပျိုးချိန် နောက်ကျသည့်အတွက်ကြောင့် နိုဝင်ဘာလကုန်ကာလတွင်သာ မိုးစပါးများလှိုင်လှိုင်ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုဒေသရှိ လယ်ယာလုပ်သားများသည် မိမိတို့ဒေသ၌ ထွန်တုံးပိတ်ချိန်ကာလ အလုပ်အကိုင်အခွင့်အလမ်းမရှိမှုကြောင့် လည်းကောင်း၊ ကချင်ပြည်နယ်ရှိ မိုးညှင်း၊ မြစ်ကြီးနား၊ ဗန်းမော်စသည့်ခရိုင်များ၌ မိုးစပါးကို ဇွန်လတွင် စောစောစိုက်ပျိုးနိုင်၍ စပါးများ ရိတ်သိမ်းချိန်ကာလရောက်သည့်အတွက် စပါးရိတ်လုပ်သားများ အလွန်လိုအပ်လျက်ရှိနေမှုကြောင့် လည်းကောင်း၊ စပါးရိတ်လုပ်သားတစ်ဦး တစ်နေ့လုပ်အားခမှာ ကျွမ်းကျင်မှုပေါ်မူတည်ရန် လယ်ပိုင်ရှင်၏ စေတနာ၊ မေတ္တာအလိုက် ငွေကျပ် ငါးထောင်နှင့် ကျပ်တစ်သောင်းထိ ရရှိနေမှုကြောင့်လည်းကောင်း နေ့စဉ်လိုလို အစုအဖွဲ့လိုက် ကချင်ပြည်နယ်သို့ ထွက်ခွာသွားနေကြကြောင်း သိရသည်။

ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာမှ စပါးရိတ်ရွှေ့ပြောင်းလုပ်သားတစ်ဦးက "ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ထဲက ကျေးရွာတစ်ရွာသို့ စပါးရိတ်လုပ်သားအဖြစ် သွားရောက်လုပ်မှာဖြစ်ပါတယ်။ ကျွန်မတို့ မြို့နယ်ခြား၊ တိုင်းခြားထိ ဘယ်သွားရောက်လုပ်ကိုင်ချင်ပါ့မလဲ။ အသက်ရှင်ဖို့ရာ နေရေးထက် ဝမ်းရေးက ပိုမိုခက်ခဲနေပါတယ်။ လက်မလှုပ်ဘဲနေရင် ပါးစပ်မလှုပ်ဘဲ နေရလိမ့်မယ်။ မဲပေးရက် နီးလေလေ အခြေခံစားကုန်တွေက ဈေးတက်လေလေပါပဲ"ဟု သူ့အမြင်ကိုပြောသည်။ **(ရောင်နီတင်ဝင်း)**

# ပုဂံမြို့သစ်၌ ဗိုလ်ချုပ်ကြေးရုပ်တု စိုက်ထူ

**ညောင်ဦး အောက်တိုဘာ ၂၄**

ညောင်ဦးခရိုင် ပုဂံမြို့သစ်တွင် ဗိုလ်ချုပ်ရုပ်တု ဖြစ်မြောက်ရေးကော်မတီနှင့် ပုဂံမြို့ဒေသခံပြည်သူများစုပေါင်းကြိုးစားမှုဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းပုံတုရုပ်ပြုလုပ်ခဲ့ရာ အချောသပ်ပြီးစီးခဲ့ပြီဖြစ်သဖြင့် အောက်တိုဘာ ၂၁ ရက်က ကြေးသွန်းရုပ်တုအား ကြေးသွန်းဌာနမှ စိုက်ထူထားရှိမည့် ပုဂံမြို့သစ်သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာခဲ့ရာ ဒေသခံပြည်သူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးသွန်းရုပ်တုအား ကြေးပိဿာချိန် ၂၀၀ခန့်ဖြင့်ပြုလုပ်ထားပြီး အမြင့် ခုနစ်ပေခန့်ရှိကြောင်းသိရကာ မန္တလေးမြို့ ပြည့်ဝကြေးသွန်းလုပ်ငန်းမှ ကြေးသွန်းပညာရှင် ဦးမောင်မောင်အောင်ထံတွင် အပ်နှံသွန်းလုပ်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြေးသွန်းရုပ်တု သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် အောက်တိုဘာ ၂၁ရက် ညနေ ၆နာရီခန့်တွင် ယာယီစိုက်ထူထားရှိမည့် ပုဂံမြို့သစ်တွင် မြို့လယ်ဓမ္မာရုံအရှေ့ဘက်ရှိနေရာသို့ ရောက်ရှိစိုက်ထူနိုင်ခဲ့ကြောင်း၊ စိုက်ထူအပြီးတွင် ဗိုလ်ချုပ်ကြေးသွန်းရုပ်ထုအား ပြည်သူများက စုပေါင်းအလေးပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# မိုးနှောင်းချည်မျှင်ရှည်ဝါ အထွက်တိုးစိုက်ခင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြ

**မလှိုင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန(စက်မှုသီးနှံ )က ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ ရွှေတောင်(၈)နှင့်ငွေချည် (၉)ဝါ အထွက်တိုးစိုက်ကွင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၂ ရက်က ရေချိုဘူတာ ကျေးရွာအုပ်စု သပြေပင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည် ။

စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ဒုတိယဦးစီးမှူး ဒေါ်အေးသန်းက ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါ တို့၏ ထူးခြားသည့် သဘောသဘာဝကို နှိုင်းယှဉ်ပြောကြားခဲ့ပြီး သပြေပင်ကျေးရွာ ကွင်းအမှတ်(၄၄၅)ရှိ တောင်သူ ဦးဂျပန်၏ ငွေချည်(၉)ဝါ စိုက်ခင်းကို သိပ္ပံနည်းကျစိုက်ပျိုးနည်းဖြင့် လမ်းညွှန်ပြသစိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေမှုကို တောင်သူများအား လက်တွေ့ပညာပေး ကွင်းသရုပ်ပြသခဲ့သည်။

မလှိုင်မြို့နယ်တွင် ငွေချည်(၆)နှင့် ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)မျိုးကို အဓိကထားစိုက်ပျိုးပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်၍ ငွေချည် (၉) ဝါကို စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)မျိုး၏ ကိုင်းဖြာထွက်မှုသည် ထောင့်ကျယ်ဖြစ်၍ စိုက်စနစ်မှာ သုံးပေပတ်လည် စိုက်ပျိုးရပြီး တစ်ဧကလျှင်အပင်ရေ ၄၆၈၀ စိုက်ပျိုးနိုင်ကြောင်း၊ ငွေချည် (၉) ဝါ ကိုင်းဖြာထွက်မှုသည် ထောင့်ကျဉ်းပုံဖြစ်၍ စိုက်စနစ်မှာ ၂ဒသမ၅ ပေပတ်လည်စိုက်ပျိုးရပြီး တစ်ဧက လျှင်အပင်ရေ ၁၃၉၃၉ ပင်အထိ စိုက်ပျိုးနိုင်သဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း သိရသည်။

ထို့အပြင် ရွက်မွှေးပါသဖြင့် စုပ်ပိုးနှင့် သီးလုံးဖောက်ပိုးဒဏ်ပိုမိုခံနိုင်ပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်း ၁၀ ချက်နှင့်အညီ စိုက်ပျိုးလျှင် တစ်ဧကပိဿာ ၁၀၀၀ ကျော်ထွက်ရှိပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ ရေမြေရာသီဥတုနှင့်လည်း ကိုက်ညီသဖြင့် ဒေသခံ တောင်သူများနှင့် ပိုမိုအကျိုးဖြစ်ထွန်းစေမည့်ငွေချည် (၉)ဝါကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရန် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြသခဲ့ခြင်း ဖြစ်သည်။

အဆိုပါစိုက်ကွင်းသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့် သပြေပင်ကျေးရွာမှ ဝါစိုက်တောင်သူ ၇၅ ဦး တက်ရောက်ခဲ့ပြီး တောင်သူများ၏ သိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိ သူများက ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။ **အောင်ဌေး(မလှိုင်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး သင်တန်းဆင်း

**ပုသိမ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြု လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက Trust and Gim ကုမ္ပဏီခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်တက်ရောက်၍ ဆုရသင်တန်းသားများအား ဆုများပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ယင်းသင်တန်းဖွင့်လှစ်ခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများအတွက် အကျိုးရှိသော အသက်မွေးဝမ်းကျောင်းအတတ်ပညာရရှိခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် များစွာအထောက်အကူပြုသဖြင့် ကျေးရွာနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**(အေးအေးမြင့်)**

**အမြန်အလိုရှိသည်။ အရောင်းမြှင့်တင်ရေးဝန်ထမ်း ကျား၊မ (၃၀)ဦး**

၁။ အသက် (၁၈ - ၂၅) နှစ်အတွင်း၊ အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရပါမည်။
၂။ ရုပ်ရည်သန့်ပြန့်မှုရှိ၍ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရပါမည်။
၃။ နယ်ခရီးသွားလာနိုင်သူ ဖြစ်ရပါမည်။
၄။ အရောင်းပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးမည်။

စိတ်ဝင်စားသူများ အောက်ပါလိပ်စာသို့ ကိုယ်ရေးရာဇဝင်၊ ရဲစခန်းထောက်ခံစာနှင့်အတူ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**အမှတ်၅၂၊ ၆လွှာ၊ ၅၃လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉၇၃၀၃၇၀၅၀၊ ၀၉ – ၂၆၁၄၀၂၀၅၁၊ ၀၉ – ၅၀၃၇၀၂၇**




**အထက(၃)ကမာရွတ်**
**စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ပွဲ**

(၁၉၉၁မှ၂၀၁၄ခုနှစ်အတွင်း) အထက(၃)ကမာရွတ်၌ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၃) ကမာရွတ် ရွှေညီလာခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်/မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပေးကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်)တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သော ဖုန်းနံပါတ်များ
ကိုလွင်ကိုကိုလတ်-၀၉-၅၀၉၂၈၈၃ ကိုတေဇာလင်း -၀၉-၅၅၀၆၂၉၇
မဝင်းလဲ့လဲ့ထွန်း -၀၉-၂၆၁၇၇၃၈၈၇ မမြင့်မြင့်ရီ -၀၁-၇၀၆၀၀၆
ငွေလွှဲလှူဒါန်းလိုသူများအနေဖြင့် ကမ္ဘောဇဘဏ်အကောင့်(ဦးတေဇာလင်း၊ အကောင့်နံပါတ်-၂၃၆-၃၀၁-၀၂၉၀၀၆၃၅၁၀၁ KANBAWZA BANK Ltd (YGN 75)သို့ ငွေလွှဲလှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

**အထက (ကျိုက်မရောမြို့)**
**သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

အထက ကျိုက်မရောမြို့တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမ ကြီးများအား သတ္တမအကြိမ်မြောက် ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသား ဟောင်းများမှ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၂-၂၀၁၅ (စနေနေ့)
အချိန် - နံနက် (၈း၀၀) နာရီ
နေရာ - ပညာအားမာန်ခန်းမ၊ အထက (ကျိုက်မရော)

အသက် (၆၀) ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ကြားလွှာပေးပို့ရန်အတွက် ဦးအောင်ကျော်မျိုး (၀၉ ၉၇၃၄၃၄၄၆၅)၊ ဦးဝဏ္ဏထွန်း (၀၉ ၇၉၂၃၅၈၉၅၉) သို့ ဆက်သွယ်ပေးကြပါရန် နှင့် ဆက်သွယ်လှူဒါန်းနိုင်ရန် ဦးကျော်မြင့် (၀၉ ၂၅၅၇၅၇၆၉၁)၊ ဦးသိန်းမြင့်မွှန် (၀၉ ၄၉၂၇၃၄၄၃)၊ ဦးခင်အောင် (၀၉ ၅၀၀၇၀၈၉)၊ ဦးတက်တိုး (၀၉ ၅၀၀၄၆၆၆)၊ ဦးရဲမြင့် (၀၉ ၇၃၂၃၄၀၇၇)၊ ဦးအောင်မိုး (၀၉ ၄၂၀၀၇၉၉၆၆)၊ ဒေါ်မြင့်မြင့်ရီ (၀၉ ၂၅၉၂၅၆၅၇၂)၊ ဒေါ်ခင်သန်းမြင့် (၀၉ ၇၃၂၂၃၂၂၈)။

**အများသိစေရန်ကြေညာခြင်း**

ကျွန်တော်ဦးအောင်ဝင်း[၁၂/ကမတ(နိုင်)၀၀၉၅၃၅]၏ဇနီးဖြစ်သူ ဒေါ်ခင်အေးဆွေ[၁၂/ကမတ(နိုင်)၀၀၉၅၃၄]သည် ခင်ပွန်းဖြစ်သူနှင့်သားသမီးများ၏ဂုဏ်သိက္ခာညှိုးနွမ်းစေသော လုပ်ရပ်များအပြင် ၎င်း၏စိတ်ဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားသဖြင့်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုကျွန်တော့်အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးအောင်ဝင်း[၁၂/ကမတ(နိုင်)၀၀၉၅၃၅]**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၄၇/ဆ၁+၄၇/ဆ၂A၊ ဧရိယာ၀. ၀၉၂၈ဧကရှိ လန၃(ခ)ရပြီး မြေပိုင်မြေနှင့် မြေပေါ်ရှိအမှတ်-၄၇G၊ ဦးဖိုးသုန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဒေါ်ဝါဝါမင်း[၁၄/ဟသတ(နိုင်)၁၉၆၁၁၉]ထံမှအပြီးအပိုင်ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေများပေးချေထား ပြီးဖြစ်ပါသည်။အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကျော်နိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၉၃)**
**အမှတ်-၅၆၃(ပထပ်) ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၁/၁(ရွှေပေါက္ကံ)၊မြေကွက်အမှတ်(၁၄၈)၊မြေကွက်တည်နေရာအမှတ်(၁၄၈)၊ငုရွှေဝါ(၃)လမ်း၊ဒေါ်တင်တင်ဦးအမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဒေါ်တင်တင်ဦးထံမှအရပ်ကတိအရောင်းစာချုပ်ဖြင့်ဝယ်ယူထားသူဦးဝင်းသိန်း(၁၂/ဥကမ(နိုင်)၁၂၃၇၆၉)နှင့်ဦးသိန်းထွန်း(၈/နမန(နိုင်)၀၈၉၉၆၉)တို့မှပါမစ်မူရင်းနှင့်အရောင်းစာချုပ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၄)တိုးချဲ့ရပ်ကွက်အတွင်းရှိ အိမ်ရာကွက်အမှတ်(ကဘ-၃၈)၊ (ကန-၁၅)၊ (တ-ခရ) မြေကွက်များအား မူလအမည်ပေါက်ရရှိထားသူ ပိုင်ရှင်များထံမှ ကျွန်တော် ဦးအောင်နိုင်[၇/ပခန(နိုင်) ၀၂၂၂၁၀]မှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် ပတ်သက်၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ ကန့်ကွက်နိုင်ပါသည်။

ဦးအောင်နိုင်
[၇/ပခန(နိုင်)၀၂၂၂၁၀]
စံတော်တွင်းလမ်း၊ ပဲခူးမြို့။

**ကန်ထရိုက်တာဟုဖော်ပြချုပ်ဆိုသူ ဦးနေမျိုးပင်လုံကျော်(PYU-167480)၊ ဒေါ်ပပဖြူ[၁၂/သဃက(နိုင်)၀၃၆၄၁၅]နှင့်အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ်(၈၅)ဟုခေါ်တွင်သော မြေကျယ်ပေ(၄၂×၆၀)ရှိ မြေကွက်ပေါ်တွင်(၆)ထပ်တိုက်ဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးနေမျိုးပင်လုံကျော်၊ ဒေါ်ပပဖြူ တို့နှင့် ဦးစိုးညွန့်[၁၂/ဥကတ(နိုင်)၁၇၀၃၄၀]တို့သည် ၃-၇-၂၀၁၄ရက်စွဲပါ "မြေရှင်နှင့် အဆောက်အအုံတာဝန်ခံ ဆောက်လုပ်သူ(ကန်ထရိုက်တာ)တို့(၆)ထပ်တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်" ကိုချုပ်ဆိုကြပြီးနောက် အဆောက်အအုံအားဆောက်လုပ်ခြင်းမရှိဘဲ ကြန့်ကြာလွန်းနေသဖြင့် ဦးစိုးညွန့်မှစုံစမ်းရာ ၁၈-၉-၂၀၁၅ရက်တွင် ၅ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ကိုသာ သက်ဆိုင်ရာသို့ တင်သွင်းထားကြောင်းသိရှိခဲ့ရပါသဖြင့် ကန်ထရိုက်တာ နှစ်ဦးတို့သည် (၆)ထပ်ဟုဖော်ပြချုပ်ဆိုပြီး (၅)ထပ်ဆောက်လုပ်ခွင့်ကိုသာတင်သွင်းထားခြင်းနှင့် စပ်လျဉ်း၍ ကန်ထရိုက်တာ(၂)ဦးတို့သည် ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ဦးစိုးညွန့်ထံ လာရောက်ရှင်းလင်း ရန်နှင့် ထိရောက်ပြတ်သားစွာ ရှင်းလင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်းနှင့် ကန်ထရိုက်တာတို့ရယူထားသောခြေရင်းခန်းများနှင့် ခေါင်းရင်းခန်း(၆)လွှာအပေါ်ဆုံးထပ်၏ ထက်ဝက်တန်ဖိုးတို့နှင့်ပတ်သက်၍ အရောင်းအဝယ်ကိစ္စမှန်သမျှသည် ဦးစိုးညွန့်နှင့်ပတ်သက်မှုမရှိပါကြောင်း ကန်ထရိုက်တာ(၂)ဦးနှင့်သာ သက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးညွန့်[၁၂/ဥကတ(နိုင်)၁၇၀၃၄၀] မြေပိုင်ရှင်**

# ကမ္ဘာတစ်လွှား ဩဓိသမေတ္တာထား အနောဓိသမေတ္တာ ပွားကြလျှင်

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*



à ကိုရင်ဩ

စက်မှုလုပ်ငန်း အလျင်အမြန် တိုးတက်ထွန်းကားရေးနှင့် အနောက်တိုင်းနိုင်ငံတို့နှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးတို့အရ ခိုင်ခိုင်မြဲမြဲ နှောင်ကြိုးတည်းရန် စိတ်အားထက်သန်လျက်ရှိပေထသော 'စိန့်တိုင်း' ခေါ်မည် တရုတ်ပြည်၏ အာဏာရ ကွန်မြူနစ်ပါတီ၏ အကြီးအကဲလည်းဖြစ်၊ နိုင်ငံတော်သမ္မတလည်းဖြစ်သူ ရှီကျင့်ဖျင်သည် နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်းဖောက်သည့် ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ယူနိုက်တက်ကင်းဒမ်း(ယူကေ)ဟူ၍ အကျော်အဇောရှိပေထသော ဧကရီဘုရင်မကြီး စိုးစံတော်မူသည့် နိုင်ငံတော်သို့ အောက်တိုဘာ ၁၉ ရက် ညနေခင်းက ဆိုက်ရောက်ခဲ့လေသည်။

ဂရိတ်ဗြိတိန်နှင့် မြောက်အိုင်ယာလန်တို့ကို ပေါင်းစည်းထားလျက် ဂရိတ်ဗြိတိန်(ဝါ) ဗြိတိန်ဟုလည်း ခေါ်ဝေါ်ကြသည့် ယူနိုက်တက်ကင်းဒမ်းသို့ သမ္မတရှီ လာရောက်ခြင်းသည် သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူခြင်းဖြစ်သည်ဟု ဧကရီဘုရင်မကြီး ဒုတိယမ္ပိ အဲလစ္စဘက်က အမိန့်တော်ရှိခဲ့လေသည်။

ယူကေ အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်ကမူ နှစ်ပြည်ထောင် ဆက်ဆံရေးမှာ 'ရွှေခေတ်' တစ်ခေတ်သို့ ဝင်ရောက်ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံပိုင် စီစီတီဗွီ ရုပ်မြင်သံကြားဌာနသို့ ဆိုမိန့်ခဲ့လေသည်။

ဧကရီဘုရင်မကြီး၏ ဖိတ်မန္တကပြုချက်အရ လေးရက်ကြာ ချစ်ကြည်ရေးခရီးစဉ် လှည့်လည်သူ သမ္မတရှီကို မင်းခမ်းမင်းနားနှင့်အညီ ကောဇောနီခင်းလျက် ကြိုဆိုနှုတ်ဆက်ခဲ့ကြလေသည်။

ရှီသည် ဧကရီဘုရင်မကြီး၏ ဘက်ကင်ဟမ်အမည်ရှိ ကြငှန်းနန်းတော်၌ တည်းခိုခဲ့ပြီး ဘုရင်မကြီးနှင့်အတူ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့လေသည်။

ဆယ်စုနှစ် တစ်စုကြာကာလအတွင်း ဗြိတိန်နိုင်ငံသို့ လာရောက်သည့် ပထမဆုံးသော တရုတ်သမ္မတတစ်ဦးမှာ ရှီဖြစ်၏။

တရုတ်နိုင်ငံ၏ စီးပွားရေးအရွယ်အစားသည် ဗြိတိန်နိုင်ငံ၏ စီးပွားရေးအရွယ်အစားထက် လေးဆ ပိုမိုကြီးမားပေရာ ဗြိတိသျှတိုင်းသား စီးပွားရေးလုပ်ငန်းရှင်တို့က တရုတ်နိုင်ငံ စီးပွားရေးစန်းထနေမှုကို မသိကျိုးကျွံပြုခြင်းငှာ မစွမ်းသာချေ။

ဥရောပတိုက်၏ စီးပွားရေးမဟာနဖူးတည်ရာ ဗြိတိန်နိုင်ငံကလည်း အာရှတိုက်၏ စီးပွားရေးမဟာတံတိုင်းတည်ရာ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုတို့ ငုပ်လျှိုးနေမှုကို မလိုလားဟု ကျွန်ုပ် အကဲခတ်မိ၏။

နှစ်နိုင်ငံလုံးအတွက် စီးပွားရေးတိုးတက်မှုအလို့ငှာ ခြေလှမ်းပြင်နေကြချိန်တွင် သမ္မတရှီ ခြေဦးတည်ရာသည်ကား ဗြိတိန်နိုင်ငံဖြစ်တော့သည်။

## လူ့အခွင့်အရေးမှတ်တမ်း စကားဦးသန်းလျက်

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မှတ်တမ်းများနှင့် စပ်လျဉ်း၍ စကားဦးသန်းလျက် တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုတိုးတက်ခြင်းအပေါ် ကျေနပ်ပါရဲ့လားဟူ၍ ဘီဘီစီသတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို ဝန်ကြီးချုပ်ကင်မရွန်က -

"ဆက်ဆံရေးကောင်းမွန်လာလေလေ အခြားပြဿနာရပ်များနှင့် ပတ်သက်၍ ဆွေးနွေးအဖြေရှာရန် ပိုမိုလွယ်ကူလာလေလေ" ဟူ၍ ခွန်းတုံ့ဆိုခဲ့လေသည်။

နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ခိုင်မာအားကောင်းရေးမှာ အရေးကြီးလှသည်ဟု ကင်မရွန်က သူ၏ သဘောထားကို ချပြသည်။

စီးပွားရေး ဆက်ဆံမှု ပြုလုပ်ရာတွင် ပြဿနာများ ရှိတတ်သည်မှာ ရှောင်လွှဲနိုင်ခြင်းမရှိသည့် လောကတံထွာ ဓမ္မတာအဖြစ် ကင်မရွန်က ချင့်ချင့်ချိန်ချိန် ပြောဆိုပုံကို ကျွန်ုပ် အမှတ်ထင်ထင် ဖြစ်မိ၏။

"မကြာသေးမီ ရက်သတ္တပတ်တွေအတွင်း ဗြိတိန်တစ်ဝန်းမှာ သံမဏိစက်ရုံတွေ အရုပ်ကြိုးပြတ် ဖြစ်ခဲ့ရတယ်။ အလုပ်သမား ၄၀၀၀ ကျော် ဆုတ်ယုတ်နစ်နာရတယ်။ တရုတ်ပြည်ကြီးကနေ သံမဏိ အောတိုက်သွင်းတဲ့ ပြဿနာကို ကျွန်တော်ထောက်ပြခဲ့ပါတယ်" ဟူ၍ ကင်မရွန်က သတင်းထောက်များကို ဖြေကြားခဲ့လေသည်။

သံနှင့် သံမဏိ ထုတ်လုပ်မှုစွမ်းပကားလျှော့ချနိုင်ရန် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုကို အထူးပင်အလေးထားသည်ဟု သမ္မတရှီက ဖြေသိမ့်စကားဆိုသည်။

"တရုတ်စီးပွားရေး အရှိန်အဟုန်မြင့်မားမှုကို ကျွန်တော် ဆက်ထိန်းမယ်။ တရုတ်စီးပွားရေး မယိုးမယိမ်းမဖြစ်စေရ" ဟူ၍ သူက ဗြိတိန်စီးပွားရေးအသိုက်အဝန်းကို ရွှေနားတော်သွင်းလေသည်။

တရုတ်နိုင်ငံနှင့် ဖက်လဲတကင်း ဆက်ဆံခြင်းဖြင့် ဗြိတိန်နှင့် အမေရိကန်အကြား နှစ်နိုင်ငံ ဆက်ဆံရေး ကျဲတောက်တောက်ဖြစ်စေနိုင်သည်ဟု ဝေဖန်မှုများ ပေါ်ထွက်နေသည့်ကြားမှပင် သမ္မတရှီနှင့် ဝန်ကြီးချုပ် ကင်မရွန်တို့ ကျောသားရင်သားမခွဲ လက်တွဲကြပုံကို ကျွန်ုပ် မျက်မြင်ဒိဋ္ဌ တွေ့ရ၏။

နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ သဘောတူညီချက် အများအပြား ပေါ်ထွက်လာပြီးလျှင် ဗြိတိန်နိုင်ငံ၏ အခြေခံအဆောက်အအုံ လုပ်ငန်းများအတွင်းသို့ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၅၅ ဘီလီယံကျော် စီးမျောဝင်ရောက်စေမည်ဟု ကျွန်ုပ် မှတ်သားရ၏။

## အချီကြီး ရင်းနှီးမြှုပ်နှံဖို့ပြင်

ဗြိတိန်နိုင်ငံ၌ တည်ဆောက်လတ္တံ့သော အဏုမြူဓာတ်အားပေးစက်ရုံများအတွက် ရန်ပုံငွေထောက်ပံ့ပေးမည့် သဘောတူညီချက်တစ်ရပ်ကို ရှီ၏ ခရီးစဉ်အတွင်း ရရှိခဲ့လေသည်။

ဝန်ကြီးချုပ် ကင်မရွန်၏ ဒေါင်းနင်းလမ်းစံအိမ်တော်၌ ထူးထူးခြားခြား ဆောင်ရွက်ချက်အဖြစ် အဏုမြူစက်ရုံတည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည်ကား အနောက်နိုင်ငံတစ်နိုင်ငံရှိ အဏုမြူစွမ်းအင်ကဏ္ဍ၌ ပထမဆုံးအကြိမ် တရုတ်နိုင်ငံ၏ ကြီးမားလှသည့် ရင်းနှီးမြှုပ်နှံမှု စီးဝင်ရောက်မှုရှိလာမည့် အမှတ်သင်္ကေတပင်ဖြစ်တော့သည်။

တရုတ်နိုင်ငံရှိ ဂျင်နရယ် နျူကလိယ ကော်ပိုရေးရှင်း (စီဂျီအင်န်) သည် ပေါင်ငွေ ၁၈ ဘီလီယံ (ဒေါ်လာ ၂၈ ဘီလီယံ) ရန်ပုံငွေသုံးစွဲရမည့် ဟင်ကလေပွိုင့်အဏုမြူစက်ရုံစီမံကိန်းအတွက် စွန့်စားရင်းနှီးမြှုပ်နှံငွေ သုံးပုံတစ်ပုံကို ထည့်ဝင်မည်ဖြစ်သည်။ ပြင်သစ်နိုင်ငံ အီးဒီအက်ဖ်ကုမ္ပဏီက ထိန်းချုပ်သော ဟင်ကလေပွိုင့်အဏုမြူစက်ရုံသည် ဆယ်စုနှစ်များ ကာလအတွင်း ဗြိတိန်၏ ပထမဆုံးသော အဏုမြူစက်ရုံအဖြစ် ရပ်တည်လာပေလိမ့်မည်။ အဆိုပါစက်ရုံကို အင်္ဂလန်အနောက်တောင်ပိုင်း ဆွမ်မာဆက် စီရင်စု၌ တည်ဆောက်ရန်ရှိ၏။

တရုတ်နိုင်ငံသည် အင်္ဂလန်မြောက်ပိုင်းရှိ မြို့ကြီးအများစုတွင် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၌လည်း ရင်းနှီးမြှုပ်နှံရန် တာစူလျက်ရှိလေသည်။

တရုတ်နိုင်ငံ၏ ပင်လယ်ရပ်ခြား ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၀၅ ခုနှစ်က ဒေါ်လာ ၂၀ ဘီလီယံရှိခဲ့ရာမှ လွန်ခဲ့သည့်နှစ်တွင် ဒေါ်လာ ၁၇၁ ဘီလီယံအထိ ခုန်ပျံကျော်လွှားမြင့်တက်လာသည်ဟု ကျွန်ုပ်စေ့ငုမိ၏။ ၂၀၀၅ ခုနှစ်မှစ၍ ဗြိတိန်၌ တရုတ်၏ ရင်းနှီးမြှုပ်နှံမှု ဆပွားတိုးတက်လာသည့် လက္ခဏာဖြစ်၏။

တရုတ်နိုင်ငံပိုင် စီဂျီအင်န်ကုမ္ပဏီသည် လန်ဒန်အရှေ့ဘက်ရှိ ဘရက်ဝဲ အဏုမြူစက်ရုံ၌လည်း စွန့်စားရင်းနှီးမြှုပ်နှံရန် လမ်းပွင့်ခဲ့ပြီး ယင်းစက်ရုံ၌ တရုတ်နည်းပညာဖြင့် တည်ဆောက်မည့် ဓာတ်ပေါင်းဖိုတစ်လုံးကို တပ်ဆင်ရန် စီစဉ်ထားသည်။ တရုတ်နိုင်ငံသည် ဆိုက်ဝဲအဏုမြူစက်ရုံ စီမံကိန်း၌လည်း ပါဝင်ရင်းနှီးမြှုပ်နှံရန်ရှိသည်ဆို၏။

ဗြိတိန်နိုင်ငံရှိ ဘီပီကုမ္ပဏီနှင့် တရုတ်နိုင်ငံရှိ ဟွာဒိန်းကုမ္ပဏီတို့အကြား ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ သဘာဝဓာတ်ငွေ့ရည် ထောက်ပံ့ရေးသဘောတူညီချက်ကိုလည်းကောင်း၊ ရိုးရွိုက်စ်နှင့် အိပ်ချ်အင်န်အေအုပ်စုအကြား ပေါင်ငွေ ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်ကိုလည်းကောင်း၊ ကာနီဗယ် ကော်ပိုရေးရှင်းနှင့် ပေါင်ငွေ ၂ ဒသမ ၆ ဘီလီယံ တန်ဖိုးရှိ သဘောတူညီချက်ကိုလည်းကောင်း ရှီ၏ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသည်ဟု မှတ်သားရလေသည်။

## ယုံမှတ်ပုံအပ်လေသလော

တရုတ်နိုင်ငံက ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးများကို 'ဟက်ကာ' (ကွန်ပျူတာ ဖောက်ထွင်းမှု) ပြုလုပ်သဖြင့် နိုင်ငံတော်လုံခြုံရေးအလို့ငှာ တရုတ်နိုင်ငံအပေါ် ယုံမှတ်ပုံအပ်မှုမပြုသင့်ဟု ဝန်ကြီးချုပ် ကင်မရွန်း၏ မူဝါဒရေးရာ အကြံပေးပုဂ္ဂိုလ်ဟောင်း စတိဗ်ဟီလ်တန်က ဘီဘီစီသို့ ရင်ဖွင့်ခဲ့သော်လည်း ပကတိအခြေအနေမှာမူ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆက်ဆံရေးအဖြစ် ကျွန်ုပ် ရှုမြင်ရလေသည်။

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သည်ကား အားကောင်းမောင်းသန် စီးပွားရေးအင်အားရှင် နိုင်ငံများဖြစ်ကြပြီးလျှင် ကုလသမဂ္ဂအဖွဲ့ကြီး၌လည်း ထာဝရအဖွဲ့ဝင်နိုင်ငံကြီးများဖြစ်ကြပေရာ အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံ၏ ပြည်သူပြည်သားများ ဖွံ့ဖြိုးရေးအတွက် အကျိုးဗလဝ ရနိုင်သည်သာမက နိုင်ငံတကာ ဆက်ဆံရေးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိပေလိမ့်ဟု ကျွန်ုပ် ထောက်ချင့်မိ၏။

ဤတွင်ရွေ့ကား ကျွန်ုပ်အတွေးစာပန်းချီရေးသိမ်သည်ကား နိုင်ငံတကာ ဆက်ဆံရေးဖြစ်လေသည်။

ကမ္ဘာ့နိုင်ငံတို့သည် အမျိုးသားရေးလက္ခဏာများအရ အသွင်မတူကွဲပြား ဝိဝိဒခြားနားကြလင့်ကစား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ရှေးရှုအပ်၏။

တစ်နိုင်ငံနှင့်တစ်နိုင်ငံတို့မှာ နိုင်ငံရေးအခင်းအကျင်းချင်း ကွဲပြားကြသည်သာမက စံတန်ဖိုးများလည်း ခြားနားကြသည်ဖြစ်သော်လည်း အမြော်အမြင်တရားဖြင့် သဘောထားကြီးမားအပ်၏။

'အသွင်မတူ အိမ်သူမဖြစ်' ဟု လောကတံထွာ ဓမ္မတာဆိုကြငြားလည်း 'အသွင်မတူရန်သူမဖြစ်' ဖို့ ပိုမိုအရေးကြီးသည်ဟု ကျွန်ုပ်တွေးတောမိ၏။

စီရရီပြိုင်းရရိုင်း ပေါ်ထွက်နေသော သဘောကွဲလွဲမှုများဖြင့် ဘောင်ဘင်ခတ်နေသော ဆက်ဆံရေးမှာ အကျယ်အကျယ်မငြိမ်းဖွယ်သာရှိနိုင်ပြီး အပြန်အလှန်လေးစားမှု၊ အပြန်အလှန် သာတူညီမျှပြုမူဆက်ဆံမှု၊ အပြန်အလှန် ကိုယ်ချင်းစာနာတတ်မှု၊ အပြန်အလှန် အကျိုးစီးပွားချင်းရိုင်းပင်းမှု၊ အပြန်အလှန် ယုံကြည်မှုတို့ဖြင့်သာ တည်ငြိမ်အေးချမ်းသော ကမ္ဘာကြီးကို တည်ဆောက်နိုင်ကြပေလိမ့်မည်ဟု ကျွန်ုပ် ရှုမြင်မိလေသည်။

မတူကွဲပြားမှုများကို သဘောထားကြီးစွာ ခွင့်လွှတ်ကြလျက် တစ်ဦးပေါ်တစ်ဦး 'ဩဓိသမေတ္တာ' ထား အများအပေါ် 'အနောဓိသမေတ္တာ' ပွားကြလျှင် လောကလူသားများ အချင်းချင်း သံသယများကင်းပျောက်ကာ အေးငြိမ်းမှု ရောက်လိမ့်မည်ဟု ကျွန်ုပ် တွေးဆမိပါသတည်း။ ။

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

**ယမန်နေ့မှအဆက်**

လက်ဝဲဝါဒကို ကိုင်ထားပါသည်။ ပစ္စည်းမဲ့တို့ဘက်မှ ရပ်တည်ပါသည်။ လူတန်းစားခွဲခြင်းကို ဆန့်ကျင်ပါသည် ဆိုသော သတင်းစာတစ်စောင်က ဝေဖန်ပုံကိုမူ သက်ခိုင် အကြိုက်ဆုံးဖြစ်၏။

"ပညာတတ် ကျောင်းသူ ကျောင်းသားများကို စင်မြင့်ပေါ်၌ ကြေးစားသဘင်သည်တို့နှင့် ရောနှောကခိုင်းသည်မှာ မသင့်. . ."

သက်ခိုင်က ရယ်မိသည်။ ဩော်. . . မြန်မာပြည်မှ လက်ဝဲဆရာကြီးများသည် တစ်ခါတစ်ရံ (ပညာရှိ သတိဖြစ်ခဲမို့) အသည်းနှလုံးက ရွှေကျင့်၊ ငွေကျင့်ပါသွားတတ်ရှာပါလေသည်တကား။ ရွှေကျင့် ငွေကျင့် ပါသွားတတ်ရှာပါလေသည် တကား. . .။

ပညာရေးဝန်ကြီး ဒေါက်တာကြီးနှင့်လက်ထောက် အတွင်းဝန်မင်းဘုရားများ ရွှေစိတ်တော်ညို အလိုမကျ ဖြစ်သွားတော်မူခြင်းကိုမူ ကိုသက်ခိုင်ကောင်းကောင်းသိလိုပါ၏။

ပုဂံ၏ ဇာတ်လမ်းသစ္စာမတိုင်မီ ရှေ့ပိုင်းထွက်သော ဇာတ်၌ ပုဂ္ဂလိက အမှားတစ်ခု ပါသွားသည်။ ထိုအမှားကို ကိုင်ကာ ကိုသက်ခိုင်တို့ကို အရေးယူရန်အတွက် တက္ကသိုလ် ကောင်စီ၌ ပါလီမန်ကိုယ်စားလှယ် အမတ်မင်းများက မဟာဝီရိယနှင့် စိုင်းပြင်းကြ၏။

ထိုအချိန်တွင်ပင် အနုပညာကို လွတ်လပ်စွာ လုပ်လိုသောကြောင့် ကိုသက်ခိုင်ကလည်း တက္ကသိုလ်ဆရာအဖြစ်မှ နုတ်ထွက်လိုကြောင်းစာကို တင်လိုက်၏။

မိတ်ဆွေများက သတင်းလာမေးတိုင်း တစ်ယောက်တစ်လက်နှင့် သီချင်းဆိုနေသော ကိုသက်ခိုင်ကို တွေ့ကြရ၏။

"တို့သမိုင်းက စေခိုင်းညွှန်လား တော်လှန်ရေး. . . တော်လှန်ရေး. . . လူမှုမင်္ဂလာ"

**အခန်း–၃၄**

**မျှော်လင့်ရမည်**

သို့နှင့် . . . မဟာတစ်နွေသည် ရောက်လာခဲ့ပြန်သည်။

လူဆိုသည်မှာ အခက်သား။ ကိုယ့်ဒုက္ခနှင့်ကိုယ် ဆိုပြန်တော့ သူများဒုက္ခကို မေ့မိသည်။

မတ်လ ၂ ရက်နေ့ ညနေတွင် မမြင့်ဝေသည် ကိုသက်ခိုင်၏ အိမ်သို့ ရောက်လာ၏။

မမြင့်ဝေ၏ အလှသည် စံပယ်ပန်းနှင့် တူသည်။ ယခုမူ ညှိုးနွမ်းနေသော စံပယ်ငွေဖြူကို ကိုသက်ခိုင် ရင်ဆိုင်နေရ၏။

"ဆိုပါဦး. . . မမြင့်ဝေ၊ ဘာဖြစ်လာပြန်ပြီလဲ"

မမြင့်ဝေသည် ဝင်မထိုင်ဘဲ ဖြေ၏။

"မောင်စောနောင် ဆေးရုံကို ရောက်လာတယ် ဆရာ သူက ဆရာ့ကို တွေ့ချင်တယ်ဆိုလို့ မမြင့်ဝေ လာခေါ်တာပါ။ ဆရာလိုက်ခဲ့ပါလား"

"ဒီမေးခွန်းကို မေးဖို့ မလိုပါဘူး မမြင့်ဝေ"

ကိုသက်ခိုင်သည် မမြင့်ဝေ၏ ကားနှင့် ဆေးရုံကြီးသို့ လာခဲ့သည်။

လူနာခန်းဝရှေ့၌ သေနတ်ကိုင် ရဲသားတစ်ဦးကို တွေ့ရ၏။ အခန်းတွင်း၌ အခြားရဲသားတစ်ဦးနှင့် ရဲအုပ်တစ်ယောက်ကိုလည်း တွေ့ရ၏။

မောင်စောနောင်သည် သာမန်လူနာ မဟုတ်။ တရားခံလူနာသာတည်း။

ကိုသက်ခိုင်သည် မောင်စောနောင်၏ လက်များကို ယုယစွာ ဆုပ်ကိုင်မိ၏။ ဖြူဖျော့နေသော မောင်စောနောင်သည် ပြုံးသည်။ ပြုံးသောအခါ သူ့မျက်နှာက မယုံနိုင်စွာ နုပျိုလန်းဆန်းလာပြန်၏။

ကိုသက်ခိုင်သည် အံကြိတ်ပြီး မေးသည်။

"မင်းကို သူတို့အချုပ်ထဲမှာ နှိပ်စက်သလား မောင်စောနောင်. . ." မောင်စောနောင်က ခေါင်းခါ၏။

"မဟုတ်ပါဘူး ဆရာ သူတို့အားလုံး ကျွန်တော့်အပေါ်မှာ ကြင်နာကြပါတယ်။ ကျွန်တော်အခု ဆေးရုံတက်ရတာက ကျွန်တော့်ဘာသာ ကျွန်တော်ရင်ကွဲလို့ပါ ဆရာ"

ဘေးမှ ရပ်ကြည့်နေသော ရဲအုပ်သည် ကိုသက်ခိုင်၏ အနားသို့ ကပ်လာ၏။ ရိုသေစွာလည်း ဆိုသည်။

"ဆရာ ဘယ်သူဆိုတာ ကျွန်တော် သိပါတယ်။ ဒေါက်တာဒေါ်မြင့်ဝေကိုလည်း လေးစားပါတယ်။ ဆရာတို့ ကိုစောနောင်နဲ့ လွတ်လပ်စွာ စကားပြောကြပါ"

ရဲအုပ်သည် ရဲသားနှင့်အတူ အပြင်သို့ ရှောင်ထွက်သွား၏။

ကိုသက်ခိုင်သည် မောင်စောနောင်ကို ငုံ့ကြည့်ပြီး မေး၏။

"မောင်စောနောင်. . . ဆရာ့ကို ဘာပြောပြချင်သလဲ"

မောင်စောနောင်က ပြုံး၏။

"ပြောစရာတွေတော့ အများကြီးပဲ။ ဒါပေမယ့် တိုတိုပဲ ကျွန်တော်ပြောပါရစေ ဆရာ"

"ပြောပါ မောင်စောနောင်"

မောင်စောနောင်က ထပ်ပြုံးပြီး ဆိုသည်။

"ကျွန်တော် မှားခဲ့တယ် ဆရာ"

ကိုသက်ခိုင်သည် မောင်စောနောင်၏ ပခုံးကို ယုယစွာ ပွတ်မိသည်။ စကားတော့ မပြန်နိုင်။ မောင်စောနောင်ကသာ ဆက်ပြော၏။

"စကတည်းက ကျွန်တော့်ရဲဘော်တွေ မှားနေမှန်း ကျွန်တော်သိတယ်။ ဒါပေမယ့် ကျွန်တော်မာနကြီးခဲ့တယ် ဆရာ။ သမဂ္ဂဥက္ကဋ္ဌဖြစ်ရင် ကျွန်တော် မာလိန်မှူး ဖြစ်လာလိမ့်မယ်။ အဲဒီအခါမှာ ကျွန်တော် လိုရာကို ပဲ့ကိုင်နိုင်လိမ့်မယ် ထင်တယ်။ အဆုံးကျမှ သိတယ် ဆရာ။ သမဂ္ဂဆိုတာက စက္ကူသင်္ဘော။ ကျွန်တော်က အရုပ်မာလိန်၊ သံမဏိစည်းကမ်းဆိုတာကိုချပေးတဲ့ အာဏာပိုင်တွေက တခြား"

ကိုသက်ခိုင်သည် မောင်စောနောင်၏ ပါးစပ်ပေါ် လက်ဝါးနှင့် ပိတ်လိုက်၏။

"တော်တော့ မောင်စောနောင်၊ မောင်စောနောင် ဘာပြောချင်တယ် ဆိုတာ ဆရာသိတယ်။ ရင်တော့အကွဲမခံနဲ့ မောင်စောနောင် ဘယ်သူက ခွင့်လွှတ်လွှတ် မလွှတ်လွှတ် မိခင်မြေကတော့ အမြဲခွင့်လွှတ်တယ်။ ခွင့်လွှတ်ခြင်းကို ဘယ်သူ့ဆီကမှတို့က ဒူးထောက်တောင်းပန်နေဖို့ မလိုဘူး။ အမှန်ကို မြေက သိတယ် တပည့်ရေ. . . အမှန်ကို မြေက သိတယ်။ မြေဆိုတာဟာ ခိုင်ခံ့တယ်။ မြေကို ချစ်တဲ့ မြေသားဟာ အသည်းနှလုံးလည်း မြေလိုပဲ ခိုင်ခံ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမြေအတွက် တို့တွေ ဆက်လုပ်စရာတွေ အများကြီး ရှိသေးလို့ပဲ"

မောင်စောနောင်က ကိုသက်ခိုင်၏ လက်ကို တင်းကျပ်စွာ ပြန်ဆုပ်သည်။

"ဟုတ်တယ်. . . ဒီမြေအတွက် ကျွန်တော်တို့ လုပ်စရာတွေ အများကြီးရှိသေးတယ်။ ရင်ကွဲပေမယ့် ကျွန်တော် အသည်းဟာ မကြွေပါဘူး ဆရာ။ ဩော်. . . မမြင့်ရေ. . . ဆရာနဲ့ ကျွန်တော် လွတ်လွတ်လပ်လပ်ပြောချင်တဲ့ စကားတစ်လုံးရှိနေတယ် နော် . . . မမြင့်"

မမြင့်ဝေသည် နေရာမှ ဖြည်းညင်းစွာ ထွက်ခွာသွား၏။

"မင်း ဘာပြောချင်တာလဲ. . . မောင်စောနောင်"

မောင်စောနောင်သည် နှုတ်ဆိတ်ကာ အံကြိတ်နေ၏။

"ပြောလေ. . . မောင်စောနောင်"

"ကျွန်တော် တကယ်ပြောရမလား"

"မောင်စောနောင်ရယ် . . . ဆရာ့ကို မင်းဘာမှ ထပ်မတောင်းပန်ပါနဲ့တော့"

မောင်စောနောင်သည် မျက်ရည်ဝဲပြီး ကိုသက်ခိုင်ကို ကြည့်၍ပြော၏။

"ကျွန်တော့်အမေဟာ မုန့်ဟင်းခါးရောင်းပြီး ကျွန်တော့်ကို ကျွေးခဲ့တယ်။ ဆရာ့အမေဟာလည်း မုန့်ဟင်းခါးသည်ပဲ မဟုတ်လား"

"ဟုတ်ပါတယ် မောင်စောနောင်"

"ပြီးတော့. . . ဆရာ့မှာ အင်မတန်ချစ်တဲ့ မမနွယ်. . . ဆိုတဲ့ အစ်မတစ်ယောက် ရှိခဲ့ဖူးတယ်။ ဒါကို ဆရာ ဝန်ခံမလား ဆရာ"

"ဆရာ ဝန်ခံတယ် မောင်စောနောင်"

မောင်စောနောင်က ကျေနပ်စွာ ခေါင်းညိတ်ပြ၏။

"ဆရာက ကျွန်တော့်ကို ဘယ်တုန်းကမှ မလိမ်ခဲ့ဘူး။ ကျွန်တော်လည်း ဆရာ့ကို မလိမ်ဘူး။ ဆရာ မမမြင့်ကို ကျွန်တော် သိပ်ချစ်တယ်။ ဒါပေမယ့် ဆရာ့လိုပဲ မစားအပ်တဲ့ သစ်သီးကို ကျွန်တော်မစားဘူး ဆရာ။ မမမြင့်ကလည်း ဒီသစ်သီးကို မစားပါဘူး. . ."

ဤအကြိမ်တွင်မူ ကထိကကြီး ကိုသက်ခိုင်သည် မျက်ရည်ပေါက်ပေါက်ကျမိ၏။

ရဲအုပ်နှင့် ရဲသားက ပြန်ဝင်လာသည်။ သူတို့နောက်ပါးမှ ဒေါက်တာမမြင့်ဝေလည်း ကပ်လိုက်ပါလာ၏။

ကိုသက်ခိုင်သည် မောင်စောနောင်ကို ငုံ့ကြည့်ပြီး တစ်စုံတစ်ခုပြောရန်ပြင်သည်။ မောင်စောနောင်က ပိတ်ပြော၏။

"ရော. . . ဘာပြောမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်အသည်း မကွဲပါဘူး။ မိခင်မြေလိုပဲ ကျွန်တော့်အသည်းက မာပါမယ်။ ပြီးတော့ မိခင်မြေအတွက် ကျွန်တော်တို့ ဆက်လုပ်စရာတွေအများကြီး ရှိပါသေးတယ်။ ဟား ဟား ဟား. . . ဆရာရယ်. . . ကျွန်တော့်အသည်း ဒီလောက်တောင် မငယ်ပါဘူး။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ဝန်ထမ်းအမြန်အလိုရှိသည်
**Global Biz Link Co.,Ltd**
**(IT & BANKING)**

IT လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(1) Admin Supervisor/ Manager ကျား/မ(၂)ဦး
(2) Office Staff ကျား/မ(၃)ဦး
(3) Manager, AGM, GM ကျား/မ(၃)ဦး
(4) Supervisor ကျား/မ(၅)ဦး
(5) Senior Banking Assistant ကျား/မ(၅)ဦး
(6) Junior Banking Assistant ကျား/မ(၅)ဦး
(7) Branch Manager(မုံရွာ) ကျား/မ(၅)ဦး
(8) Construction Project Supervisor/Manager ကျား/မ(၃)ဦး
(9) Senior Account & Chief Account ကျား/မ(၅)ဦး
(10) IT Project Manager/ Engineers ကျား/မ(၃)ဦး
(11) IT Engineers ကျား/မ(၅)ဦး
(12) IT Developers ကျား/မ(၅)ဦး

အထက်ပါအမှတ်စဉ်များအတွက် လုပ်ငန်းအတွေ့အကြုံ (3~5)နှစ်ရှိရမည်။
Computer ကျွမ်းကျင်၍ အများနှင့်လုပ်ကိုင်နိုင်သူဖြစ်ရမည်။
အမှတ်(၄၅၉ ဘီ)၊ ၄-လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
**PH:09-32222427, 09-259294613**

အလင်းရောင်
www.alinyaungtravels.com Oct23/27
ကျိုက်ထီးရိုး/ချောင်းသာ 28000 Guest Package 30000
+တောင်ကြီး၊အင်းလေး (အထူးခရီး)50000
+ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (Guest / Hotel)
+ကျောက်ဆည်၊ မန္တလေး ကျောက်စိမ်းဘုရား 35000
+ဘားအံ ဂူ(၅)ဂူ၊ ကျိုက်ထော်ရေတံခွန် 35000
09421061860,421099405,421129597

Budget Tour ● အင်းလေးဖောင်တော်ဦးဘုရားပွဲခရီးစဉ်
အင်းလေး–တောင်ကြီး–ထမ်စမ်ဂူ (၃ည/၄ရက်)
အောက်တိုဘာလ (၃၀) ရက်မှ နိုဝင်ဘာလ (၂)ရက်နေ့အထိ
Tel : 09264450022, 09264450033, 09262995100

**PROBOX TAXI ငှားမည်**
အိမ်ပေး၊ စမ်းချောင်းမြို့နယ်နီးသူ
ဦးစားပေး၊ 9G/-----
**Ph:09-5162238**

**သုခဆည်းဆာ ပုဂ္ဂလိကသက်ကြီး ဘိုးဘွားစောင့်ရှောက်ရေးဂေဟာ**
လူကြီးမင်းများ ပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော သက်ကြီး ဘိုးဘွားများအား ကျန်းမာရေး၊ နေထိုင်ရေး၊ စားသောက်ရေးကိစ္စများကို ဤဂေဟာ၌ ကျွမ်းကျင်သော သူနာပြုများဖြင့် တာဝန်ယူဆောင်ရွက်ပေးပါသည်။
ဆက်သွယ်ရန်လိပ်စာ
အမှတ်-၁၅၀၄၊ မင်္ဂလာသုခ(၁)လမ်း၊ (၄၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၇၅၄၂၅၃၇၊ ၀၉-၂၅၁၁၅၉၈၈၄

**အမွေပြတ်စွန့်လွှတ်ကြောင်း**
ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မေ ၁င်ရဲနိုင်ထွန်း[၁၀/ကထန(နိုင်)၀၉၈၄၅၅] သည် မိဘ၏ဆုံးမစကားကို နားမထောင်ဘဲ ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။
**ဖခင်-ဦးစိန်ညွန့်**
**မိခင်-ဒေါ်ကြည်ငွေ**
**ဆိပ်ကမ်းသာရပ်ကွက်၊ သိမ်ဖြူ**

**ဒေါ်အေးအေးခင် M.Sc, B.Ed ဦးစီး၍ ပါမောက္ခ၊ ကထိက၊ ဝါရင့်ဆရာများသင်ကြားသည်။**
(၈/၉/၁၀တန်း)
အမှတ်ကောင်းကောင်းနှင့်ဂုဏ်ထူးထွက်အောင်သင်တဲ့
Phone No. 09-73034838
**ဂုဏ်ထူးအောင် ဝိုင်း/ဘော်ဒါ**
(၈/၁၀တန်း)အနီးကပ်အချိန်ပြည့်လပြတ်ဘော်ဒါ

**Management & Accountancy Training Ltd.**
MAT Quality & Success
No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Tsp.
E.mail: myintoo.mat@gmail.com Visit : www.matprofessional.com

**LCCI Level I, II, III စာရင်းကိုင်သင်တန်းများ**
အောက်တိုဘာလတွင် တန်းခွဲသစ်များ ဖွင့်လှစ်ပါမည်။ ကျောင်းအပ်လက်ခံပြီ။
For Series 2-2016 Exam
Ph : 242431, 09420117815

ကြော်ငြာ

## ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့်ဝါကျွတ်ပွဲကျင်းပ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၉း၀၀)နာရီတွင် ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဟိတေသီအဖွဲ့ ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿ (၃)ကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်းရှင်လူယောဂီများက အဘိဓမ္မာပါဠိတော်များ၊ အဘိဓမ္မာ ရှစ်လုံးတွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြပါမည်။

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က အဘိဓမ္မာအခါတော်နေ့အကြောင်း တင်ပြပြီး ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဇ(အဂ္ဂမဟာပဏ္ဍိတ)(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်က အဘိဓမ္မာတရားတော်များကို ဟောကြားချီးမြှင့်ပါမည်။ ဆက်လက်၍ ဆွမ်းအလှူရှင် အလှူ့ဒါယကာ ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း)-အလှူ့ဒါယိကာမဒေါ်အေးပြည့်ဝေခင်အား အမှူးထား၍ အလှူ့ဒါယကာ ဦးအောင်ဇေယျာလွင်-အလှူ့ဒါယိကာမဒေါ်ကလျာပြည့်ဝေသျှန်၊ အလှူ့ဒါယကာ ဗိုလ်မှူးကြီးစိုးမင်းဦး-အလှူ့ဒါယိကာမဒေါက်တာပန်ထွာပြည့်ဝေသျှန်"ပြည့်ဝေသျှန်" မိသားစုအစရှိသော အလှူရှင်များကို အတွင်းရေးမှူး ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားတင်ပြပြီး ဂုဏ်ပြုလွှာချီးမြှင့်ပါမည်။ အသက်(၇၀)နှစ်အထက် သက်ကြီးယောဂီ (၄၀)ကျော်အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြပါမည်။ ထို့နောက် ဆရာတော်ကြီးက အဘိဓမ္မာအခါတော်နေ့တွင် ပြုလုပ်ကြသော ကုသိုလ်ကောင်းမှုများအတွက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်မည်ဖြစ်ပါသည်။

## အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် (၁၈)ကြိမ်မြောက် ကထိန်အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ၊ မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပ သာသနာပြု ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ၊ အလိုတော်ပြည့် ဆရာတော်ကြီးအား ဦးထိပ်ထားလျက် နှစ်ဖက်သော မိဘတို့အားအမှူးထား၍ ကထိန်ဒါယကာ ဦးနေမင်းသူ-ကထိန်ဒါယိကာမ ဒေါ်ဝါဝါထွန်း (I-Myanmar Co.,Ltd.)မိသားစုတို့မှ ပုရိမဝါမှ ထတော်မူကြကုန်သော နာယက/စာချ/စာသင်သံဃာတော် (၂၂၀)ပါးနှင့် ပင့်သံဃာတော်တို့အား (၁၈)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို သဒ္ဒါပွားများနိုင်ရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဖိတ်ကြားသူ
ဦးနေမင်းသူ-ဒေါ်ဝါဝါထွန်း (I-Myanmar Co.,Ltd)မိသားစု
အလိုတော်ပြည့်ကျောင်းတိုက်၊ တာမွေ

**အစီအစဉ်**

| | |
|---|---|
| အလှူမင်္ဂလာနေ့ရက် | - ၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက်၊ ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)၊ |
| အလှူမင်္ဂလာအချိန် | - နံနက် ၉း၀၀နာရီ |
| ဧည့်ခံကျွေးမွေးချိန် | - နံနက် ၁၀း၃၀နာရီ |
| အလှူမင်္ဂလာနေရာ | - အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ၊ အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |

## ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) နဝမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ ဖိတ်ကြားခြင်း

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ကန်တော့ပွဲ၊ မွေးရပ်မြေကို ဂုဏ်တင့်စေသူများအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။ သို့ပါ၍ အသင်းသူ၊ အသင်းသား၊ နယ်သူ၊ နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။


| | |
|---|---|
| နေ့ရက် | - ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) |
| အချိန် | - နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ |
| နေရာ | - တက္ကသိုလ်များဓမ္မာရုံ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်။ |

**အလုပ်အမှုဆောင်အဖွဲ့**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

လက်ရှိ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော DOTA 2 Network Game စက် (၂၄) လုံးနှင့် ဆက်စပ်ပစ္စည်းအားလုံး ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း-၀၉-၇၉၅ ၆၉၄ ၃၄၆၊
၀၉-၇၉၅ ၃၁၁ ၂၂၈

ဆုတောင်းတွေက ဆုတောင်းတိုင်း ပြည့်တာတော့ မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောကြားထားတဲ့ အင်္ဂါ(၅)ချက်နဲ့ ပြည့်စုံမှ ဆုတောင်းပြည့်တာပါ။
ရဝေနွယ်(အင်းမ)
ဆုတောင်းတွေပြည့်ဖို့
News Watch စောင့်ကြည့် သတင်းဂျာနယ်တွင် ဖော်ပြခဲ့သော မွေဆောင်းပါးများ။
ပင်ရင်း- ဖုန်း-၀၉-၇၃၀ ၂၆၇၄၊ ၀၉-၇၃၁ ၀၃၆၃၄၊ ဖြန့်ချိရေး- ၀၉- ၂၅၇ ၂၅၂၅၇၇
ထွက်ပြီ
တန်ဖိုး-၁၀၀၀ကျပ်




**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဇေယျာစိုး [၁၂/လကန(နိုင်)၁၄၂၀၅၉]၏ CDCအမှတ် (၄၄၇၆၆)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၄၃၂၅၂၈၅၅

**အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ညောင်သုံးပင်ရပ်ကွက်နေ (အဖ) ဦးဟန်စိန်၏သား သက်ကိုလွင် [၁၂/ကတန(နိုင်)၀၈၆၂၄၉]၏ အမည်မှန်မှာ သက်ကိုလွင်ဖြစ်ပါကြောင်း။ သက်ကိုလွင် [၁၂/ကတန(နိုင်)၀၈၆၂၄၉]




Official Warranty by: TMW Enterprise Limited
**Hot Line :** 01-546006 (Ext: 119, 120), **Sony Showroom :** 01-245311, 09-73119900, 01-398566, 02-72580~4, 09-91008417, 067-420791, 067-420966




GROHE Authorized Distributor
PREMIUM HOME

Yangon : No. 79-B3 / B3, East Shwe Gone Dine Road, Near SSC Women's Center, Bahan Township, Yangon, Myanmar.
Tel : 01-401 083, 09-730 56736, 09-512 8882, 09-502 6665, 09-797 888222, 09-507 5932
Mandalay : No.125, 30th Street, Between 65th & 66th Street, Chan Aye Thar Zan Township, Mandalay.
Tel : 02-74297, 09-73056736
Email : grohe.myanmar@gmail.com Website : www.grohe.com

## ခိုနားရာဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ၏ ဓမ္မခရီးစဉ်

သဟာယမွန်ဗုဒ္ဓဂယာဘုရားဖူးဝန်ဆောင်မှုအဖွဲ့၏ ပင့်လျှောက်မှုဖြင့် (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း၁၁ရက်) ၂၄-၁၀-၂၀၁၅ရက်မှ (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်)၇-၁၁-၂၀၁၅ရက်အထိ အိန္ဒိယနိုင်ငံ ဂယာမြေတွင် တရားပွဲများဟောကြားမည်ဖြစ်ပြီး ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက်သာသနာ့ဝေပုလ္လခိုနားရာရိပ်သာတွင် (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၁၃ရက်)၊ ၁၀-၁၁-၂၀၁၅(အင်္ဂါနေ့)တွင် (၇)ရက်တရားစခန်းပြန်လည်ကျင်းပမည်ဖြစ်ပါ၍ ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅နာရီအရောက်ကြွရောက်ပါရန် တရားစခန်းရက်ပြောင်းရွှေ့ခြင်းနှင့် ဓမ္မခရီးစဉ်အား ကြိုတင်အသိပေးဖိတ်ကြားအပ်ပါသည်။

**ခိုနားရာသာသနာပြုအဖွဲ့၊ စမ်းချောင်း၊ ရန်ကုန်**

**SILVER HILLS**
TRAVELS & TOURS

| | | |
|---|---|---|
| ဗန်ကောက်+Shopping (၃ညအိပ် ၄ရက်) | USD (200) | Nov 25 ,27 |
| ဗန်ကောက်+ပတ္တရား+အယုဒ္ဒယ(၅ညအိပ် ၆ရက်) ( Emerald Buddha(မြဘုရား), Coral Island, Dream World, Safari World, Tiger Zoo, Nong Nooch Garden, Baiyoke Sky Dinner & Cruise Dinner, Shopping) | USD (405) | Nov 14,21,28 |
| ဗီယက်နမ်(ဟနွိုင်း+ဟလောင်း) (၃ညအိပ် ၄ရက်) | USD (260) | Nov 13 |
| ဗီယက်နမ်(ဟိုချီမင်း+မဲခေါင်) (၃ညအိပ် ၄ရက်) | USD (245) | Nov 26 |
| စင်ကာပူ (၃ညအိပ် ၄ရက်) | USD (495) | Nov 21 |

အမှတ်(459/C)၊ 4လွှာ၊ အခန်း(၇)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
☎ ၀၁-၅၄၀၆၄၇ ၊ ၄၀၁၃၄၅။ Hotline:09-2600 15267

ပညာအရည်အချင်းရှိဖို့မလို၊ လစာ (၁၅)သိန်းဝန်းကျင်ခန့်ဖြင့်
သင် သူတို့လို ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်လိုပါသလား။



**E.P.S (TOPIK) အလုပ်သမားစာမေးပွဲ**

၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Test ဖြေဆိုခွင့်ရ ထူးချွန် ကျောင်းသားထောင်ကျော် မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း **တစ်ကြိမ်တည်းနှင့် အောင်မြင်ပါသည်။**

**ကိုထွေး – ကိုရီးယားဘာသာ သင်တန်းကျောင်း**

အမှတ်(၂၃၅)၊ ဒုတိယထပ်၊ ၃၇ လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်။
☎ ၀၁-၃၈၉၇၄၀၊ 📱 ၀၉-၄၅၀၀ ၂၀ ၃၃၇၊ ၀၉-၄၂၀၂၄၃၅၈၇

UK Teaching Qualifications in Myanmar




**SIS**
Education Services
"Teaching for society"

Diploma in TESOL

London Teacher Training College (UK) နှင့် SIS Education တို့ပူးပေါင်းဖွင့်လှစ်သည်။

Batch (7) May 18 ဖွင့်မည်။

Tel: 09421008412

FAME **Nature A®**
Carotenoid complex
သဘာဝ ဆေး
TMR 009439 (1014)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Phototec®**
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



## ကြော်ငြာ


# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

**ENGLISH Language** | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**

**MOBILE PHONE** မိုဘိုင်းဖုန်း အထူး မြန်မြင် အတတ် သင်တန်း | **SOFTWARE HARDWARE** | **DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 383893, 253293, 0949290778 10% OFF

---

**ဖခင် အမည်မှန်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် အထက(၂) ပဥ္စမတန်း(D)မှ မခင်မြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးညီဝင်းနိုင် [၁၂/ဥကမ(နိုင်)၀၅၃၆၆၄] ဖြစ်ပါကြောင်း။

**ဦးညီဝင်းနိုင် [၁၂/ဥကမ(နိုင်)၀၅၃၆၆၄]**

---

**TIMES carrentalservice**

၁၄ယောက်စီး Hiace (အံစာတုံးသီးသန့်)ကားအငှားလုပ်ငန်း

လူကြီးမင်းတို့၏ တန်ဖိုးရှိသောအချိန်များကို စိတ်ချလုံခြုံစွာ ခရီးသွားနိုင်ရေးအတွက် ခရီးစဉ်များအားလုံးကို Model မြင့် ကားသစ်များသာ အသုံးပြုပြီး ကျွမ်းကျင်သောယာဉ်မောင်းများဖြင့် ဝန်ဆောင်မှုပေးမည်။ ခရီးမသွားမီ ကားအား ကြိုတင်ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

**ကျိုက်ထီးရိုးခရီးစဉ်များအတွက် အထူးဈေးနှုန်း**

ဖုန်း- ၄၉၂၉၄၄၃၀၊ ၂၅၂၅၃၆၀၅၂၊ ၇၉၈၀၀၀၂၃၀၊ ၇၉၀၀၄၆၃၂၉

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးနိုင်လင်းဦး [၁၂/ဒလန(နိုင်)၀၃၉၄၉၈] ၏ (BST) လက်မှတ်အမှတ် (CDC 53393)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉ ၇၉၃၆၆၂၂၇၄**

---

**မီးသတိပြု**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မမထက်ထက်ဝင်း၏ ဖုန်းငွေသွင်း ချလန်နှင့် ဖုန်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန် Ph နှင့် ပတ်သက်၍ ရောင်းချခြင်း၊ပေါင်နှံခြင်းများမပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

**ဖုန်း-၀၉-၇၉၈၂၀၃၈၃၅**

---

**Happy Day Restaurant**

မှ

အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်၊

၁။ စားဖိုမှူး (၃)ဦး တရုတ်ဟင်းနှင့်ယိုးဒယားဟင်းကျွမ်းကျင်ရမည်၊

၂။ စားဖိုမှူးအကူ (၂)ဦး ခါးကိုင်ကျွမ်းကျင်ရမည်၊

၃။ စားပွဲထိုး (၅)ဦး ပညာအရည်အချင်း(၈)တန်းအနည်းဆုံးညှိနှိုင်းလစာ၊ နေစရိတ်၊ စားစရိတ်ငြိမ်း။

No (4) I,J ဝက်ဘာလမ်း ဗဟန်းမြို့နယ်၊

10-541557,09-2009772

---

**အမြန်ဆက်သွယ်ပါ**

လွန်ခဲ့သော (၄၅)နှစ်ခန့်က ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၃)လမ်းအနီးတစ်ဝိုက်တွင် နေထိုင်ခဲ့သော ကျောင်းဆရာမ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၅)နှစ်ခန့်ရှိ ဒေါ်ချစ်ချစ်နှင့် ဒေါ်လှလှ ညီအစ်မနှစ်ဦးအား မိတ်ဆွေတစ်ဦးမှ အမြန်တွေ့ချင်နေပါသည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ**

**၀၉-၇၃၀၂၅၁၆၄၊ ၀၉-၅၀၆၈၉၉၀**

---

**အသိပေးကြေညာခြင်း**

**OK** မှန်လုံယာဉ်အဖွဲ့မှ မန္တလေး ⇌ ရန်ကုန်မြို့များသို့ (၂၇.၁၀.၂၀၁၅) နေ့ စတင်ပြေးဆွဲမည်

ရန်ကုန်လက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးဂိတ်ပောင်းနေရာ)

၁။ အောင်မင်္ဂလာအဝေးပြေးကားဝင်း မကွေးလမ်းအဆောင် (က - F9) အခန်း ဖုန်း ၀၁ - ၆၃၇၆၅၁၊ ၀၉ - ၄၉၂၂၇၁၂၉၊ ၀၉ - ၅၁၇၈၈၈၃၊ ၀၉ - ၈၆၂၆၀၅၅

၂။ City Mark ရှေ့ဖဆပလ အိမ်ယာလမ်းကြား။ ဖုန်း ၀၉ - ၇၃၀၂၆၅၄၆၊ ၀၉ - ၄၂၀၁၈၈၇၂၈

မန္တလေးလက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးလက်မှတ်အရောင်းနေရာ)

၁။ ချမ်းမြရွှေပြည် တည်းခိုခန်း၊ အခန်း (၃၉)။ ဖုန်း ၀၉ - ၆၅၀၁၄၄၆

၂။ ချမ်းမြရွှေပြည် အဆောင် (င)၊ အခန်း (၅)။ ဖုန်း ၀၂ - ၇၈၆၀၂၊ ၀၉ - ၆၅၀၁၄၄၇

၃။ မန္တလေးမြို့တွင်း၊ အမှတ် (၁၅၂)၊ ၃၁လမ်း၊ ၈၁ × ၈၂ကြား။ ဖုန်း ၀၂ - ၆၄၅၇၃၊ ၀၂ - ၃၃၂၈၀

* စာပါဆယ်နှင့် ပစ္စည်းများကိုတိကျမှန်ကန်၊မြန်ဆန်အောင်ဆောင်ရွက်ပေးပါမည်။

* ခရီးသွားပြည်သူများသက်သာစေရန် လက်မှတ်များကို Discount ပေးထားပါသည်။

* OK ယာဉ်လိုင်းပြေးဆွဲခြင်းနှင့်ပတ်သက်၍ကန့်ကွက်လိုပါက၊အထက်ပါလိပ်စာများသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဗိုက (အုပ်ချုပ်သူ) ဖုန်း၀၉ - ၂၀၀၄၂၂၃

---

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ အောင်သစ္စာ(၄)လမ်း၊ အမှတ်(၈၃၄/က)တွင်တည်ရှိသော (၅)ထပ်ကန်ထရိုက်တိုက်၏ ပထမထပ်(ဒုတိယအလွှာ)၊ အကျယ်(၁၈ပေ×၅၅ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာဦးတင်ထွေးဆိုသူထံမှ ကျွန်ုပ်၏အမှုသည်တစ်ဦးကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်အောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သဇင်မင်း(အထက်တန်းရှေ့နေ)(စဉ်-၃၇၆၅၅)**

**အမှတ်(၄၅)တကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၄၂၀၀၀၆၄၂၇**

---

**CNG TAXI ငှားမည်**

စပေါ်၂သိန်း အုံနာကြေး-၁၄၀၀၀(ငြိမ်း)

နံနက်၆နာရီမှ ညစနာရီ

ပုဇွန်တောင်

ဖုန်း-၀၉-၅၅၀၃၁၄၁

---

**ကန့်ကွက်နိုင်ပါသည်**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ်(၇၉၈) အမည်ပေါက် ဦးတိုးမြေကွက်နှင့် မြေကွက်အမှတ်(၆၆၅) အမည်ပေါက် ဦးကျော်ရှင်းတို့အား ပြန်လည်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးမြင့်စိုး[၁၂/ထတပ(နိုင်)၀၁၆၆၄၈]**

**၀၉-၄၂၀၀၈၈၃၃၄**


---

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

အမှတ် (၁၁)၊ တောင်ထိပ်ပန်းလမ်း၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏနေ အဖ (ဦးလှအေး)-အမိ ဒေါ်စောဝင်း [၁၂/တမန(နိုင်)၀၆၅၃၃၁] ၏ သမီးဖြစ်သူ မရွှေရည်ဝင်း(ခ)အိပုတ် [၁၂/သဃက(နိုင်)၁၆၇၆၀၉]သည် မိဘတို့စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**အဖ (ဦးလှအေး) - အမိ ဒေါ်စောဝင်း [၁၂/တမန(နိုင်)၀၆၅၃၃၁]**

---




PUN HLAING SILOAM HOSPITALS

**ပန်းလှိုင်စီလုံဆေးရုံ နှလုံးဌာန အထူးအစီအစဉ်**

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

စသည်တို့ကိုလာရောက်ကုသပေးမည်ဖြစ်ပါသည်။

အောက်တိုဘာလ (၂၉) ရက်နေ့မှ (၃၁) ရက်နေ့အထိ



LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing.phsh@spa-mm.com

ကြော်ငြာ

(ကောဒသမ)အကြိမ်မြောက်ထားဝယ်မိသားစု
မဟာဘုံကထိန် အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

(ကောဒသမ)အကြိမ်မြောက် ထားဝယ်မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာပွဲကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁း၃၀နာရီထိ အလုံမြို့နယ် အလုံလမ်းရှိ ဗမ္ဘူရတနာပါဠိတက္ကသိုလ်ကျောင်းတွင် ကျင်းပမည်ဖြစ်ပါ၍ ထားဝယ်သူ၊ ထားဝယ်သားများ အလှူရှင်များကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**မဟာဘုံကထိန်ကျင်းပရေးအကျိုးဆောင်အဖွဲ့**
**ထားဝယ်မိသားစု**

**GOLDEN STAR** Travels & Tours

- မန္တလေး–ပြင်ဦးလွင်ခရီးစဉ် Oct-23,27
- ဗုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး–ပဒုက္ကူ Oct-23,27
- တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) Oct-23,27

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံ စီးလုံးငှားသည်။

Ph;01-703448, 209200, 544383, 09-5081580

## ဓမ္မဂုဏ်ရည်စာပေဆု
## ဖိတ်ခေါ်စာမူပြိုင်ပွဲ

မြန်မာပြည်သူ၊ ပြည်သားတွေ ပါးစပ်ဖျားပြောကြားနေကြတဲ့ အမျိုးသမီးအခွင့်အရေးအကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာမြန်မာပြည်မှာ အမျိုးသမီးအခွင့်အရေးတွေကို ဖိနှိပ်ချုပ်ချယ်ထားသလား၊ ပိဋကတ်စာပေ၊ မြန်မာ့သမိုင်း၊ ရာဇဝင်အထောက်အထားအကိုးအကားများဖြင့် တင်ပြရေးသားယှဉ်ပြိုင်ရမည့် "မြန်မာပြည်နှင့် အမျိုးသမီးအခွင့်အရေး" ဓမ္မဂုဏ်ရည်ဖိတ်ခေါ်စာမူပြိုင်ပွဲ။ အထက်ပါခေါင်းစဉ်ဖြင့် စာမျက်နှာ (၈၀ မှ ၁၀၀)အတွင်းရေးသားယှဉ်ပြိုင်ပေးပို့ကြရမည်။ ၃၁-၁-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပေးပို့ရပါမည်။ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ အထူးဆု ကျပ်တစ်သိန်း ပေးအပ်ဂုဏ်ပြုသွားမည်ဖြစ်သည်။ ဆုရစာမူများသည် ဓမ္မဂုဏ်စာတည်းအဖွဲ့၏ မူပိုင်ဖြစ်သည်။ ပထမဆုရသူကို စာအုပ်အဖြစ် အုပ်ရေ ငါးထောင်ပုံနှိပ်ထုတ်ဝေပေးသွားမည်ဖြစ်သည်။ ကိုယ်ပိုင်ရေးဖြစ်ကြောင်း ဝန်ခံချက်နှင့်တကွ ပေးပို့ပါရန်နှင့် သိလိုသည်များ ဆက်သွယ်စုံစမ်းလိုပါက -

ဆုရွေးချယ်ရေးတာဝန်ခံဆရာတော် ဒေါက်တာ ဝိမလ (ဝေမိုး-ကျွန်းလှ)
ဖုန်း - ၀၉ ၇၉၉၇၆၅၆၈၈ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဓမ္မဂုဏ်ရည်စာပေဆုရွေးချယ်ရေးအဖွဲ့
အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေး(မဘသ)ဗဟို
ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ပေါ့ပါးလွယ်ကူသည့်...
**FIRE.Safe** မီးသတ်ဆေးဘူး



FIRE.Safe | FIRE.Safe2 | FIRE.Safe3

အမြို့မြို့အနယ်နယ်ရှိ Super Market ၊ ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။

SOLE AGENT
FIRE.SAFE Co., Ltd
ဆက်သွယ်မှာယူရန် -
09 440 444444
09 458 222222
ISO 9001

TMC Academy
TMC မှာကျောင်းတက်ပြီး လုပ်ငန်းခွင်အတွေ့အကြုံရယူနိုင်ဖို့ MSI နှင့်ဆက်သွယ်ပါ
MYANMAR SEARCH INT'L

Intake - Jan / Mar 2016. On the spot application fee S$ 96.30

**Bundle Grant Up to S$ 2800**
**Disciplines available..!**

*Higher Diploma ➡ Degree ➡ Master*

Date : 30.10.2015 (Friday)
Time : 2:00 PM to 5:00 PM
Place : MSI Office

- Business - Accounting & Finance - Psychology - Mass Communication
- Hospitality & Tourism - Information Technology - Law

**Industry Attachment (Paid Internship- 6 months)**
. Higher Diploma in Hospitality and Tourism Management
. Higher Diploma in Business Studies

**Project Attachments with Industry Partners (Electives modules)**
. Higher Diploma in Infocomm Technology

**MSI**
No.234, 2nd Floor (R), Shwebontha St (Mid Block). Pabedan Township, Yangon.
01-389915, 01-250929, 09-5103915
www.msieducation.com
Facebook : MyanmarSearchInternational

TV 5 NETWORK မှာ ကြည့်စရာ









သက်တမ်းတိုးခြင်းအတွက်

PREMIUM PACKAGE 22 CHANNELS 4,750 KS
SPORTS PACKAGE 28 CHANNELS 5,900 KS

"+ Commercial Tax 5% ထပ်ဆောင်းပေးဆောင်ရပါမည်။"

ပျောက်ဆုံးကြောင်း
ကျွန်တော် လိုင်စင်ရှိတ်ကွက် [၁၃/တကန(နိုင်) ၁၇၅၁၈၉]၏ နိုင်ငံကူး လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၃၁၀၉၅၈




glamour
be distinctive in your own way
couture fashion boutique

ကမ္ဘာကျော် Designer Brand များမှအသုံးပြုသောပြင်သစ်နိုင်ငံထုတ် “*Sophie hallette*” မှဇာများ၊ ဆွစ်ဇာလန်ဇာများ၊ မြန်မာ့ရိုးရာ လွန်းရာကျော်ချိတ်၊ ထိုင်းပိုးမျိုးစုံနှင့် ဇင်းမယ်မျိုးစုံတို့အား နိုင်ငံခြားမှ Designer ၊ မြန်မာ Designer များ၏ဆန်းသစ်လှပသေသပ်သောလက်ရာများဖြင့် ချုပ်လုပ်ပေးမည်ဖြစ်ပါသောကြောင့် ***Glamour*** ဆိုင်သစ်ဖွင့်ပွဲသို့ လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါကြောင်းသတင်းကောင်းပါးဖိတ်ကြားအပ်ပါသည်။

***Promotion Date***

**24.10.2015** (စနေနေ့)

**25.10.2015** (တနင်္ဂနွေနေ့)

**26.10.2015** (တနင်္လာနေ့)

အမှတ်(၁၅၂/A) အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁–၅၅၆၁၀၈၊ ၀၉ ၅၀၇၆၇၈၈၊ ၀၉ ၅၀၀၆၆၈၃၊ ၀၉ ၅၀၃၂၀၀၀



ကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ(မအူပင်-ကျုံစုတ်)
## အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အမှတ်(၂/က)၊ မြင်တော်သာလမ်းနေ (ဦးကျင်)၏ဇနီး၊ ဇီးကုန်းမြို့ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇောတိပါလ၏မယ်တော်၊ ကိုဟန်စိုး၊ မမြင့်မြင့်စိန်တို့၏မိခင်၊ မစိမ်းလဲ့ဖြူ (ခေတ္တ-စင်ကာပူ)၊ မောင်ထွန်းနိုင်ဦး (မြန်မာရွှေ့ဆောင်ဘဏ်)၊ မောင်မင်းသူခန့် (Grade-9၊ အထက-၁၊ ဒဂုံ)တို့၏ အဘွားသည် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြ
## အသက် (၈၄)နှစ်

ထားဝယ်မြို့၊ အမှတ် (၄၂၅)၊ ပုံကျွန်းလမ်း၊ ပုံကျွန်းရပ်ကွက်နေ (ဦးခိုင်သာ-ဒေါ်မိစု)တို့၏သမီး၊ (ဦးဘိုသန်း)၏ဇနီး၊ ဦးတင်လတ်၊ ဦးအောင်သွင်-ဒေါ်စန္ဒီသွင်၊ ဦးငွေစိုး-ဒေါ်ကေသီခင်တို့၏မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်သန်းမြသည် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့)ညနေ ၃ နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
## အသက်(၉၄)နှစ်

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို) ဒုတိယဥက္ကဋ္ဌ(၅)၊ နေပြည်တော်ကောင်စီမွေးမြူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းလင်း-ဒေါက်တာခင်လွင် တို့၏ ကျေးဇူးရှင်ဖခင်ကြီးဖြစ်သူ ဦးထွန်းကြည်၊ အသက်(၉၄)နှစ်သည် ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သိန်း (၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇၀၉)၊ (၄) လမ်း၊ (၁) ရပ်ကွက်နေ အန်တီဒေါ်လဲ့လဲ့၏ ခင်ပွန်း၊ ဦးခင်မောင်ဝင်း (Ko FREDDIE) -ဒေါ်မြတ်မြတ်လွင် (မမြတ်)၊ ကိုကျော်ညီညီ(ကိုကျော်ညီ) တို့၏ ဖခင်ဖြစ်သူ အန်ကယ် ဦးအောင်သိန်း (၇၅)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကြီးနှင့်မင်းလှိုင်**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းဇော်(ညီညီ)
## အသက်(၇၄)နှစ်

သူငယ်ချင်း ကိုဝေလီမင်း (81-E.P, P.G.T.I)-ဒေါ်ညိုညိုတင်တို့၏ဖခင် ဦးမင်းဇော်သည် ၂၁-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**1980-81 (E.P) P.G.T.I မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးသိန်း(ပြည်) (၆၉)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၀၈)၊ ဇေယျာခေမာလမ်း၊ ကုန်းမြင့်ရိပ်သာနေ ဦးအေးသိန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်-မသက်**
**သား ကစ်ကစ်၊ သမီး မီးမီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးသိန်း(ပြည်) (၆၉)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၀၈)၊ ဇေယျာခေမာလမ်း၊ ကုန်းမြင့်ရိပ်သာနေ ဦးအေးသိန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) သည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများမိသားစု**
**တည်ဆောက်ရေး(၉) ဆည်မြောင်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုရဲမှူးသိန်းဦး (၅၈)နှစ်
### ရဲ-၃၆၃၂ ရေကြောင်းရဲတပ်ဖွဲ့
### ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ် (၁၆/၈၄)

သူငယ်ချင်းတစ်ယောက် ၂၀-၁၀-၂၀၁၅ရက် ည ၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

သူငယ်ချင်း ကောင်းရာ သုဂတိလားပါစေ။

**SIP (16th) မှ သူငယ်ချင်းများ**
**သာရေးနာရေးအဖွဲ့ (ရန်ကုန်/မန္တလေး)**

# အာနိစ္စ

## ဒေါက်တာမောင်ကျော်
### ကျောင်းအုပ်ကြီး(ငြိမ်း)
### ပုသိမ်တက္ကသိုလ်
## အသက် (၈၂)နှစ်

တောင်ငူမြို့နေ (ဦးငြိမ်းမောင်-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့၊ ဝင်ဒါမီယာ(သံလွင်လမ်း)နေ [ဦးပိုက် (အမြတ်ခွန်မင်းကြီး)-ဒေါ်ခင်မိမိ]တို့၏ သားသမက်၊ တောင်ဒဂုံမြို့နယ်နေ (ဗိုလ်မှူးထွေးမြင့်)-ဒေါ်နီနီခင်တို့၏ အစ်ကို၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါ ဗဟိုလမ်း၊ အမှတ် (၁၅၂)၊ ပ-ထပ်နေ ဒေါ်တင်မျိုးအေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသူရကျော်-ဒေါ်စီစီထွန်း၊ (မောင်ထွန်းလင်းကျော်)၊ မောင်သန့်စင်ကျော်(U.S.A)တို့၏ဖခင် ဒေါက်တာမောင်ကျော်သည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့် သားသမီးများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းရီ
### အထက်တန်းပြ(ငြိမ်း)၊
### ဘိုကလေးမြို့နယ်အသင်း
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန် (၃)လမ်း၊ အမှတ် (၉၄/ခ)နေ (ဦးထင်ကျော်-ဒေါ်ပုံ)တို့၏ သမီး၊ (ဦးမြတ်ထွန်း-ဒေါ်တင်)တို့၏ သမီးချွေးမ၊ (ဦးကျော်သန်း)၏အစ်မ၊ ဦးအောင်ခင်၏ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်ညွန့်ညွန့်ဆွေ(အလက-၁၇၊ မြောက်ဥက္ကလာ)၊ ဦးတင်ထွန်းလင်း(အနောက်ပိုင်းခရိုင်-မထသ)-ဒေါ်သန်းသန်းနိုင် (သာကေတမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)၊ ဒေါ်မေနှင်းအောင် (အလက-၈၊ ဒဂုံတောင်)၊ ဦးမိုးအောင် (ပန်းတိမ်)-ဒေါ်နွယ်နီ အောင်၊ ဦးကျော်ထင်တို့၏မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [၂၉-၁၀-၂၀၁၅(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ခ)ဦးစက်ဝူး
## အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ် (၁၁၀)နေ (ဦးစိန်ရွှေ-ဒေါ်စက်ခွန်)တို့၏သား၊ (ဦးထွန်းမြင့်)-ဒေါ်သောင်းတို့၏ သားသမက်၊ (ဦးစိန်ကို-ဒေါ်ခင်သီ)၊ ဦးလှမြင့်-ဒေါ်ခင်ရီတို့၏ ညီ/မောင်၊ ကိုဇော်မိုး-မသောင်းကြည်၊ ကိုဇော်ထက်-မတင်မာဝေ၊ ကိုဇော်မင်း-မခင်စန္ဒာအောင်၊ ကိုဇော်မျိုးတို့၏မွေးသဖခင်၊ မရွှန်းလဲ့ဝေ၊ မအိမ့်သက်ပိုင်တို့၏အဘိုး၊ ဒေါ်မြင့်မြင့်သောင်း၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်(ခ)ဦးစက်ဝူးသည် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
### စစ်တက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ်(၃)
## အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၈)၊ နဝရတ်လမ်း၊ ရတနာကျွန်းရိပ်သာနေ ဒေါ်တင်တင်နု၏ခင်ပွန်း၊ ဦးနိုင်ဝင်းမြင့်-ဒေါ်တင်တင်နွယ်တို့၏ဖခင်၊ မောင်သူရအောင်၊ မဖြူသဲငုံတို့၏အဘိုး ဦးလှမြင့်သည် ၂၄-၁၀-၂၀၁၅ရက် နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

နာမကျန်းဖြစ်နေချိန်နှင့် ဆေးရုံတက်ရောက် ကုသချိန်များတွင် ကူညီပေးကြပါသော ချယ်ရီရိပ်ဖောင်ဒေးရှင်းမှ နာယကနှင့်အဖွဲ့ဝင်များ၊ ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃)၊ (၁၀)၊ (၁၄)တို့မှ အရာရှိများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူ အားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း ရက်လည်ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးသိန်း(ပြည်)
## အသက်(၆၉)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာန

(ဦးချောင်ရှီ-ဒေါ်သန်းကြည်)တို့၏ သားကြီး၊ (ဦးညွန့်မောင်)-ဒေါ်သိန်းတို့၏သားသမက်၊ (ဒေါ်သန်းသန်းဆွေ)၏ ခင်ပွန်း၊ ဒေါက်တာအောင်ဇော်မြင့်-မအေးမွန်သာ၊ ကိုရဲခေါင်-မမေသက်ခိုင်တို့၏ဖခင်ကြီး၊ မောင်ဟန်လင်းသစ်၊ မောင်ကောင်းခန့်သော်တို့၏ဘိုးဘိုးကြီး၊ ဦးအေးသိန်းသည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၀၈)၊ ဇေယျာခေမာလမ်း၊ ကုန်းမြင့်ရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၅(အင်္ဂါနေ့)တွင် ပြည်မြို့ ကန်မြသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်အေး (၈၆)နှစ်
### ရွှေတိဂုံ-အင်္ဂါသမာဓိအသင်း နာယကဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၇)၊ ဗိုလ်မင်းရောင်လမ်းနေ (ဦးမြဒင်-ဒေါ်ရီ)တို့၏ သမီးကြီး၊ [ဦးခင်လှ (အကောက်ခွန်ဦးစီးမှူး-ငြိမ်း)]၏ဇနီး၊ [ဦးအောင်ခင် (ကျန်းမာရေး ပညာအရာရှိ-ငြိမ်း)-ဒေါ်ရင်အေး၊ သတင်းထောက် (ဦးချစ်ဆွေ)-ဒေါ်ခင်အေး(ဟိုတယ်/ခရီး၊ ငြိမ်း)၊ ဦးခင်ထွန်း၊ ကုန်သွယ်ရေး-၅၊ ငြိမ်း)-ဒေါ်ခင်သန်းနွဲ့ (အလယ်တန်းပြ-ငြိမ်း)၊ ဦးစိန်ဝင်း (ဗဟိုပုံနှိပ်တိုက်-ငြိမ်း)-ဒေါ်ကျင်လှ၊ ဦးဘိုရည် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အခြေခံပညာဦးစီး-၃၊ ငြိမ်း)-ဒေါ်ခင်မြင့် [လက်ထောက်မန်နေဂျာ-ငြိမ်း၊ ကုန်သွယ်လယ်ယာ)၊ ဒေါ်သန်းလှ၊ ဦးကြည်မြင့်(New Light of Myanmar-ငြိမ်း)-ဒေါ်မြင့်သိန်း၊ ဒေါ်စန်းတင့် (အခြေခံပညာဦးစီး-၁၊ ငြိမ်း)၊ ဦးစန်းကြည် (မီးရထား-ငြိမ်း)-(ဒေါ်စန်းရင်)တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ၁၆ ယောက်တို့၏ ကြီးတော်သည် ၂၃-၁၀-၂၀၁၅(သောကြာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းနှင်းဦးဝေ
## အသက် (၅၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၂)လမ်း(ဘီ)၊ တိုက် (၂၆)၊ အခန်း (၀၀၄)၊ ယုဇနဥယျာဉ်မြို့တော်နေ (ဦးသိန်းထွဋ်-ဒေါ်တင်ကြည်)တို့၏ သမီးထွေး၊ (ဗိုလ်မှူးတင့်ဝေ)၏ ချစ်လှစွာသောဇနီး၊ မောင်ဝေဇင်-မအေးသန္တာမိုး၊ မအိနန္ဒာဗိုလ်တို့၏ချစ်လှစွာသောမိခင် ဒေါ်နှင်းနှင်းဦးဝေသည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ညနေ ၃း၅၅ နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကျိစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၅ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြင်စိန်
## အသက် (၇၇) နှစ်
### (ဗဟန်း)
### ကက-၆၊ ကုန်သွယ်လယ်ယာ(ငြိမ်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ်(၂၀)၊ ဒီ(၄)နေ (ဦးသိန်း-ဒေါ်သန်းတင်)တို့၏ သား၊ (ဦးဘသိန်း-ဒေါ်သန်းကြည်) တို့၏ သားသမက်၊ ဦးစောစဲဒီ-ဒေါ်ဥမ္မာ၊ ဦးဇော်မင်း-ဒေါ်နီလာဝင်း၊ ဦးဝင်းနိုင်၊ ဦးကျော်ဇေယျ၊ ဦးထွန်းထွန်းဝင်း-ဒေါ်လွင်မာစိုးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုကျော်မင်းဦး
### သဘော်တင်ဌာန၊မြန်မာ့သစ်လုပ်ငန်း
## အသက် (၃၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယ အကလကျေးရွာနေ (ဦးဖိုးထောင်-ဒေါ်ခင်သန်း)တို့၏မြေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ် (၁၂-အေ)နေ (ဦးအောင်ငြိမ်း)-ဒေါ်ခင်သောင်းတို့၏မြေး၊ ကမ်းနားလမ်း၊ အမှတ်(၅၄၀)၊ ငါးလှောနေ ဦးစိန်သစ် (မြန်မာ့သစ်လုပ်ငန်း၊ သဘော်တင်ဌာန)-ဒေါ်သန်းသန်းနု(ခ) ဒေါ်အေးမာတို့၏သား၊ ဦးမောင်မောင်မြင့် (ပညာရေးတက္ကသိုလ်)-ဒေါ်တင်လှ(MFTB)တို့၏ သားသမက်၊ ကိုထွန်းထွန်းနိုင် (သဘော်တင်ဌာန)-မသီတာဆွေတို့၏မောင်၊ ကိုဝင်းမြိုင် (Asia World Co., Ltd.)-မထက်ထက်အောင်(အမက- ကျွန်းကလေး ချောင်းဖျား)တို့၏ အစ်ကို၊ မဖြိုးမိမြင့်၏ခင်ပွန်း၊ မသက်ထားစံ (TTC ကမာရွတ်)၊ မောင်လပြည့်တို့၏ မွေးသဖခင်၊ တူ/တူမ လေးယောက်တို့၏ ဦးလေး ကိုကျော်မင်းဦးသည် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၉ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၄ နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ (သောကြာနေ့) တွင် အမှတ် (၅၄၀)၊ ကမ်းနားလမ်း နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ နေမိန္ဒ
## သိက္ခာတော်(၄၂)ဝါ၊ သက်တော်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၂)ဝိုင်း၊ စိန်ရတနာပရိယတ္တိစာသင်တိုက်(မိတ္ထီလာ)ကျောင်း မဟာနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ မထေရ်မြတ်သည် (၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ရက်) ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်) ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနပွဲကို ပြုလုပ်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ စိန်ရတနာပရိယတ္တိစာသင်တိုက် (မိတ္ထီလာ)ကျောင်း၊ တောင်ဥက္ကလာပမြို့နယ်

## ဦးအောင်သိန်း
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇၀၉)၊ (၄)လမ်း၊ (၁)ရပ်ကွက်နေ (ဦးဘ-ဒေါ်စော)တို့၏ သား၊ ဒေါ်လဲ့လဲ့၏ ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်မြတ်မြတ်လွင်၊ ဦးညွန့်အောင်-ဒေါ်စုလတ်လတ်လွင်၊ (ဦးထင်အောင်)-ဒေါ်စန်းစန်းအေး၊ မောင်ကျော်ညီညီ တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ ကန် ဒါယကာကြီး
## ဒေါက်တာဦးဇော်ဝင်း (၅၈)နှစ်
### BVS (1974-80)
### မြို့မကျောင်းသားဟောင်း

ကမာရွတ်မြို့နယ်၊ တိုက်(ဘီ)၊ အခန်း(၁၀၁)၊ မေသူအိမ်ရာ၊ အောင်မြေသာစည်ရပ်ကွက်နေ ဦးစိန်မောင်-(ဒေါ်သန်း)တို့၏မြေး၊ ဦးကျော်သိန်း-(ဒေါ်တင်ရီ)တို့၏တစ်ဦးတည်းသောသား ဒေါ်ခင်သန်းအေး(သတ္တုဗေဒအင်ဂျင်နီယာ-သြစတြေးလျ)၏ခင်ပွန်း၊ ကိုကောင်းမြတ်ဝင်း(DCBC ဘဏ်-ရန်ကုန်)-မဇင်ဝေဖူး၊ ကိုအေးဇော်ဝင်း(သတ္တုတွင်းအင်ဂျင်နီယာ-သြစတြေးလျ)-မနွယ်နွယ်ထွန်းလတ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၅ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှထွန်း (၅၅)နှစ်
### လက်ထောက်အထွေထွေမန်နေဂျာ(လေကြောင်း)(ငြိမ်း)
### တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်
### လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန

ရန်ကုန်မြို့၊ အမှတ် (၂၂)၊ ဗဟိုလမ်း(ယခင်ခိုင်ရွှေဝါလမ်း)၊ ကမာရွတ်မြို့နယ်နေ (ဦးခင်ဆွေ)-ဒေါ်ရီဆွေတို့၏သားကြီး၊ ဦးစိုးအောင်နိုင်-ဒေါ်ဝင်းဝင်းမေ (မြတ်မိဘကုမ္ပဏီ)၊ ဦးတင်ဦး-ဒေါက်တာခင်မာရီ (ပါမောက္ခ၊ ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ မောင်၊ ဦးတင်မောင်ဝင်း (ခေတ္တ- Sydney Australia)၊ ဦးရဲရင့်-ဒေါ်ခင်မျိုးလှိုင်၊ ဒေါ်ချိုချိုဝင်း (အထက်တန်းသူနာပြု၊ မြောက်ဥက္ကလာပဆေးရုံ)၊ ဦးအောင်မြင့်ကျော်-ဒေါ်ရင်ရင်မြင့် (မန်နေဂျာ၊ လေကြောင်းဦးစီး)တို့၏အစ်ကို၊ ဒေါက်တာခင်သန္တာဦး၊ စိုးမိုးရဲရင့် (Gusto College)၊ ဆုသံသာအောင် (G-10-K. TTC)၊ မအိဝင့်ဝါအောင် (G-8-F, TTC)တို့၏ ဦးလေးသည် ၂၄-၁၀-၂၀၁၅ (စနေနေ့) ည ၇း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (သဂြိုဟ်မည့်အချိန်ကို ထပ်မံ၍ ဖော်ပြပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ထက်မြက်သွေး(ခ)ထွေးထွေး
## အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိဂေဟာတိုက်၊ အခန်း(၆၀၆)နေ [ဒုမှူးကြီးခင်မောင်အေး(ငြိမ်း)-ဒေါ်ခင်စိုးမြင့်]၊ (ဦးပွင့်-ဒေါ်သိမ်းမေ)တို့၏မြေး၊ ဦးမြသွေး-ဒေါ်စန္ဒာအေးတို့၏သားထွေး၊ ဦးဘမြအေး-ဒေါ်မေသူဝင်း၊ ဒေါ်ဥမ္မာအေး၊ ဗိုလ်ချုပ်ဘလှအေး-ဒေါ်အိအိခင်တို့၏တူ၊ (ကိုလရောင်ထွန်း)၊ ကိုဂျူလိုင်သွေး-မအေးအိအိအောင်တို့၏ညီ၊ မစမ်းရေအေး၏အစ်ကို၊ ဗိုလ်မှူးမြင့်ထွန်းအောင်-မပြုံးဟေမာန်အေး၊ ကိုစိုးတေဇာအေး-မစုစုမျိုးမြင့်တို့၏ ညီ/မောင်၊ မောင်အောင်ကောင်းမြတ်၏အစ်ကို၊ မပြုံးမြတ်ကြည်သာအောင်၊ မောင်သူလွန်မြင့်ထက်အောင်၊ မောင်သီဟစစ်သွေးတို့၏ဦးလေးသည် ၂၄-၁၀-၂၀၁၅ (စနေနေ့) နံနက် ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်အေး (၈၆)နှစ်
### ရွှေတိဂုံအင်္ဂါသမာဓိအသင်း နာယကဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၇)၊ ဗိုလ်မင်းရောင်လမ်းနေ (ဦးမြဒင်-ဒေါ်ရီ)တို့၏သမီးကြီး၊ (ဦးခင်လှ-အကောက်ခွန်ဦးစီးမှူး-ငြိမ်း)၏ဇနီး၊ သတင်းထောက် ဦးမောင်မောင်လှအေး (ကြေးမုံ-မတည)-ဒေါ်စမ်းစမ်းလှ (အလယ်တန်းပြ-ငြိမ်း)၊ (ဦးသက်တင်)၊ ဦးစောဝင်း(ရန်ကုန် နှင်းနှင်း အလှပြုပြင်ရေး မိတ္ထီလာ) ဦးမြင့်သိန်း-ဒေါ်အေးအေးသန်း၊ ဦးစန်းလွင်-ဒေါ်နီနီခိုင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁၀-၂၀၁၅ (သောကြာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၅၊ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းဟန်(ဗန်းမော်)
## အသက်(၇၉)နှစ်
### ကုန်သွယ်ဆောက်လုပ်(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ် (၁၂၃) နေ (ဦးဘသိန်း-ဒေါ်ကွေစင်)တို့၏ သား၊ (ဦးမြကွယ်-ဒေါ်လှခင်)တို့၏ သားသမက်၊ ဒေါ်တင်ညို(အလက-၁၊ မရမ်းကုန်း၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်လီလီသိန်း(အထက-၃၊ မရမ်းကုန်း၊ ငြိမ်း)၊ ဒေါက်တာသိန်းကျော်မိုး (အထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်၊ ဖျာပုံပြည်သူ့ဆေးရုံကြီး)-ဒေါ်ခင်ချိုချိုဝင်း၊ ဦးကျော်စိုးဦး(စိုးစိုး) (မြန္မာ-စင်ကာပူနိုင်ငံ)-ဒေါ်လင်းလင်း၊ ဦးဝင်းဗိုလ်သိန်း(တိုးတိုး) တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးသိန်းဟန်သည် ၂၄-၁၀-၂၀၁၅(စနေနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၅(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# ငှက်ပျောသီးစားခြင်းဖြင့် ဗိုင်းရပ်စ်ပိုးများကို ကာကွယ်နိုင်

**ဝရဇိန်**

ငှက်ပျောသီးကို တစ်နေ့တစ်လုံးစားခြင်းဖြင့် အသက်ရှည် အနာကင်းသည်ဟုမဆိုနိုင်သော်လည်း ငှက်ပျောသီးတွင်တွေ့ရှိသော ဓာတုပစ္စည်းတစ်မျိုးက အေအိုင်ဒီအက်စ်၊ အသည်းရောင်အသားဝါစီပိုးနှင့် တုပ်ကွေးရောဂါကို ဖြစ်စေသည့်ဗိုင်းရပ်စ်ပိုးအပါအဝင် ဗိုင်းရပ်စ်ပိုးအတော်များများကို တိုက်ထုတ်ဖယ်ရှားပေးနိုင်ကြောင်း နိုင်ငံတကာသုတေသီအဖွဲ့တစ်ဖွဲ့က အောက်တိုဘာ ၂၂ ရက်က ထုတ်ဖော်ပြောကြားသည်။

အမေရိကန်ဂျာနယ်တစ်စောင်ဖြစ်သော Cell ဂျာနယ်တွင် ဖော်ပြထားသော သုတေသီတို့၏တွေ့ရှိချက်အရ ငှက်ပျောသီးတွင်ပါဝင်သော လက်တင် (Lectin) သို့မဟုတ် BanLec ခေါ် ပရိုတင်းတစ်မျိုးသည် အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုး၏ အပေါ်ယံမျက်နှာပြင်ရှိ အချိုဓာတ်များနှင့် ပေါင်းစပ်နှောင်ဖွဲ့ကာ အိပ်ချ်အိုင်ဗွီရောဂါကို ဟန့်တားလိုက်ခြင်းဖြင့် ယင်းရောဂါပိုးများ ခန္ဓာကိုယ်ထဲ ပျံ့နှံ့သွားခြင်းမှ ပိတ်ဆို့ထားနိုင်ကြောင်းကို သုတေသီများလွန်ခဲ့သော ငါးနှစ်ကတည်းက တွေ့ရှိခဲ့ကြသည်ဟုဆိုသည်။

ယခုအခါ ဂျာမနီ၊ ကနေဒါ၊ ဘယ်လ်ဂျီယံ၊ အိုင်ယာလန်နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများမှ သုတေသီများက ကြွက်ခန္ဓာကိုယ်ထဲရှိ ဗိုင်းရပ်စ်များကို တိုက်ဖျက်နိုင်သော BanLec ပရိုတင်း အမျိုးအစားအသစ်တစ်မျိုးကို ဖန်တီးခဲ့ပြီး ယင်းပရိုတင်းမှာ ကျိန်းစပ်ခြင်းနှင့် မလိုလားအပ်သော ရောင်ရမ်းခြင်းတို့ကိုဖြစ်စေသည့် ဂုဏ်သတ္တိမပါရှိကြောင်း၊ ယင်းပရိုတင်းကို အခြေခံပြီး H84T ပရိုတင်းတစ်မျိုးကို **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



သတင်းဆောင်းပါး » သပြေထွန်း

# မိုးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့ရိက္ခာဖွံ့ဖြိုးရေးကို မြှင့်တင်လျက်ရှိ

ဆန်စပါးသည် နိုင်ငံတော်၏ အဓိကပင်မ အာဟာရ အသက်သွေးကြော ဖြစ်သည်။ မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးထုတ်လုပ်သည့် ဒေသအများအပြားရှိသည့်အနက် ဧရာဝတီတိုင်းဒေသကြီးသည် "တိုင်းပြည်၏ စပါးကျီ၊ နိုင်ငံ၏ ရိက္ခာကျီ၊ ဧရာဝတီ၏ ထမင်းအိုး" စသည်ဖြင့် ဝိသေသအမည်နာမကရဏ အမျိုးမျိုးဖြင့် တင်စားခေါ်ဝေါ်ရသည်အထိ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအားကောင်း၍ ဆန်စပါးမျိုးကောင်းမျိုးသန့် အမြောက်အမြား စိုက်ပျိုးထုတ်လုပ်ပေးနေသော တိုင်းဒေသကြီးတစ်ခုလည်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်နှင့် လပွတ္တာခရိုင်ဟူ၍ရှိရာ ဖျာပုံခရိုင်သည် နွေစပါး၊ မိုးစပါး နှစ်မျိုးလုံး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

## မာတိကာ


**မီးခိုးမြူဒြပ်သည်များကို ဘေးကင်းရာသို့ ရွှေ့ရန် အင်ဒိုနီးရှားရေတပ်စစ်သင်္ဘောများ အသင့်ပြင်ထား** စာမျက်နှာ - ၄

**ကျယ်ပြန့်သော မျက်နှာပြင်နှင့် ကောင်းမွန်သော အရည်အသွေးရှိ Oppo R-7 Plus** စာမျက်နှာ - ၈


**အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။



သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ကမ္ဘောဇ တိုက်စစ်မှူး ပိုလန်အဖွင့် ဂိုးသွင်းယူနေစဉ်။

# MNL အမှတ်ပေးပြိုင်ပွဲ၌ တန်းဆင်းဇုန်မှလွတ်သည့် အသင်းအချို့ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပခဲ့သည်။

**(တောင်ကြီးကွင်း)**

**ကမ္ဘောဇ - သုံးဂိုး။**

**ဟံသာဝတီ - နှစ်ဂိုး။**

ယခုရာသီတွင် ဟံသာဝတီအသင်းနှင့် တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး နောက်ကျဂိုးကြောင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုနိုင်ပွဲမှာ ကမ္ဘောဇအသင်းအတွက် ယခုရာသီတွင် ဟံသာဝတီအသင်းကို ပထမဆုံး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှာ နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းကြောင့် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ✪

# ၂၀၁၆ ခုနှစ်၌ နိုင်ငံတကာပြိုင်ပွဲနှစ်ခုကို မြန်မာအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

လာမည့် ၂၀၁၆ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှာ နိုင်ငံတကာပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့် အာဆီယံဖူဆယ်ပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးကို အောက်တိုဘာ ၂၄ရက်က မလေးရှားနိုင်ငံ *Kuantan* မြို့တွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ အဆိုပါပြိုင်ပွဲနှစ်ခုအား အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ကို ယင်းအစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများက သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၁၃ ခုနှစ်က အိမ်ရှင်အဖြစ် နောက်ဆုံးကျင်းပခဲ့ပြီး သုံးနှစ်အကြာတွင် ပြန်လည်ကျင်းပခွင့်ရရှိခြင်းဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၇၊ ၂၀၁၃ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ဖူးပြီး ၂၀၀၇ ခုနှစ်တွင် ချန်ပီယံဆုရရှိခဲ့ကာ ၂၀၁၃ ပြိုင်ပွဲတွင် စတုတ္ထနေရာသာရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းမှာ အဆိုပါပြိုင်ပွဲတွင် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိဖူးပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳


**ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း**



ဆရာသောင်း (ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ မြန်မာ့အသံရေဒီယိုမှာလည်း ပြဇာတ်ဒေသဟာသတွေကို ဆရာသောင်း(ရမည်းသင်း) အမည်နဲ့ ရေးနေပြီး မြို့မ(ရမည်းသင်း)တေးဂီတအဖွဲ့တွေမှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက်လေဖြန်းသွားပါလေရော့ဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင်၊ အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ် ကိုရောက်လာပြီး **"ဆရာ၊ ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ **"ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါး"**ကို ညအိပ်ယာဝင်တိုင်းလိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ၊ အကိုက်အခဲတွေလည်း သက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ။ စာလည်းရေးနိုင်ပြီး သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ . . . **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ် . . .

ဆရာသောင်း(ရမည်းသင်း) အလိမ္မာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်တင်ခွဲ့ရီ 'ရွှေမိုးငွေမိုး'ဖိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)


themirror.npt@gmail.com www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၂၅ ရက်၊ ၂၀၁၅ ခုနှစ် (တနင်္ဂနွေနေ့)

## တိုးတက်လာသည်နှင့်အမျှ

တစ်ဖက်က မြို့ကြီးတွေ တိုးတက်လာရင် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးရေးတို့အပြင် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေရဲ့ အန္တရာယ်တွေလည်း ရင်ဆိုင်နေရတာကို သတိပြုရမယ်၊ တားဆီးရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအစည်းအဝေး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

# ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စရိတ်နည်းသက်သာ၍ အဆင်ပြေ



စီစီတီဗွီကင်မရာတပ်ဆင်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်မြို့ပတ်လမ်းပိုင်း "(က)အထူးရထား"တွဲဆိုင်းအသစ် အား တွေ့ရစဉ်။ ဓာတ်ပုံ-စိုးဝင်း(MLA)

**ရထားတွဲဆိုင်း ၂၅ ဆိုင်း ခေါက်ရေ ၂၂၅ ခေါက်**

၇-၁၂-၂၀၁၄ ရက်နေ့မှစ၍ ကမ်းနားလမ်းတစ်လျှောက် ပုဇွန်တောင်-ပန်းဆိုးတန်း-ထော်လီကွေ့အထိ RBE ရထားစတင်ပြေးဆွဲသည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ရထားတွဲဆိုင်း ၂၁ ဆိုင်း အသုံးပြု၍ ခေါက်ရေ ၂၀၀ ပြေးဆွဲခဲ့ရာမှ လက်ရှိတွင် တွဲဆိုင်း ၂၅ ဆိုင်း ခေါက်ရေ ၂၂၅ ခေါက်သို့ တိုးမြှင့်ပြေးဆွဲပေးနေသည်။

**လျှပ်စစ်ရထားလမ်းသစ်**

ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောကျပ်တည်းမှုပြဿနာကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာဖြေရှင်းပေးနိုင်ရေးအတွက် ရထားလမ်းခုံးကျော်တံတား အမှတ် (၂) အင်းစိန်ကို ၁၇-၈-၂၀၁၅ ရက်နေ့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ ကမ်းနားလမ်းတွင် ပထမဦးဆုံးပြေးဆွဲမည့် လျှပ်စစ်ရထား(Tram)စနစ်အတွက် လင်းစဒေါင်း-ထော်လီကွေ့လမ်းပိုင်း ၃ ဒသမ ၆ မိုင်ကို Dual Gauge လျှပ်စစ်ရထားလမ်းသစ်အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လမ်းပိုင်းအသီးသီးတွင် သက်တမ်းကျော်လွန်လျက်ရှိသည့် တွဲဟောင်းများအစား ခေတ်မီသစ်လွင်သော တွဲသစ်ငါးတွဲဖြင့် အစားထိုးပြေးဆွဲပေးနိုင်ခဲ့သည်။

လေးနှစ်တာကာလအတွင်း ရထားလမ်းခရီးမိုင် ၁၈၉ ဒသမ ၈၅ မိုင်၊ သံလမ်းမိုင် ၂၀၃ဒသမ ၆၉ မိုင်၊ ဘူတာ ၄၅ ဘူတာနှင့် တံတားကြီး / ငယ် ၅၇၇ စင်းတို့ကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဒီဇယ်စက်ခေါင်း ၃၇၇ လုံး၊ RBE စက်ခေါင်း ၁၈၆ လုံး၊ လူစီးတွဲ ၁၃၆၉ တွဲ၊ ကုန်တွဲ ၃၃၈၄ တွဲတို့ဖြင့် ရထားလမ်းပိုင်းအသီးသီးတွင် ပြေးဆွဲအသုံးပြုလျက်ရှိသည်။ စာမျက်နှာ ၂ သို့ »»

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုမြင့်မား

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း ပေါ်ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံကို တွေ့ရစဉ်။ ဓာတ်ပုံ ခင်မောင်ဝင်း



**စက်သုံးဆီတင်သွင်းမှုကို နိုင်ငံခြားငွေရှိသည့် မည်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်ကိုမဆို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ ပုံမှန်ကုန်သွယ်မှုနည်းလမ်း LC/TT ဖြင့် တင်သွင်းခွင့်ပြုခဲ့သည်။**

စက်သုံးဆီနှင့် စားသုံးဆီများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ဒေသတွင်းသုံးစွဲရန် နယ်စပ်ကုန်သွယ်မှုနည်းလမ်း ကျပ်ငွေကြေးဖြင့် ခွင့်ပြုလျက်ရှိရာမှ ဒေသကန့်သတ်ချက်မထားတော့ဘဲ လုပ်ထုံးလုပ်နည်း တစ်ပြေးညီဖြစ်စေရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် Specification ဈေးနှုန်းဖြင့် မြန်မာနိုင်ငံစက်သုံးဆီအသင်းဝင်မှတ်ပုံတင်ဖြင့် တင်သွင်း၍ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့သည်။

၂၀၁၂ ခုနှစ် မေလ ၇ ရက်နေ့မှစ၍ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (သို့မဟုတ်) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (သို့မဟုတ်) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော မြန်မာနိုင်ငံသားတိုင်း မည်သူမဆို ပြည်ပမှ ၂၀၀၇ ခုနှစ်နှင့်အထက် ထုတ်လုပ်သော လူစီးမော်တော်ယာဉ်(ဆလွန်း၊ ဝက်ဂွန်၊ ဗင်၊ ဆီဒင်၊ ပစ်ကက် အစရှိသည့်) တစ်စီးစီ တင်သွင်းခွင့်ပြုခဲ့သည်။ ၂၀၁၄ ပြက္ခဒိန်နှစ်အတွက် ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ထုတ်လုပ်သော မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုခဲ့သည်။

**ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုနှင့် ပြောင်းလဲမှုအခြေအနေများ**

ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ မြေပဲဆီ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီ၊ လယ်ယာထွက်ကုန်ပစ္စည်းများအနက်မှ ဝါနှင့် ဝါထွက်ပစ္စည်း (ဝါဂွမ်း၊ ချည်မျှင်)ကို ပြည်ပသို့ တင်ပို့ခွင့်ပြုသောပစ္စည်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်းကို ထုတ်ပြန်ခဲ့သည်။

တင်သွင်းခွင့်မပြုရန် ထုတ်ပြန်ထားသည့်ကုန်ပစ္စည်းများအနက်ပထမအဆင့်အနေဖြင့် အချိုမှုန့်၊ အချိုရည်၊ ဘီစကွတ်မျိုးစုံ၊ စည်သွတ်ဘူးများ (အသားနှင့်သီးစုံ)၊ စာမျက်နှာ ၃ သို့ »»

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ လူစီးတွဲနှင့် ကုန်တွဲလျှာထားချက် တွဲ ၁၅၀ တွင် တွဲ ၁၆၀ တည်ဆောက်ပြီးစီးခဲ့သဖြင့် လျာထားချက်ထက် ၁၀၆ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ရန်ကုန်ဘူတာကြီးယာဒ်ဝင်း ၆၃ ဒသမ ၆၂၂ ဧကကို နိုင်ငံတကာအဆင့်မီ Development Area အဖြစ် နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ဖြင့် စက်ခေါင်း၊ တွဲနှင့် စက်အရန်ပစ္စည်းများ၊ သံလမ်းပြုပြင်ထိန်းသိမ်းရေး စက်ပစ္စည်းကိရိယာများ၊ ပို့ကုန်သွင်းကုန် ဘဏ်ချေးငွေ (အမေရိကန် ဒေါ်လာ ၈၆ ဒသမ ၃၁ သန်း)ဖြင့် စက်ပစ္စည်းများကို ဝယ်ယူခဲ့သည်။

ဂျပန်နိုင်ငံ ODA Loan ဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်းအဆင့် - ၁ (ရန်ကုန်-တောင်ငူ (၁၆၆)မိုင် အဆင့်မြှင့်တင်ရေးလုပ်ငန်းစီမံကိန်း) Japan ODA Loan အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၆ သန်းကိုလည်းကောင်း၊ နည်းပညာအကူအညီဖြင့် ရထားလုပ်ငန်းများ လုံခြုံချောမွေ့စေရေးနှင့် ဝန်ဆောင်မှုများပိုမိုတိုးတက်စေရေးစီမံကိန်း (အမေရိကန်ဒေါ်လာ ၃ သန်း)ကို လည်းကောင်း၊ မြန်မာ့မီးရထားကွန်ရက်အတွင်း ရထားပြေးဆွဲမှုကို ဗဟိုဌာနမှထိန်းချုပ်သည့်စနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိရိယာပစ္စည်းများ တပ်ဆင်မည့် စီမံကိန်း (ရန်ကုန်-ပြွန်တန်ဆာလမ်းပိုင်း ၈၇ မိုင်) (ဂျပန် ယန်း ၄ ဘီလီယံ)ကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးစားပေးဝယ်သူချေးငွေ(အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၇၈၇ သန်း) ဖြင့် စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ်တည်ဆောက်ရေး စက်ရုံစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ (အမေရိကန် ဒေါ်လာ ၄၅ သန်း)ဖြင့် လူစီးတွဲ ၁၀၀ ဝယ်ယူရေး ဆောင်ရွက်လျက်ရှိသည်။

**ခရီးသည်ဦးရေ သန်း ၂၀၀ ကျော် သယ်ယူပို့ဆောင်**

မြန်မာ့မီးရထားအနေဖြင့် ၁-၄-၂၀၁၁ မှ ၃၁-၃-၂၀၁၅ ရက်နေ့အထိ ခရီးသည် ဦးရေ ၂၁၉ ဒသမ ၃၀၉ သန်းနှင့် ကုန်တန်ချိန် ၁၁ ဒသမ ၁၇ သန်း သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး ခရီးသည်မိုင် ၉၉၀၅ ဒသမ ၃၇၈ သန်းနှင့် ကုန်တန်မိုင် ၃၃၆ ဒသမ ၈၉၃ သန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**Road Safety မထိခိုက်စေသော Extra Accessories များ ပြောင်းလဲတပ်ဆင်ခွင့်ပြု**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် မော်တော်ယာဉ်ဥပဒေကို ၈-၉-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေတို့ကို ပြင်ဆင်/အသစ် ရေးဆွဲ၍ အတည်ပြုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်။

မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် လာရောက်ဆောင်ရွက်ရာတွင် လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ ဓာတ်ပုံပါ စိစစ်ရေးကတ်တစ်ခုခု၏ မိတ္တူရယူဆောင်ရွက်ပေးခဲ့သည်။

အခွန်ကိစ္စ ဆောင်ရွက်ပြီးကြောင်းကို စိစစ်ခြင်းမပြုတော့ဘဲ ဆောင်ရွက်ပေးသည်။ ယာဉ်စစ်စေလွှတ်ခြင်းမပြုတော့ဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးမှစ၍ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစနစ်များ ပြောင်းလဲသတ်မှတ်ခဲ့ခြင်း၊ နှစ်လဲယာဉ်စစ်ဆေးရာတွင် လုပ်ငန်းမြန်ဆန်စေရေးအတွက် စက်ပြောင်းနှင့် မှတ်ပုံတင်ရန် လိုအပ်ချက်ရှိသော ကိစ္စရပ်များမှလွဲ၍ ကျန်ယာဉ်များ၏ စက်ခဲခြစ်များ ရယူမှုမပြုတော့ပါ။

ယာဉ်ပိုင်ရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် Road Safety မထိခိုက်စေသော Extra Accessories များ ပြောင်းလဲတပ်ဆင်ခြင်းကို ခွင့်ပြုပေးလျက်ရှိသည်။


ဂျပန်နိုင်ငံမှ ရောက်ရှိလာသော ရထားတွဲများကို အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၌ တွေ့ရစဉ်။ ဓာတ်ပုံ စိုးဝင်း(MLA)

၁-၄-၂၀၁၂ ရက်နေ့မှစ၍ ရေယာဉ်များ၏ လုပ်ငန်းလိုင်စင်ကိစ္စရပ်များကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ကုန်းလမ်းသွားယာဉ်များ၏ လုပ်ငန်းလိုင်စင်ကိစ္စများကိုသာ ဆောင်ရွက်လျက်ရှိသည်။

မော်တော်ယာဉ်နံပါတ်ပြားများကို အင်္ဂလိပ်အက္ခရာ နံပါတ်ပြားများ ပြောင်းလဲ တပ်ဆင်ပေးနိုင်ခဲ့ပြီး လုပ်ငန်းလိုင်စင်ခ ကောက်ခံသည့် အခွန်နှုန်းထားကို ၁-၁၁-၂၀၁၃ ရက်နေ့မှစ၍ ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်တိုးမြှင့် ကောက်ခံလျက်ရှိသည်။


**ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား Simulator အသုံးပြုစေပြီး ယာဉ်မောင်းကျွမ်းကျင်မှုကို ဤသို့စစ်ဆေးလျက်ရှိ။ ဓာတ်ပုံ-ရထားပို့ဆောင်ရေး**

City Bus ယာဉ်များ၊ လျှပ်စစ်စွမ်းအားသုံး မော်တော်ယာဉ်များ၊ သူနာတင်ယာဉ်များကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကောက်ခံမှု မပြုတော့ပါ။

ကနဦး ယာဉ်မှတ်ပုံတင်ခများ ပြောင်းလဲသတ်မှတ်ခြင်း၊ နှစ်လဲယာဉ်မှတ်ပုံတင်ခများ ဒေသအုပ်စုသုံးစုခွဲ၍ ပြောင်းလဲသတ်မှတ်ပြီး နှစ်လဲမှတ်ပုံတင်ခ ဒဏ်ကြေး ၁၀၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

နယ်စပ်ဒေသမှ ဝင်/ထွက်သွားလာယာဉ်များအတွက် ယာယီမှတ်ပုံတင်ခကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲသတ်မှတ်ခဲ့သည်။ သံရုံးပိုင်ယာဉ်များ ရောင်းချခွင့်ပြုခြင်းနှင့် ဝယ်ယူသူများအား ရောက်ရှိအက္ခရာ နံပါတ်သတ်မှတ် မှတ်ပုံတင်ပေးလျက်ရှိသည်။ လျှူဒါန်းယာဉ်များ နံပါတ်ပြားအောက်ခံအစိမ်းရောင် သတ်မှတ်ခဲ့သည်။

လျှပ်စစ်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်များ အက္ခရာ ပြောင်းလဲသတ်မှတ်ခဲ့သည်။ မူသေအမှတ်ရယူပြီး ကနဦးယာဉ်စစ်ဆေးသည်နှင့်တစ်ပြိုင်နက် ဖောင်းကြွနံပါတ်ပြားကို တပ်ဆင်ပေးလျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေဖြေဆိုရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ကွန်ပျူတာစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ ဃ ၊ င ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား Simulator အသုံးပြုစေပြီး ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးလျက်ရှိသည်။

**ယာဉ်မောင်းလိုင်စင် Smart Card**

ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်အား လုံခြုံမှုအဆင့်ရှိ နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်ဓာတ်ပုံပါ မှတ်ပုံတင်သက်သေခံလက်မှတ်အသစ်အား ထုတ်ပေးသည်။ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကွန်ပျူတာများဖြင့် အစားထိုးဆောင်ရွက်သည်။

ယာဉ်မောင်းလိုင်စင်အား Smart Card ဖြင့် ထုတ်ပေးသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် အင်္ဂလိပ်အက္ခရာဖြင့် တပ်ပေးနိုင်ခဲ့ပြီး မော်တော်ယာဉ်သက်သေခံလက်မှတ်နှင့် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)တို့တွင် ယာဉ်အမှတ်၊ ပိုင်ဆိုင်မှု၊ ဆေးရောင်၊ ပိုင်ရှင်အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကိုပါ အင်္ဂလိပ်ဘာသာဖြင့် ပြောင်းလဲထုတ်ပေးလျက်ရှိသည်၊

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မှတ်ပုံတင်ဖျက်သိမ်းမှုယာဉ်ပေါင်း ၁၉၆၂၀၈ စီး၊ အစားထိုးယာဉ် ပါမစ်ထုတ်ပေးမှု ယာဉ်ပေါင်း ၁၉၃၉၇၂ စီး၊ အစားထိုးယာဉ်ကနဦးမှတ်ပုံတင်ပေးမှုယာဉ်ပေါင်း ၁၈၃၉၁၆ စီးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ပြည်ပကုမ္ပဏီများဖြစ်သော မြန်မာဒေဝူးလီမိတက်နှင့် CJ Korea Express Asia Pte.,Ltd. တို့ဖြင့်လည်းကောင်း၊ ပြည်တွင်းကုမ္ပဏီများဖြစ်သော Forever Green Right Service Co.,Ltd. နှင့် စန်းရောင်နီကုမ္ပဏီလီမိတက်တို့ဖြင့် လည်းကောင်း အကျိုးတူပူးပေါင်း၍ JV ကုမ္ပဏီဖွဲ့စည်းတည်ထောင်ဆောင်ရွက်လျက်ရှိပြီး Forever Green Road Transport (JV) Co.,Ltd. မှ CNG သုံး City Bus ယာဉ် ၂၅ စီးဖြင့် ဒဂုံတက္ကသိုလ်-ဆူးလေ ရန်ကုန်မြို့တွင်း ယာဉ်လိုင်း တစ်လိုင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးခရီးစဉ်ကို High Way Bus ၁၀ စီးဖြင့် စတင်ပြေးဆွဲလျက်ရှိသည်။

စန်းရောင်နီကုမ္ပဏီတွင် ကုန်းလမ်းပို့ဆောင်ရေးမှ ဝန်ထမ်း ၄၁ ဦး ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်လျက်ရှိပြီး ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် CNG City Bus ၂၅ စီးဖြင့် ဗိုလ်တထောင် - ရန်ကုန်ဘူတာကြီး - အောင်မင်္ဂလာအဝေးပြေးဂိတ် ယာဉ်လိုင်း တစ်လိုင်းကို ပြေးဆွဲလျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးရှိ ယာဉ်မောင်း သင်တန်းကျောင်းများတွင် TATA အမောင်းသင်ယာဉ် အစီး ၄၀ ဖြင့် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများသို့ ကုန်စည်နှင့် ခရီးသည်များ သယ်ယူပို့ဆောင်ရေးအတွက် ဌာနခွဲ ၁၀ ခုတွင် ဌာနခွဲတစ်ခုလျှင် ကြီးကြပ်ရေးမှူး တစ်ဦးစီနှင့် စုစုပေါင်းယာဉ် ၁၄၅ စီးအား အသင့်ပြင်ဆင် ဆောင်ရွက်ထားရှိသည်။

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းပျက်စီးသည့် ကန့်ဘလူဘူတာနှင့် ကောလင်းဘူတာကြား ရထားစီးခရီးသည်များအား ယာဉ်စီးရေ ရှစ်စီး၊ ခေါက်ရေ ၁၂၀ ဖြင့် ခရီးသည် ဦးရေစုစုပေါင်း ၃၉၀၅ ဦးအား ပို့ဆောင်ပေးခဲ့သည်။

နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော ကုန်စည်သယ်ယူပို့ဆောင်မှုအနေဖြင့် ကယ်ဆယ်ရေး ပစ္စည်းများအား မန္တလေး-တံတားဦး-မုံရွာ-မကွေး၊ မန္တလေး-မင်းတပ်၊ မန္တလေး-မြို့ဟောင်း-ရေစကြို၊ မန္တလေး-မြင်းခြံ-တောင်သာ၊ မန္တလေး-ကျောက်ဆည်-ရေနံချောင်း၊ ရန်ကုန်-မြန်အောင်၊ ရန်ကုန်-ညောင်တုန်းတို့သို့ ယာဉ်စီးရေ ၁၀၁ စီးဖြင့် ကုန်တန်ချိန် ၇၄၂ ဒသမ ၅ တန်အား ပို့ဆောင်ပေးခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ချမှတ်ထားသည့်မူဝါဒများနှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်၍ ထိရောက်အောင်မြင်မှုရရှိနိုင်မည့် နည်းလမ်းများဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ရထားလမ်းများ ကြံ့ခိုင်မှုအားကောင်းစေရန် ခေတ်မီစက်ကိရိယာများဖြင့် ပြုပြင်ဆောင်ရွက်နေစဉ်။
ဓာတ်ပုံ-စိုးဝင်း(MLA)

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

›››› အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ


ခေါက်ဆွဲခြောက်အမျိုးမျိုး စသည့် လူသုံးကုန်ပစ္စည်း ငါးမျိုးအား ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသမှ FDA ထောက်ခံချက်ပါရှိပါက နှစ်နိုင်ငံငွေကြေး (သို့မဟုတ်) နိုင်ငံတော်မှ သုံးစွဲခွင့်ပြုထားသော ငွေကြေးတစ်ရပ်ရပ်ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှစ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းခွင့်ပြုခဲ့ပြီး Chewing Gum၊ Cakes၊ Wafer၊ Chocolate ပစ္စည်းအမယ်လေးမျိုးအား FDA ထောက်ခံချက်ဖြင့် ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည်။

ယာဉ်ယန္တရားများကို ယခင်က လိုင်စင်တစ်စောင်နှင့် လုပ်ငန်းသုံးယာဉ် ငါးစီးသာ လျှောက်ထား၍ ထိန်းချုပ်မှုရှိခဲ့သော်လည်း ၂၅-၄-ပြန်လည်စိစစ်ချက်အရ သွင်းကုန် ၁၆၆ မျိုးအစား ၅၉၃ မျိုးအဖြစ် ထုတ်ပြန်ခဲ့ပြီး ၎င်းအနက် ကားတာယာနှစ်မျိုးကို လိုင်စင်ပြန်လည်လျှောက်ထားရန် ထုတ်ပြန်ခဲ့၍ ၁၉၂၆ လိုင်းအား လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့သည်။

ထပ်မံ၍ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် ပို့ကုန်ပစ္စည်း ၁၅၂ မျိုးအပေါ် လက်ရှိကျင့်သုံးနေသော H.S Code 2012 Version စနစ်ဖြင့် H.S Code လိုင်းပေါင်း ၉၈၃ လိုင်းအဖြစ် ထပ်မံသတ်မှတ်ခွင့်ပြုခဲ့သည်။

သွင်းကုန် ၁၆၆ မျိုးအစား H.S Code လိုင်းပေါင်း ၁၉၂၆ လိုင်းဖြင့် လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြု

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(စက်တင်ဘာလအထိ)
မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေပြဂရပ်






သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခဲ့သော ခေတ်ပေါ်ယာဉ်များကို ရန်ကုန်မြို့ BMW ကားအရောင်းပြခန်းတွင် ပြသထားစဉ်။ ဓာတ်ပုံ - Myanmar Business Today

၂၀၁၁ ရက်နေ့မှစ၍ လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးပြုရန် လိုအပ်သည့် အရေအတွက်ကို အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုခဲ့သည်။

၂၀၁၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အရ လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားယာဉ်များ တင်သွင်းခွင့်ကို ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ခဲ့သည်။

သွင်းကုန်လိုင်စင်/ပါမစ်မလိုဘဲ တင်သွင်းလာသော ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်/ ပါမစ်ကြေး ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသည့် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများအနက် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုး၊ စုစုပေါင်း ၃၁၈ မျိုးတို့ကို Automatic Licensing စနစ်ဖြင့် ၁၂-၆-၂၀၁၂ ရက်နေ့မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ၁-၃-၂၀၁၃ ရက်နေ့မှစ၍ အဆိုပါ ပို့ကုန်၊ သွင်းကုန်ပစ္စည်းများအား ပို့ကုန်၊ သွင်းကုန် လိုင်စင် လျှောက်ထားရယူရန်မလိုဘဲ (No Licence Requirement) အဖြစ် သတ်မှတ်၍ တင်ပို့/တင်သွင်းခွင့်ပြုခဲ့သည်။

ပို့ကုန် ၁၅၂ မျိုးနှင့် သွင်းကုန် ၁၆၆ မျိုး သတ်မှတ်ပေးခဲ့ခြင်းအား H.S Code လိုင်းများအလိုက် ခဲ့သည့်အပြင် ထပ်မံ၍ H.S Code လိုင်းပေါင်း ၁၅၃ လိုင်းအား လိုင်စင်ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့သဖြင့် H.S Code လိုင်းပေါင်း ၂၀၇၉ လိုင်းအထိ ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

၎င်းအပြင် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်း၊ မြန်မာနိုင်ငံ၏ H.S Code 2012 Version အရ ၄၄၀၅ လိုင်းအား (Negative List)ဖြင့် ထုတ်ပြန်ခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးစခန်းများတွင် နယ်စပ်ကုန်သွယ်မှု(Border Trade) စနစ်ဖြင့် တင်သွင်းမှုအတွက် ပို့ကုန်ကြောင့်ရငွေကျပ် (Earning) မလိုဘဲ သွင်းကုန်တင်သွင်းခွင့်ကို ခွင့်ပြုပေးခဲ့သည်။

## လက်ကားကုန်စည်ဒိုင် ၅၅ ဒိုင်

ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုနှင့် ကူးသန်းရောင်းဝယ်မှုတိုးတက်လာစေရေး၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ရောင်းဝယ်မှု တိုးတက်လာစေရေးတို့အတွက် ကုန်စည်များ စီးပွားဖြစ်ထုတ်လုပ်ထွက်ရှိရာ မြို့ကြီးများတွင် လက်ကားကုန်စည်ဒိုင် ၅၅ ဒိုင် ဖွင့်လှစ်နိုင်ခဲ့သည်။

## အထူးပြုကုမ္ပဏီ ၈၀ ကျော်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ဆန်စပါးအထူးပြုကုမ္ပဏီ ၆၄ ခု၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ ၂၂ ခုနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ တစ်ခု စုစုပေါင်း အထူးပြုကုမ္ပဏီ ၈၇ ခုအား ဖွဲ့စည်းနိုင်ခဲ့သည်။

## ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့ ၂၅၀ ခန့်နှင့် အစုအဖွဲ့ ၁၅၀ ခန့်

ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်မှုမြှင့်တင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (စက်တင်ဘာလအထိ) တိုင်းဒေသကြီး/ပြည်နယ်များတွင်လုပ်ငန်းအလိုက် အသင်းအဖွဲ့ပေါင်း ၂၄၇ ဖွဲ့နှင့် အစုအဖွဲ့ပေါင်း ၁၄၄ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

## MYANTRADE Project

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် သွားရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြန်မာနိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာန ထူထောင်ရန်အတွက် အကူအညီပေးရန် သဘောတူညီမှုရရှိခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA)တို့သည် ၂၀၁၅ ခုနှစ် မေလ ၂၁ ရက်နေ့တွင် သဘောတူညီမှုစာလွှာ Letter of Intent (LOI) ကို ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည့် Korea-Myanmar Economic Forum အခမ်းအနားတွင် လက်မှတ်ရေးထိုးခဲ့သည်။

Master Plan ရေးဆွဲခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကိုရီးယားနိုင်ငံ ODA နည်းပညာအကူအညီဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းနှင့် ဆောင်ရွက်လျက်ရှိသည်။

## မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန(MTC)

ရန်ကုန်တိုင်းဒေသကြီးရုံး တတိယထပ်တွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန(MTC)ကို ၂၁. ၆. ၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရုံးတွင် ရတနာပုံကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနကို ၃၁. ၁၂. ၂၀၁၄ ရက်နေ့တွင် လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မနောမြေကုန်သွယ်မှု မြှင့်တင်ရေးဗဟိုဌာနကို ၇. ၁. ၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဇေယျာကုန်သွယ်မှုဗဟိုဌာနကို ၁၂. ၅. ၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာကုန်သွယ်မှုဗဟိုဌာနကို ၂၀. ၃. ၂၀၁၅ ရက်နေ့တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

အမြဲတမ်းပို့ကုန် ပြခန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ထွက်ကုန်များ၊ ပြည်ပသို့ တင်ပို့နေသည့် ပြည်တွင်းထွက်ကုန်ပစ္စည်းနှင့် အလားအလာရှိသည့် ထုတ်ကုန်များကိုလည်း ပြသလျက်ရှိသည်။

## ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

တိုင်းဒေသကြီး / ပြည်နယ်အလိုက် ကွင်းဆင်းလေ့လာခြင်း၊




မူဆယ်မြို့တွင် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ။ ဓာတ်ပုံ - အေဝမ်းစိုး

စာရင်းဇယားများ ရယူခြင်းနှင့် လိုအပ်ချက်များ မေးမြန်းဖော်ထုတ်ခြင်းတို့ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ကျေးရွာပေါင်း ၃၉၄၁ ရွာတွင် လုပ်ငန်းအရေအတွက်ပေါင်း ၁၄၄၃၆ ကို ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစုအဖွဲ့ ဖွဲ့စည်းမှု၊ ချေးငွေပံ့ပိုးနိုင်မှုအခြေအနေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ အစုအဖွဲ့ပေါင်း ၃၀၁၆ ကို ချေးငွေ စုစုပေါင်း ကျပ် ၆၁၆၄ ဒသမ ၁၅၅ သန်းဖြစ်သည်။

## ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများ

ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများကို ပြည်ပနိုင်ငံများသို့ လည်းကောင်း၊ ပြည်တွင်းတွင်လည်းကောင်း ပြသနိုင်ရန် စီစဉ်ဆောင်ရွက်မှုအနေဖြင့် နှစ်စဉ်ပုံမှန်ပြပွဲကြီးများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဇွန်လတွင် ကျင်းပသည့် ကူမင်းပို့ကုန်၊ သွင်းကုန်ကုန်စည်ပြပွဲ၊ နန်နင်းမြို့၌ စက်တင်ဘာလတွင် ကျင်းပသည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ မြန်မာနိုင်ငံ မူဆယ်နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တွင် နှစ်စဉ်အလှည့်ကျ ကျင်းပသည့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲများရှိသည်။

ပြည်တွင်းသို့ ပြည်ပနိုင်ငံများမှ လာရောက်ကျင်းပသည့် ကုန်စည်ပြပွဲ (၁၂၉) ကြိမ်၊ မြန်မာနိုင်ငံမှ ပြည်ပသို့ သွားရောက်ပြသသည့် ကုန်စည်ပြပွဲ (၁၀၆) ကြိမ်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပခဲ့သည့် ဒေသထွက်ကုန်ပြပွဲ (၁၄)ကြိမ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ကျင်းပနိုင်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးမှုနှင့် ကူးသန်းရောင်းဝယ်မှု တိုးတက်လာစေရေး၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ရောင်းဝယ်မှု တိုးတက်လာစေရေး၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုမြှင့်တင်ရေး စသည်တို့အတွက် တစ်တပ်တစ်အား ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လူတိုင်းအရည်အသွေးပြည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေး ရည်မှန်းချက် (၂၀၃၀)

ဆုနှင်းလဲ့

**ယခင်နှင့်မတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ပြည်သူ့ဆေးရုံကြီးများ တိုးတက်ပြောင်းလဲလာသည်။ သန့်ရှင်းမှု၊ ဝန်ဆောင်မှုများနှင့် အဆင့်မြှင့်တင်မှုများအပါအဝင် စရိတ်မျှပေး ကျန်းမာရေးအစီအစဉ်မှသည် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်လာသည်။**



မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးလဲလှယ်ကုသနေစဉ်။ သန်းဇော်မင်း(ပြန်/ဆက်)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းများကို တိုင်းတာရာတွင် ကျန်းမာရေးစောင့်ရှောက်နိုင်မှုစနစ်များသည်လည်း အရေးပါလာလျက်ရှိရာ ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီးကို ပီပြင်စွာထူထောင်နိုင်ရန် ဆောင်ရွက်ရာတွင် အများပြည်သူဝန်ဆောင်မှုဖြစ်သော ကျန်းမာရေးကို လျစ်လျူရှု၍ မရနိုင်ပေ။

ထို့ကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနများ၊ တက္ကသိုလ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများကို အစိုးရသစ်လက်ထက်တွင် သိသိသာသာ တိုးမြှင့်ဆောင်ရွက်လာခဲ့ပြီး လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး အစိုးရသစ်တာဝန်ယူပြီးနောက် သုံးနှစ်တာကာလအတွင်း ကျန်းမာရေးဘတ်ဂျက်ကိုလည်း တိုးမြှင့်သုံးစွဲခဲ့သည်ဟု သိရသည်။

**ဒေသတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားနည်းခဲ့လေသလား**

မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးတွင် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျခဲ့မှုများရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ကမ္ဘာ့အဆင့်တွင် အတော်လေးနောက်ကျမှုရှိခဲ့သည်ဟုသိရပြီး အာဆီယံဒေသတွင်းတွင်လည်း နောက်ကျမှုများရှိခဲ့သည်ဟု သိရသည်။

အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းတွင် ကဏ္ဍအသီးသီး၌ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုများဆောင်ရွက်ရန် ဘတ်ဂျက်တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

နှစ်တိုစီမံကိန်းများသာမက နှစ်ရှည်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒ ခုနစ်ခု၊ ရည်မှန်းချက် ကိုးခုနှင့် လုပ်ငန်းစဉ် ၁၁ ခုတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ဆောင်ရွက်နေရာတွင် ကျန်းမာရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် မြန်မာ့ကျန်းမာရေးညီလာခံကို ယခုနှစ် ဇူလိုင်လ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု စသည့် အသွင်ကူးပြောင်းရေးအခြေအနေကို ထင်ဟပ်သည့် **လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ဖို့ ကျန်းမာရေးကဏ္ဍတွင် မြှုပ်နှံစို့** ဟူသောဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ပြည်သူလူထု ကျန်းမာရေးကြံ့ခိုင်မှုကို ဗဟိုပြုရန်လိုအပ်သည့်အတွက် ကျန်းမာရေးကဏ္ဍတွင်လည်း အမိကရင်းနှီးမြှုပ်နှံရန်လိုအပ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားခဲ့သည်။

**ကျန်းမာရေးဘတ်ဂျက် ၈ ဒသမ ၇ ဆခန့်ချထားကာ အဆင့်မြှင့်တင်**

အစိုးရသစ်လက်ထက်တွင် နှစ်အလိုက်ဘတ်ဂျက်တိုးမြှင့်သုံးစွဲခဲ့ရာတွင် ယခုနှစ်ဘဏ္ဍာရေးနှစ်၏ ဘတ်ဂျက်ချထားပေးမှုမှာ ၂၀၁၁ ခုနှစ် ဘဏ္ဍာငွေခွဲဝေမှုထက် ၈ ဒသမ ၇ ဆခန့်အထိ တိုးမြှင့်ချထားဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေခွဲဝေပေးခဲ့ရာတွင် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၈၆၅၈၂ ဒသမ ၈၇၁ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၄၉၆၃၀ ဒသမ ၉၆၇ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၄၈၅၂၆၃ ဒသမ ၂၉၈ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၇၀၈၉၄၉ ဒသမ ၀၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကျပ်သန်း ၇၅၃၀၀၁ ဒသမ ၃၇၈ သန်း ခွဲဝေချထားပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ပုံငွေများ ပိုမိုခွဲဝေရရှိခဲ့သောကြောင့် အမိကလိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်ကထက် ၃၅ ဆခန့် တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများက စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး ဆက်လက်၍ ရန်ပုံငွေ ပိုမိုခွဲဝေရရှိမှုအပေါ်မူတည်၍ လူနာများ၏ စိုက်ထုတ်ကုန်ကျငွေကို လျှော့ချနိုင်ရေးစီစဉ်ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားခဲ့သည်။

**ပြည်သူ့ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်းအပြင် ဆေးရုံသစ်များ တိုးချဲ့တည်ဆောက်**

ကျန်းမာရေးကဏ္ဍ ဘတ်ဂျက်တိုးမြှင့်သုံးစွဲခဲ့ရာတွင် ပြည်သူ့ဆေးရုံကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် ယခင်က စရိတ်မျှပေးကျန်းမာရေးအစီအစဉ်မှ အခမဲ့ဆေးကုသမှုအစီအစဉ်တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု သိရသည်။

ရန်ကုန်ဆေးရုံကြီးအပါအဝင် ရန်ကုန်မြို့တွင်းရှိ ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့အဆောင်သစ်များ တည်ဆောက်ခြင်း၊ ဆေးရုံသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ ဆေးရုံးပေါင်း ၁၆၄ ရုံ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆေးတက္ကသိုလ် လေးခုရှိရာမှ ဆေးတက္ကသိုလ်(တောင်ကြီး)ကို အောက်တိုဘာ ၃ ရက်တွင် ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

မကြာမီကာလအတွင်း နေပြည်တော် ကောင်စီနယ်မြေတွင် သူနာပြုသင်တန်းကျောင်း တစ်ကျောင်း၊ သားဖွားသင်တန်းကျောင်းတစ်ကျောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တစ်ကျောင်းကို ဖွင့်လှစ်သွားရန် စီစဉ်ပြီးဖြစ်သည်ဟု သိရသည်။

ယင်းအပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ တိုးတက်မွေးထုတ်ပေးနိုင်ရေး ခန့်ထားရေးအတွက် ဘွဲ့လွန်ဒီပလိုမာ၊ မာစတာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။

**လူတိုင်း အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေး ရည်မှန်းချက် (၂၀၃၀)**

နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် (၂၀၃၀) မြန်မာ့ကျန်းမာရေး ရည်မှန်းချက်နှင့်အညီ လူတိုင်းအရည်အသွေးပြည့်စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်မည့် နည်းဗျူဟာများနှင့် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများကို ရရှိနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ကျန်းမာရေးကဏ္ဍတွင် အမိကကျသော ကျေးလက်ကျန်းမာရေးဌာနများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၇၃ ဌာန၊ ဒေသန္တရကျန်းမာရေးဌာနတစ်ခုကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း အထူးအရေးပါလျက်ရှိသည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်နေထိုင်သော ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ အထူးအရေးပါပြီး ကျန်းမာရေးဗဟုသုတနည်းပါးခြင်း၊ ဆေးရုံဆေးခန်းသို့ အချိန်မီရောက်ရှိကုသနိုင်ခြင်းမရှိခြင်း၊ ဆေးမြီးတိုများဖြင့် ကုသနေခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ဆေးရုံဆေးခန်းများသို့ အချိန်မီလာရောက်နိုင်ရန် ခက်ခဲခြင်းတို့ကြောင့် မသေသင့်ဘဲ အသက်ဆုံးရှုံးမှုများစွာ ကြုံတွေ့နေရသည်ဟု သိရသည်။

အထူးသဖြင့် ကျေးလက်ဒေသများတွင် အသက် (၅) နှစ် ကလေးငယ်များ သေဆုံးမှု၊ ကိုယ်ဝန်ဆောင်မိခင် မွေးဖွားသေဆုံးမှုနှင့် အသက်တစ်နှစ်အောက် ကလေးငယ်များ သေဆုံးနေမှုတို့ အများဆုံးဖြစ်ပေါ်နေပြီး ဖွား/သေနှုန်း လျှော့ချနိုင်ရန်မှာလည်း ကျေးလက်ကျန်းမာရေးဌာနများနှင့် သားဖွားဆရာမများမှာ အရေးပါလျက်ရှိသည်ဟု သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် သားဖွားဆရာမ ၁၆၈၄ ဦးခန့်ထားရန် ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။ ကျေးလက်ဒေသများ၏ အမိကအခက်အခဲမှာ လမ်းပန်းဆက်သွယ်မှုသည်လည်း ပါဝင်နေရာ ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးသည်နှင့်အညီ အခြားသောသက်ဆိုင်ရာဌာနများအနေဖြင့် ကျန်းမာရေးဌာနသို့ ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်မှာ လိုအပ်သည်ဟု မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနေသော ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(မြန်မာ)ရုံး ကျွမ်းကျင်ပညာရှင်အဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်မှုများတွင် ဆေးရုံကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်မှု၊ တိုးချဲ့ဆောက်လုပ်မှုများ၊ သန့်ရှင်းမှု၊ ဝန်ဆောင်မှုနှင့် ကျန်းမာရေးစရိတ်ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် စိတ်ကျန်းမာရေးဆေးရုံကြီးကဲ့သို့ ဆေးရုံများ တိုးချဲ့ဆောက်လုပ်ရန် သို့မဟုတ် အဆင့်မြှင့်တင်ပေးရန်မှာလည်း လိုအပ်လျက်ရှိသည်ဟု လူနာရှင်များက အကြံပြုကြသည်။

လက်ရှိ သုံးလေးနှစ်တာကာလအတွင်းတွင် ပြုပြင်ပြောင်းလဲမှုများစွာနှင့် အဆင့်မြှင့်တင်မှုများစွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ပြည်သူလူထုအားလုံး အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေးကို ပြည့်မီစွာ ရရှိနိုင်ရန်မှာ လိုအပ်ချက်များစွာ ရှိနေသေးသည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။

ကျွမ်းကျင်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လူဦးရေနှင့် အချိုးညီမျှစွာရှိရေးနှင့် ဆေးရုံများတွင် လူနာများအား လုံလောက်စွာ ကုသစောင့်ရှောက်နိုင်ရေး၊ အရေးပေါ်လူနာတင်ယာဉ်များ လူဦးရေအချိုးနှင့်အညီ လုံလောက်စွာရှိနိုင်ရေး၊ လူတိုင်းလုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို ယုံကြည်စွာစားသုံးနိုင်ရေး၊ လူတိုင်းအခြေခံကျန်းမာရေးဗဟုသုတနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ်အသက်ကယ်နည်းများကို သိရှိဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ပညာပေးမှု၊ စည်းရုံးမှု၊ အရေးယူမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့မှု စသည်ဖြင့် လုပ်ငန်းဆောင်တာများစွာ လုပ်ဆောင်ရမည်ဖြစ်ရာ ပြည်သူဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုများကို အကောင်အထည်ဖော်သွားမည့် မြန်မာ့ကျန်းမာရေးရည်မှန်းချက် ၂၀၃၀ ပြည့်နှစ်ကိုသာ မျှော်လင့်ချက်ထားခြင်းဖြင့် ။ ။

❒ ❒ ❒